# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း (၆)ရက် ၊ စနေနေ့ ၊ (21-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၉၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ဒုတိယနေ့ ကျင်းပ**

စာမျက်နှာ - ၁၇

**၇၈ နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ချီးမြှင့်**

စာမျက်နှာ - ၁၆




လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ရောဝတီမြစ်ဆုံ-မြစ်ညာစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားစဉ်။

# ရောဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံ၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်ကာ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်မည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၀ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ရောဝတီမြစ်ဆုံ-မြစ်ညာ စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ ဦးညဏ်ထွန်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မတီဝင်များ၊ လူမှုရေးဆိုင်ရာအသင်းအဖွဲ့များ၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☞

**၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ**

စာမျက်နှာ - ၁၇

**ချင်းအမျိုးသားနေ့ ကျင်းပသည့်နေရာသို့ CDF (ဟားခါး) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက FPV Suicide Drone များဖြင့် တိုက်ခိုက်မှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဟန့်တားနိုင်ခဲ့**

စာမျက်နှာ - ၂၁

**KNPP၊ KNDFအဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများက ဖားဆောင်းမြို့နယ်ရှိ ပွန်ချောင်းတံတားကို ထပ်မံ မိုင်းထောင်ဖောက်ခွဲဖျက်ဆီး**

စာမျက်နှာ - ၂၃


**ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်**

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မြပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)




ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်ကိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com

ရတနာပုံ
၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်
အယ်ဒီတာ့အာဘော်

# နွေရာသီကျောင်းပိတ်ရက်ရှည်အားလပ်ရက်ကို အကျိုးရှိစွာအသုံးချ

ယနေ့ခေတ်သည်ပညာခေတ်ဖြစ်သည်။ ပညာခေတ်တွင်အရာရာနောက်ကျမကျန်ရစ်စေရေးအတွက် မိမိတို့၏ကိုယ်ပိုင်အချိန်ကို အကျိုးရှိစွာ အသုံးချကြရမည်ဖြစ်ပေသည်။ ထို့ကြောင့် အခြေခံပညာကျောင်းများတွင် ပညာသင်နှစ် တစ်နှစ်ကုန်ဆုံးကာ အတန်းတင်စာမေးပွဲများ ဖြေဆိုပြီးသူ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ရှည်အားလပ်ရက်တွင် အချိန်ကို အကျိုးရှိစွာ အသုံးချကြရမည်ဖြစ်သည်။

မိဘများကလည်း မိမိတို့၏သားသမီးများကို နွေရာသီအားလပ်ရက်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် စီမံဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ဦးစွာ နွေရာသီရက်ရှည်အားလပ်ရက်တွင် မိဘများသည်မိမိတို့၏ ကလေးငယ်များကိုအတန်အသင့်အနားပေးသင့်ပြီး မရောက်ဖူးသောဒေသများသို့ မိသားစုအပန်းဖြေခရီးထွက်ခြင်း၊ ဘုရားဖူးသွားခြင်းတို့ကို သွားလာသင့်သည်။ ခရီးသွားခြင်းအားဖြင့် သား၊ သမီးတို့သည် ပြင်ပဗဟုသုတများစွာ ရရှိစေမည့်အပြင် စိတ်ကိုလည်းကြည်နူးလန်းဆန်းစေသောကြောင့် မိဘများက သားသမီးများကျောင်းပိတ်ရက်တွင် မိသားစုအလိုက် အပန်းဖြေခရီးထွက်ကြခြင်းဖြင့် မိသားစုသံယောဇဉ်နွေးထွေးခိုင်မာစေမည်ဖြစ်သည်။

ထို့ပြင် ကလေးငယ်များကို ကျောင်းပိတ်ချိန်အနားပေးပြီးနောက် မိဘများက မိမိတို့၏ သား၊ သမီးတို့ စိတ်ဝင်စားသော သင်တန်းတစ်ခုခုကို ရွေးချယ်တက်ခိုင်းသင့်သည်။ သတိထားသင့်သည်မှာ သားသမီးကို တိုးတက်စေလိုသောဆန္ဒဖြင့် မိဘများသည် ၎င်းတို့၏ကလေးများကို သင်တန်းများ တစ်ခုပြီးတစ်ခု ဆက်တိုက်တက်ခိုင်းခြင်းသည် တိုးတက်မှုမရှိသည့်အပြင် ကလေးငယ်များ၏ သင်ယူနိုင်စွမ်းနှင့် ကျန်းမာရေးကို ထိခိုက်မှုဖြစ်နိုင်သည်။

နွေရာသီပိတ်ရက်ရှည်တွင် အခြေခံပညာကျောင်းသား၊ ကျောင်းသူများသည် ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပန်းချီ၊ မြန်မာ့သိုင်း၊ ရေးဦးသူနာပြု၊ ယဉ်ကျေးလိမ္မာ စသည့်သင်တန်းများအပြင် အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ ရေကူးစသည့်သင်တန်းများကို ရွေးချယ်တက်ရောက်နိုင်သည်။ မိဘများကလည်း ကလေးများ၏ ဝါသနာနှင့်ဆန္ဒကို ဦးစားပေးကာ ၎င်းတို့တက်ရောက်လိုသော သင်တန်းများကို ရွေးချယ်မှုမမှားအောင် အကြံပြုတိုက်တွန်းခြင်းများ ပြုလုပ်ကြခြင်းဖြင့် နွေရာသီအားလပ်ရက်များကို အကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်သည်။

လူမျိုးတိုင်းတွင် သက်ဆိုင်ရာယုံကြည်ကိုးကွယ်မှုဘာသာများရှိကြသည်။ ဘာသာတရား၏အဆုံးအမများလည်းရှိကြသည်။ ထိုသို့ ဘာသာတရား၏ အဆုံးအမများကို လိုက်နာကျင့်ကြံနေထိုင်မည်ဆိုလျှင် လောကကြီးသည် အေးချမ်းနေမည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့၏သားသမီးများကို လိမ္မာယဉ်ကျေးမှုရှိစေရန်၊ မိမိတို့အမြတ်တနိုးတန်ဖိုးထားကိုးကွယ်သော မြတ်စွာဘုရားဘဝဖြစ်စဉ်နှင့် လူမှုကျင့်ဝတ်များကို အခြေခံသိရှိစေရန် ယဉ်ကျေးလိမ္မာသင်တန်းများကိုလည်း နွေရာသီအားလပ်ရက်များတွင် မဖြစ်မနေတက်ရောက်သင်ယူနိုင်ကြရန် မိဘဆရာများက အားပေးတိုက်တွန်းဆောင်ရွက်သင့်ပါသည်။

သို့ဖြစ်ရာ လူငယ်များသည် အနာဂတ်တွင် ကြီးမားသောတာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်စကားအတိုင်း လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံတော်၏တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ကြမည့်သူများဖြစ်သဖြင့် ယခုကဲ့သို့ နွေရာသီရက်ရှည်အားလပ်ရက်တွင် ဘဝအတွက် အကျိုးရှိမည့်ပညာရပ်တစ်ခုခုကို လေ့လာသင်ယူပြီး အချိန်ကို အကျိုးရှိစွာအသုံးချသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၅၉၈၅ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**ကသာ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၅၉၈၅ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၁၈၈၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၅၉၈၅ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၂ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကသာမြို့နယ်မှာ မြေပဲ ၃၁၈၈၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိမှာတော့ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက် မှတ်တမ်းယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။ (၂၀၆)

# စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ကြီးကျေးရွာအုပ်စု ထန်းသုံးပင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ထန်းသုံးပင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းအဖွဲ့ဝင်များနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အဖွဲ့လေးဖွဲ့မှအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ RBF စီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထန်းသုံးပင်ကျေးရွာ၌ နွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေး လုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားပြီး အဖွဲ့လေးဖွဲ့က နွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေး လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# မြန်အောင်မြို့နယ်တွင် ဒေသထွက်ဖရဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**မြန်အောင် ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ဒေသထွက် ဖရဲသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးသူက ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ယခုကာလသည် ဖရဲသီးများပေါ်ချိန်ဖြစ်ပြီး ဖေဖော်ဝါရီလမှ ယနေ့ထိ ဖရဲသီးများ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဖရဲသီးများကို ဒေသဈေးကွက်အပြင် အခြားဒေသများကပါ ဝယ်ယူနေခြင်းကြောင့် အရောင်းအဝယ် ကောင်းမွန်နေခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိဖရဲသီးတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒေသဈေးကွက်အပြင် အခြားဒေသကပါ ဝယ်ယူအား ကောင်းနေတာပါ။ အရောင်းအဝယ်ဖြစ်နေတဲ့ ဖရဲသီးတွေက အရည်အသွေးကောင်းပါတယ်။ ဒေသထွက်ကုန် ဖရဲသီးတွေ အရောင်းအဝယ်ကောင်းနေတော့ တောင်သူတွေ၊ လုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေကြပါတယ်"ဟု မြန်အောင်မြို့နယ် သစ်သီးမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးသူက ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ဖရဲသီးကို မြေနုကျွန်းကျေးရွာများ၌ အများဆုံးစိုက်ပျိုးကြပြီး ကျေးရွာ ၁၄ ရွာမှ ဒေသခံ ၁၀၄ ဦးက တစ်ဦးလျှင် တစ်ဧကမှငါးဧကထိ စိုက်ပျိုးကြကြောင်း၊ လက်ရှိဖရဲသီးအကြီး တစ်လုံးလျှင် ငွေကျပ် ၃၅၀၀ မှ ၉၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၁၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းလှမြို့နယ် ကိုင်းပြင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကိုင်းပြင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကိုင်းပြင်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၃၄ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၅ သန်းနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၅ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အေးမြတ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး သီလရှင်ဆောင်ကြီးကြပ်ရေး အမျိုးသမီး ဆပ်ကော်မတီအလှူရှင်အဖွဲ့က တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ၇၀၀၀၀၀၊ ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များ အတွက် ငွေကျပ် ၅၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၂၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် စာရင်းစစ်ဆေးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကြည်တို့က လက်ခံရယူစဉ်။

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကန့်ဘလူ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲကေ အားလုံး ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၆၉၈၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကုလားပဲကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၅ ဒသမ ၄၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၆၉၈၅ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း(၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ကေ စိုက်ပျိုးပါက ငွေကျပ် သုံးသိန်း ကျော်ကုန်ကျကြောင်း သိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပျော်ဘွယ်မြို့နယ် မင်းလှသာစည်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပျော်ဘွယ် ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနက မင်းလှသာစည်ကျေးရွာ၌ RBF စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မင်းလှသာစည်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက မင်းလှသာစည်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပျော်ဘွယ်မြို့နယ် မင်းလှသာစည်ကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသည့် အောင်မြေစည်၊ မိုးမြင့်မိုး၊ မြင့်မားအောင်၊ တိုးပွားကြီးအသင်းအဖွဲ့ လေးဖွဲ့ကို RBF စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ရောပဒေသာစပါး တင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဇလွန် ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ရောပဒေသာစပါး တင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ရောပဒေသာစပါး တင်းရေ ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ရောပဒေသာစပါး တင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လအတွင်း ရောပဒေသာစပါး တင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ရောပဒေသာစပါးက ပြည်ပဈေးကွက်ရှိတဲ့ စပါးအမျိုးအစား ဖြစ်ပါတယ်။ အဲဒီ ရောပဒေသာစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာ ဖြစ်ပါတယ်။ လက်ရှိလဲ ရောပဒေသာစပါးက အဝယ်လိုက်နေဆဲဖြစ်ပါတယ်။ စပါးတွေကို တင်ပို့ရောင်းချတဲ့အခါမှာလဲ ကုန်းလမ်းကြောင်းကို အားထားတင်ပို့ပါတယ်"ဟု ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာစပါးများသည် အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။

ဇလွန်မြို့နယ်မှ ထွက်ရှိသည့် ရောပဒေသာစပါးများအရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဆီးဖြူသီး၏ကျန်းမာရေးအကျိုးကျေးဇူးများ

ဒေါက်တာလပြည့်ခင်

**ဆီးဖြူသီး(Goose Berry)**

အချဉ်၊ အဖန်အရသာ အနည်းငယ်ရှိသော အစိမ်းရောင်ဖျော့ဖျော့ ဆီးဖြူသီး၏ ကျန်းမာရေး အကျိုးကျေးဇူးများကို ဖော်ပြချင်ပါသည်။ အိန္ဒိယနှင့် အရှေ့တောင်အာရှဒေသများတွင် ပေါက်ရောက်သော ဆေးဖက်ဝင်ဆီးဖြူသီးကို အင်္ဂလိပ်လို Goose Berry ဟုခေါ်ပြီး ရုက္ခဗေဒအမည်မှာ Phyl-lanthus Acidus ဖြစ်ကာ Euphorbiaceae မျိုးရင်းဝင်ဖြစ်သည်။ ဆီးဖြူသီးကိုကြော်စားခြင်း၊ ထောင်းစားခြင်း၊ အချဉ်စိမ်ခြင်း၊ သနပ်ပြုလုပ်ခြင်းတို့ရှိကြသကဲ့သို့ ဆီးဖြူသီးတွင် ဗီတာမင် C နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သောကြောင့် ဆီးဖြူသီးကို ကိုယ်ဝန်ဆောင်စဉ်အပါအဝင် လူတိုင်းနေ့စဉ်ပုံမှန်စားသုံးပေးမည်ဆိုပါက သက်ရှည်ကျန်းမာစေမည်ဟု ဆိုကြသည်။

**ဆီးဖြူသီး၏အာဟာရအကျိုးကျေးဇူးများ**

ဆီးဖြူသီးတွင် ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော မရှိမဖြစ်လိုအပ်သည့် ရေဓာတ်၊ အဆီဓာတ်၊ ကာဗိုဟိုက်ဒရိတ်နှင့် အာဟာရဓာတ်များ ကြွယ်ဝစွာပါရှိပြီး အထူးသဖြင့် ဗီတာမင် C၊ ဗီတာမင် A နှင့် အမျှင်ဓာတ်များ ကြွယ်ဝသည့်အပြင် ပိုတက်စီယမ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ သံဓာတ်နှင့် ဖော့စဖရတ်ကဲ့သို့သော ဗီတာမင်နှင့် သတ္တုဓာတ်များ စွာပါဝင်သည်။ ဆီးဖြူသီး၏ ထူးခြားသည့်အာဟာရအကျိုးကျေးဇူးများအနက် တစ်ခုမှာဗီတာမင် C ပါဝင်မှုမြင့်မားခြင်းဖြစ်ပြီး လူတစ်ဦး တစ်ရက်လျှင်ရှိရမည့် ဗီတာမင် C ဓာတ်၏ ၅၀ ရာခိုင်နှုန်းကျော်ကို ပေးစွမ်းနိုင်ပြီး ကိုယ်ခံစွမ်းအားကိုမြှင့်တင်ရန်နှင့် ရောဂါပိုးများကို တိုက်ဖျက်ရန်အထူးကောင်းမွန်သော ဖြည့်စွက်စာတစ်ခုဖြစ်သည်။ ထို့ပြင် ဆီးဖြူသီးတွင် ခန္ဓာကိုယ်အတွင်းရှိ အန္တရာယ်ရှိသော ဖရီးရယ်ဒီကယ်များကို ချေဖျက်ရာတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်ပြီး Oxidative Stress နှင့် ရောင်ရမ်းမှုကို လျှော့ချရာတွင် ကူညီပေးသည့် Polyphenols နှင့် Flavonoids မြင့်မားစွာပါဝင်သော ဓာတ်တိုးဆန့်ကျင်အာနိသင်များ ကြွယ်ဝစွာ ပါဝင်သည်။

**ကိုယ်ခံစွမ်းအားစနစ်ပံ့ပိုးပေးခြင်း**

ဆီးဖြူသီးတွင် ဗီတာမင် C မြင့်မားစွာ ပါဝင်မှုကြောင့် ကိုယ်ခံစွမ်းအားစနစ်ကို မြှင့်တင်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည်။ ဆီးဖြူသီးကို ပုံမှန်စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်တွင်းရှိ ရောဂါပိုးမွှားများ တွန်းလှန်ပေးနိုင်ပြီး အလုံးစုံကျန်းမာရေးနှင့် ကျန်းမာပျော်ရွှင်မှုကို မြှင့်တင်ပေးနိုင်သည်။ ကိုယ်ခံစွမ်းအားစနစ်ကိုကောင်းမွန်စေပြီး ခန္ဓာကိုယ်တွင်းထဲက အဆိပ်အတောက်များကို ဖယ်ရှားကာ ခန္ဓာကိုယ်၏ခုခံအားစနစ်ကို တိုးစေနိုင်သည်။

**ကိုယ်အလေးချိန်ကျစေခြင်း**

ဆီးဖြူသီးက ခန္ဓာကိုယ်၏ ဇီဝတွင်းဖြစ်ပျက်ပြောင်းလဲမှုဖြစ်စဉ်ကို မြှင့်တင်ပေးပြီး အဆီများစုပုံမှုကိုလျှော့ချပေးနိုင်ကာ အဆာခံစေနိုင်သောကြောင့် ကိုယ်အလေးချိန်ကို လျှော့ချရာတွင် အထောက်အကူပြုနိုင်သည်။

**အူလမ်းကြောင်းကိုကျန်းမာစေခြင်း**

ဆီးဖြူသီးတွင် ကျန်းမာသောအစာခြေစနစ်ကို ထိန်းသိမ်းရန်အတွက် မရှိမဖြစ်လိုအပ်ပြီး အလွန်ကောင်းမွန်သော အရင်းအမြစ်တစ်ခုဖြစ်သည့် အမျှင်ဓာတ်ပါဝင်သောကြောင့် ဆီးဖြူသီးစားသုံးခြင်းဖြင့် အူလမ်းကြောင်းလှုပ်ရှားမှုကို ထိန်းညှိပေးနိုင်ပြီး အစာခြေလမ်းကြောင်းဆိုင်ရာ ချို့ယွင်းမှုဖြစ်နိုင်ခြေကိုလျှော့ချပေးကာ အူလမ်းကြောင်းတစ်ခုလုံးကို ကျန်းမာစေသည်။

**နှလုံးကျန်းမာရေးကောင်းစေခြင်း**

ဆီးဖြူသီးတွင် နှလုံးအတွက်အကျိုးပြုနိုင်သည့် အာဟာရဓာတ်များ၊ ဓာတ်တိုးဆန့်ကျင် အာနိသင်များနှင့် အမျှင်ဓာတ်များ မြင့်မားစွာပါဝင်သောကြောင့် နှလုံးသွေးကြောပိတ်ခြင်းများ မဖြစ်အောင်ကာကွယ်ပေးသကဲ့သို့ သွေးတွင်းမှအကျိုးမပြုသည့် ကိုလက်စထရောများကိုလည်း လျှော့ချပေးသည်။ နှလုံးကြွက်သားများကို ကျန်းမာစေပြီး ကိုလက်စထရောပမာဏကို လျှော့ချပေးနိုင်သည့်အပြင် သွေးမတိုးအောင်လည်း ထိန်းညှိပေးပြီး နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ကျစေသည်။ ဆီးဖြူသီးက အကျိုးပြုကိုလက်စထရောများ တိုးပွားလာအောင် လုပ်ဆောင်ပေးပြီး နှလုံးသွေးကြောများထဲတွင် အဆီများ စုပုံပိတ်ဆို့ခြင်းမျိုးမဖြစ်စေရန် ကာကွယ်ပေးသည်။ ဆီးဖြူသီးက နှလုံးသွေးကြောစနစ်ကို ကောင်းမွန်စေနိုင်ပြီး ဆီးဖြူသီးတွင် ပိုတက်စီယမ် ပါဝင်သောကြောင့် သွေးဖိအားကို ထိန်းညှိပေးနိုင်သည်။

**ဆံသားကိုသန်စွမ်းနက်မှောင်စေခြင်း**

ဆီးဖြူသီးတွင် ဗီတာမင် C ကြွယ်ဝစွာပါဝင်သောကြောင့် ဆံပင်မကျွတ်အောင် ကာကွယ်ပေးနိုင်သကဲ့သို့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကလည်း ဆံပင်ကိုသန်စွမ်းနက်မှောင်စေပြီး ဖောက်လည်းကင်းစေသည်။ ကျန်းမာသန်စွမ်းသည့် ဆံကေသာကို ပိုင်ဆိုင်နိုင်စေရန် ဆီးဖြူသီးကို အသုံးပြုပေးနိုင်သည်။

**မျက်လုံးကျန်းမာရေးကောင်းစေခြင်း**

ဆီးဖြူသီးတွင် ဗီတာမင် A ပမာဏများစွာ ပါဝင်သောကြောင့် မျက်လုံးကျန်းမာရေးကို ကောင်းမွန်စေပြီး အသက်အရွယ်ကြီးရင့်ခြင်းကြောင့် ဖြစ်ပေါ်ခံစားရသည့် အမြင်အာရုံဆုံးရှုံးမှုမဖြစ်စေရန်လည်း ကာကွယ်ပေးသည်။ ဆီးဖြူသီးတွင် ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းက မျက်ကြည်လွှာကို Oxidative Stress များကြောင့် ပျက်စီးမှုမှကာကွယ်ပေးပြီး ရေတိမ်ဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးသည်။ ဆီးဖြူသီးကိုရေစိမ်ထားသည့် အရည်နှင့် မျက်စဉ်းခတ်ပေးလျှင် အမြင်အာရုံကို ကြည်လင်စေမည်ဖြစ်သည်။ ဆီးဖြူသီးကို ပုံမှန်စားသုံးပေးခြင်းဖြင့် အသက်အရွယ်နှင့်ဆိုင်သော မက်ကူလာယိုယွင်းခြင်းကို ကာကွယ်ပေးနိုင်ပြီး မျက်စိကျန်းမာရေးကို အလုံးစုံကောင်းမွန်စေနိုင်သည်။

**နှာခေါင်းသွေးလျှံခြင်းကိုသက်သာစေခြင်း**

နှာခေါင်းသွေးလျှံပါက ဆီးဖြူသီးအရည်ကို နှာခေါင်းထဲသို့အစက်ချပေးခြင်းဖြင့် နှာခေါင်းသွေးလျှံခြင်းကို သက်သာစေမည်ဖြစ်သည်။

**ကင်ဆာတိုက်ထုတ်နိုင်ခြင်း**

ဆီးဖြူသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်း ကြွယ်ဝစွာပါဝင်သောကြောင့် Carcinogenic Cell များကြီးထွားမှုကို ကန့်သတ်ပေးခြင်းဖြင့် ကင်ဆာမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ ဆီးဖြူသီးတွင် ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက အန္တရာယ်ရှိသည့် ဖရီးရယ်ဒီကယ်များကို ကန့်သတ်ထိန်းချုပ်ပေးသောကြောင့် အစာအိမ်ကင်ဆာ၊ အရေပြားကင်ဆာနှင့် အသည်းကင်ဆာများမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ ကင်ဆာကျိတ်များ ကြီးမလာအောင်လည်း ထိန်းသိမ်းပေးသည်။ ဆီးဖြူသီးတွင် ကင်ဆာဆေးများ၏ ဘေးထွက်ဆိုးကျိုးများကို တုံ့ပြန်နိုင်သည့်အစွမ်းလည်းရှိသည်။



**မျိုးပွားစနစ်ကို ကောင်းမွန်စေခြင်း**

ဆီးဖြူသီးက မျိုးပွားမှုဆိုင်ရာတစ်ရှူးများ အပါအဝင် ခန္ဓာကိုယ်၏ တစ်ရှူးခုနစ်မျိုးကို အားဖြည့်ပေးသည်။ ဆီးဖြူသီးက အမျိုးသားမျိုးပွားအင်္ဂါစနစ်နှင့်အမျိုးသမီးမျိုးပွားအင်္ဂါစနစ်ကို ကောင်းမွန်စေရန် ထောက်ပံ့ပေးသည်။

**သွေးအားနည်းခြင်းကိုသက်သာစေခြင်း**

ဆီးဖြူသီးတွင် သံဓာတ်ပါဝင်မှုများသောကြောင့် သွေးဖြူဥပမာဏကိုတိုးစေပြီး သွေးအားနည်းရောဂါ မဖြစ်အောင် ကာကွယ်ပေးသည်။ ဆီးဖြူသီးမှုန့်ကို ပျားရည်နှင့်သောက်ပေးမည်ဆိုပါက သွေးသန့်စေမည်ဖြစ်သည်။

**ကျောက်ကပ်ကျောက်တည်ခြင်းကို သက်သာစေခြင်း**

ဆီးဖြူသီးအမှုန့်ကို မုန်လာဥအဖြူနှင့် တွဲဖက်စားပေးပါက ကျောက်ကပ်ကျောက်တည်ခြင်းကို သက်သာစေနိုင်ပြီး အနာပဆုပ်ဖြစ်ပေါ်ပါက ဆီးဖြူသီးကို မီးဖုတ်၍အုံပေးနိုင်ကြောင်း သိရသည်။

**ဇီဝဖြစ်စဉ်လုပ်ဆောင်မှုကိုမြှင့်တင်ပေးခြင်း**

ဆီးဖြူသီးသည် ဇီဝဖြစ်စဉ်လုပ်ဆောင်မှုကို မြှင့်တင်ပေးပြီး ကိုယ်အလေးချိန်ကိုထိန်းညှိပေးကာ စွမ်းအင်အဆင့်အားလုံးကို ကူညီပေးသည်။ ဆီးဖြူသီးတွင်ပါဝင်သည့် အမျှင်ဓာတ်က သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိရာတွင် ကူညီပေးသောကြောင့် ဆီးချိုရောဂါသည်များအတွက် သင့်လျော်သည်။

**အရေပြားကိုကျန်းမာစေခြင်း**

ဆီးဖြူသီးတွင်ပါဝင်သည့် ဗီတာမင် C နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက သွေးသန့်စေပြီး အရေပြားကို ကြည်လင်ဝင်းပစေကာ အဆိပ်အတောက်များကို ဖယ်ရှားပေးသည်။ အရေပြားတွင် ဆီးဖြူသီးအရည်ကိုလိမ်း၍ဖြစ်စေ၊ အနှစ်ကြိတ်ပြီးလိမ်း၍ဖြစ်စေပြုလုပ်ခြင်းဖြင့် အသားအရေကို ကြည်လင်နုးညံ့စေမည်ဖြစ်သည်။ ဝက်ခြံများနှင့် ဝက်ခြံအမာရွတ်များကို ကင်းစေပြီး ချွေးပေါက်များကို ကျဉ်းစေကာအရေပြားတွင်ဖြစ်တတ်သော ရောဂါများမဖြစ်စေရန်လည်း ကာကွယ်ပေးသည်။ ဖရီးရယ်ဒီကယ်များကြောင့် အစက်အပြောက်များ၊ အရေးအကြောင်းများ၊ အသားအရေရောင်ရမ်းခြင်းကဲ့သို့ အရေပြားပျက်စီးမှုများကို လျှော့ချပေးပြီး အရွယ်နုပျိုစေရန်လည်း ထောက်ကူပေးသည်။ ဆီးဖြူသီးမှုန့်ကို စားပေးခြင်းဖြင့် အသားဖြူစေခြင်း၊ အရေပြားဓာတ်မတည့်ခြင်းနှင့် နှင်းခူရောဂါကို သက်သာစေရန်ထောက်ကူပေးသည်။ ဗီတာမင် C ကြွယ်ဝသော ဆီးဖြူသီးမှာ အသားအရေကို နုပျိုစေရန် ထောက်ကူပေးပြီး အရွယ်မတိုင်မီအိုမင်းခြင်းမျိုးမဖြစ်စေရန် ကာကွယ်ပေးကာ အသားအရေအတွက်လိုအပ်သည့် အာဟာရများကို ပြည့်ဝစေရန် ထောက်ကူပေးသည်။

**အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို သက်သာစေခြင်း**

ဆီးဖြူသီးတွင် ဗီတာမင် C ကြွယ်ဝစွာပါဝင်မှုကြောင့် အအေးမိခြင်း၊ ချောင်းဆိုးခြင်းကဲ့သို့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို သက်သာစေနိုင်သည့် အာနိသင်ရှိသည်။ ဆီးဖြူသီးက ကိုယ်ခံအားကိုတိုးတက်စေပြီး တုပ်ကွေးဖြစ်ခြင်းနှင့် လည်ချောင်းအတွင်း ပိုးကူးစက်မှုများကို လျော့ပါးစေသည်။ ထို့ပြင် နာတာရှည်ချောင်းဆိုးခြင်း၊ တီဘီရောဂါတို့ကို ကုသရာတွင် အထောက်အကူပြုသကဲ့သို့ ပန်းနာရင်ကျပ်ရောဂါလက္ခဏာများကိုလည်း သက်သာစေနိုင်သည်။

**အရိုးများကိုကြံ့ခိုင်သန်စွမ်းစေခြင်း**

ဆီးဖြူသီးတွင် ရောင်ရမ်းမှုကိုလျော့ကျစေနိုင်သည့် အစွမ်းသတ္တိရှိသောကြောင့် လေးဖက်နာဝေဒနာသည်များတွင် အရိုးအဆစ်များ ရောင်ရမ်းနာကျင်မှုများကို သက်သာစေသည်။ ဆီးဖြူသီး၏အဆီအနှစ်က အရိုးများကိုပျက်စီးစေနိုင်သည့် Osteoclasts ဆဲလ်များ၏ လုပ်ဆောင်မှုကို နှေးကွေးစေနိုင်ကြောင်း တွေ့ရှိထားသည်။

**ဆီးချိုကိုသက်သာစေခြင်း**

ဆီးဖြူသီးတွင် သကြားဓာတ်ပါဝင်မှုနည်းပြီး အမျှင်ဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်း ကြွယ်ဝစွာပါဝင်သောကြောင့် ဆီးချိုဝေဒနာရှင်များ၏ သွေးတွင်းသကြားဓာတ်ကို ကျဆင်းစေနိုင်ပြီး ခရိုမီယမ်ကြွယ်ဝစွာပါဝင်သောကြောင့် ဆီးချိုသမားများစားသုံးရန် သင့်လျော်သည်။

**အစာကြေစေနိုင်စွမ်းရှိခြင်း**

ဆီးဖြူသီးတွင် အမျှင်ဓာတ်ကြွယ်ဝခြင်းကြောင့် အူမကြီးနှင့် အစာခြေအူလမ်းကြောင်း သန့်ရှင်းအောင်လုပ်ဆောင်ပေးကာ အစာခြေစနစ်ကို အားဖြည့်ပေးပြီး ခန္ဓာကိုယ်၏အာဟာရဓာတ်စုပ်ယူနိုင်စွမ်းကို တိုးတက်စေသည်။ ဆီးဖြူသီး၏ ချဉ်ပြီးဖန်သည့်အရသာက အစာခြေအင်ဇိုင်းများထွက်လာအောင် လှုံ့ဆော်ပေးကာ အေးမြပြီး ဝမ်းသွားစေနိုင်သည့် အာနိသင်များရှိသောကြောင့် ဝမ်းလျှောခြင်းကိုကုသရာတွင် အသုံးပြုနိုင်သည်။ ထို့ကြောင့် ဆီးဖြူသီးသည် ဝမ်းချုပ်ခြင်းနှင့် အူမကြီးဆိုင်ရာဝေဒနာများကို သက်သာစေနိုင်သည့် သဘာဝဆေးတစ်မျိုးဟုဆိုနိုင်သည်။

**ကူးစက်ရောဂါများကိုတိုက်ဖျက်ပေးခြင်း**

ဆီးဖြူသီးတွင်ပါရှိသည့် ပိုးမွှားများကို သေစေနိုင်သည့် အစွမ်းသတ္တိက ခန္ဓာကိုယ်၌ ဘက်တီးရီးယားများနှင့် မှိုပိုးများကြောင့်ဖြစ်ပေါ်သည့် ကူးစက်ရောဂါများမဖြစ်အောင် တိုက်ထုတ်ရာတွင် အထောက်အကူပေးသည်။

**စိတ်ဖိစီးမှုကိုသက်သာစေခြင်း**

ဆီးဖြူသီးက စိတ်ဖိစီးမှုကိုလျော့ပါးစေပြီး အိပ်ပျော်စေသည့် ဂုဏ်သတ္တိရှိသောကြောင့် ဦးရေပြားကို ဆီးဖြူသီးအဆီလူးပြီး နှိပ်နယ်ပေးပါက

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ဧက ၅၆၄၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ဧက ၅၆၄၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၆၆၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် နေကြာ ဧက ၅၆၄၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် နေကြာ ၁၈ ဒသမ ၃၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နေကြာ ၁၅၆၆၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေကို လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့မှာ ဧက ၅၆၄၀ ထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ နေကြာအချိန်မီ ရိတ်သိမ်းကြဖို့နဲ့ ရိတ်သိမ်းပြီးတဲ့ နေကြာတွေကို အရည်အသွေး ကောင်းမွန်အောင် စနစ်တကျ ထားသိုထိန်းသိမ်းကြဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်တောင်သူများကို စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

á **စာမျက်နှာ ၄ မှအဆက်**

အိပ်ပျော်စေမည်ဖြစ်သကဲ့သို့ ခေါင်းကိုက်ခြင်းကို သက်သာစေနိုင်သည်။ ရေမချိုးခင်ဆီးဖြူသီးအဆီကို ဦးရေပြားတွင် လိမ်းပေးခြင်းဖြင့် ကြက်မျက်သင့်ခြင်းနှင့် မအီမသာဖြစ်ခြင်းကို သက်သာစေနိုင်သည်။

**ရောင်ရမ်းမှုသက်သာစေခြင်း**

ဆီးဖြူသီး၏ ရောင်ရမ်းမှုကို ဆန့်ကျင်သည့်ဂုဏ်သတ္တိများက ၎င်းတို့၏မြင့်မားသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းပါဝင်မှုကြောင့် ရောင်ရမ်းမှုကိုလျှော့ချနိုင်ပြီး ၎င်းအခြေအနေများနှင့် ဆက်စပ်သော ရောဂါလက္ခဏာများကို သက်သာစေနိုင်သည်။

**စိတ်ကျန်းမာရေးကောင်းမွန်စေခြင်း**

ဆီးဖြူသီးတွင် သံဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် အောက်ဆီဂျင်လည်ပတ်မှုကို တိုးတက်စေပြီး ဦးနှောက်ပျက်စီးမှုမှ ကာကွယ်ပေးသည်။ ဆီးဖြူသီးက သွေးလည်ပတ်မှုကို ကောင်းမွန်စေသောကြောင့် အာရုံကြောကျန်းမာရေးကို ကောင်းမွန်စေပြီး ဆီးဖြူသီးနေ့စဉ်စားသုံးပေးမည်ဆိုပါက အာရုံစိုက်မှုနှင့်မှတ်ဉာဏ်ကို ပိုမိုကောင်းမွန်စေနိုင်သည်။ ဖရီးရယ်ဒီကယ်များကြောင့် အာရုံကြောဆဲလ်များ ပျက်စီးမှု မဖြစ်စေရန်၊ မှတ်ဉာဏ်ချို့ယွင်းခြင်းနှင့် အယ်လ်ဇိုင်းမားရောဂါများ မဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။

**ကိုယ်ဝန်ဆောင်ကာလတွင် ဆီးဖြူသီး၏ အကျိုးကျေးဇူးများ**

ဆီးဖြူသီးသည် ကိုယ်ဝန်ဆောင်ချိန်တွင် အထူးအကျိုးပြုသည့် မရှိမဖြစ်လိုအပ်သော အာဟာရများစွာကို ပေးစွမ်းသည့်အပြင် ဗီတာမင် C မြင့်မားစွာပါဝင်မှုကြောင့် သံဓာတ်စုပ်ယူမှုကို ဟန့်တားပြီး ကိုယ်ဝန်ဆောင်ချိန်တွင်အဖြစ်များသည့် သွေးအားနည်းရောဂါမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။ ကိုယ်ဝန်ဆောင်ကာလသည် အကောင်းဆုံးအာဟာရလိုအပ်သော အရေးကြီးကာလဖြစ်သည့်အားလျော်စွာ ဆီးဖြူသီးသည် ကိုယ်ဝန်ဆောင်မိခင်၏ အစားအသောက်အတွက် အဖိုးတန်သောဖြည့်စွက်စာတစ်ခုဖြစ်နိုင်ပြီး ကျန်းမာရေးအကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သည်။ ကိုယ်ဝန်ဆောင်ချိန်တွင် မကြာခဏဖြစ်ပေါ်တတ်သည့် အစာခြေလမ်းကြောင်းဆိုင်ရာပြဿနာများအတွက် အမျှင်ဓာတ်ပါဝင်မှုမြင့်မားသော ဆီးဖြူသီးကိုစားခြင်းဖြင့် ဝမ်းချုပ်ခြင်းရောဂါလက္ခဏာများကို သက်သာစေပြီး ကိုယ်ဝန်ဆောင်ချိန်တွင် အစာခြေစနစ်ကိုကောင်းမွန်စေသည်။ မိခင်နှင့် ဖွံ့ဖြိုးဆဲသန္ဓေသားကိုကာကွယ်ရန်အတွက် ကိုယ်ဝန်ဆောင်ချိန်တွင် ခိုင်မာသည့် ကိုယ်ခံအားစနစ်က မရှိမဖြစ်လိုအပ်ပြီး ဆီးဖြူသီး၏ကိုယ်ခံအားကို မြှင့်တင်ပေးသည့် ဂုဏ်သတ္တိများက ကျန်းမာသော ကိုယ်ဝန်ရရှိရန် ကူညီပေးနိုင်သည်ဟု သိရှိရသည်။

**အနှစ်ချုပ်**

ဆေးဖက်ဝင်သည့်ဆီးဖြူသီးကို အစာအာဟာရအနေဖြင့် ကြော်စားခြင်း၊ ထောင်းစားခြင်းပြုလုပ်နိုင်ပြီး ဗီတာမင် C နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများလည်း ကြွယ်ဝစွာပါဝင်သောကြောင့် နေ့စဉ်ပုံမှန်စားသုံးပေးမည်ဆိုပါက နှလုံးသွေးကြောကျန်းမာရေးကို ပိုမိုကောင်းမွန်စေခြင်း၊ အသားအရေကောင်းမွန်ခြင်း၊ အရွယ်တင်နုပျိုခြင်း၊ အရေပြားယားယံမှုကို သက်သာစေခြင်းနှင့် အမြင်အာရုံကောင်းမွန်ခြင်းအပါအဝင် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ဖြစ်ပေါ်စေနိုင်ပြီးသက်ရှည်ကျန်းမာစေမည်ဟုဆိုကြကြောင်းနှင့် ဘေးထွက်ဆိုးကျိုးရှိသူများအနေဖြင့် ချင့်ချိန်စားသုံးသင့်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

# တို့နိုင်ငံ တိုးတက်ဖို့

- တို့နိုင်ငံ အကျိုးတွက်
တိုးတက်ဖို့ ရှေ့ရေးမျှော်၊
တို့တစ်တွေ လက်ဆင့်ကမ်း
ကြိုးပမ်းစို့နော်၊
တစ်စိတ်တစ်ဝမ်းတည်း မခွဲသော်
အမြဲတော်မည့် လူသားများ၊
တို့ရေမြေ အလှလွှမ်း၍
ငြိမ်းချမ်းစေသား။

- သွေးကွဲကာ အချင်းမများနှင့်
ကျားဆွဲမည့် ဘေးကိုမြင်၊
တို့နိုင်ငံ အရှည်ခံ့လို့
တည်တံ့စေချင်၊
ခေတ်မီဖွံ့ဖြိုး တိုးတက်လျှင်
မျိုးဆက်ပင် ရွှေရောင်လွှမ်း၊
ကမ္ဘာ့အလယ် ဝင့်ထည်လျက်
တင့်တယ်မည့်ပန်း။

- မျိုးချစ်စိတ် မပျက်တမ်း
လက်ကမ်းလို့ ချစ်ကြည်ဖြူ၊
တိုင်းရင်းသား အင်အားဖွဲ့
ထင်ရှားခဲ့မူ၊
အခက်ခဲများ မညည်းညူ
အနိုင်ယူ အောင်လံလွှင့်၊
တို့ခေတ်မှာ ဆထမ်းပိုး
ဖွံ့ဖြိုးဂုဏ်တင့်။ ။

**ကိုရွှေတောသား(ဆင်ကူး)**

# မင်းဘူးမြို့နယ် ပေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေကုန်းကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၉ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပေကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် သိန်း ၂၈၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၀၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၃၁ သိန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ခုနစ်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၁ ဦးကို ရန်ပုံငွေကျပ် ၄၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဇင်မာ**

## နိုင်ငံတကာ သတင်းများ

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဦးဆောင်သည့် ငြိမ်းချမ်းရေးဘုတ်အဖွဲ့ ပထမဆုံးဆွေးနွေးပွဲ ဝါရှင်တန်မြို့၌ ကျင်းပ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**

ဂါဇာကမ်းမြောင် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် ကနဦးရန်ပုံငွေ အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံ မတည်ပေးရန် ငြိမ်းချမ်းရေးဘုတ်အဖွဲ့ဝင်နိုင်ငံများက ကတိပြုထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဖေဖော်ဝါရီ ၁၉ ရက်တွင် ကြေညာခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဝါရှင်တန်မြို့၌ ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျင်းပခဲ့သော ငြိမ်းချမ်းရေးဘုတ်အဖွဲ့ ပထမဆုံးဆွေးနွေးပွဲတွင် သမ္မတဒေါ်နယ်ထရမ့်က အဆိုပါအတိုင်း ကြေညာခဲ့ခြင်းဖြစ်သည်။




ဂါဇာဒေသ ပြန်လည်တည်ဆောက်ရေးအတွက် ကနဦးရန်ပုံငွေ အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံ မတည်ပေးမည့်နိုင်ငံများထဲတွင် ကာဇက်စတန်၊ အဇာဘိုင်ဂျန်၊ ယူအေအီး၊ မော်ရိုကို၊ ဘာရိန်း စသည့်နိုင်ငံတို့ပါဝင်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ ကိုယ်တိုင်က ငြိမ်းချမ်းရေး ဘုတ်အဖွဲ့အတွက် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ထည့်ဝင်ပေးမည် ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က အတည်ပြုကြေညာခဲ့သည်။

ငြိမ်းချမ်းရေးဘုတ်အဖွဲ့ ပထမဆုံးဆွေးနွေးပွဲတွင် ဘုတ်အဖွဲ့ဝင်နိုင်ငံများနှင့် အခြားကမ္ဘာ့နိုင်ငံ စုစုပေါင်း ၄၇ နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

သမ္မတဒေါ်နယ်ထရမ့် ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးဘုတ်အဖွဲ့၌ ပါဝင်သည့် နိုင်ငံအများစုမှာ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများဖြစ်ကြကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဂျီ-၇ ထိပ်သီးညီလာခံတက်ရောက်ရေးအတွက် ဘရာဇီးသမ္မတကို ပြင်သစ်သမ္မတ ဖိတ်ကြား



**နယူးဒေလီ ဖေဖော်ဝါရီ ၂၀**

လာမည့် ဇွန်လအတွင်းကျင်းပမည့် ဂျီ-၇ အုပ်စု ထိပ်သီးညီလာခံ တက်ရောက်ရန် ပြင်သစ်သမ္မတ မက်ခရွန်က ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားကို ဖိတ်ကြားထားကြောင်း ဖေဖော်ဝါရီ ၁၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပခဲ့သော လူ့ဉာဏ်ရည်တုနည်းပညာ(အေအိုင်) ထိပ်သီးညီလာခံကာလ သီးခြားတွေ့ဆုံဆွေးနွေးစဉ် ဂျီ-၇ ထိပ်သီးညီလာခံ တက်ရောက်ရန် ဘရာဇီးသမ္မတကို ပြင်သစ်သမ္မတက ဖိတ်ကြားခဲ့ခြင်း ဖြစ်သည်။

နယူးဒေလီမြို့၌ တွေ့ဆုံစဉ် ပြင်သစ်သမ္မတနှင့် ဘရာဇီးသမ္မတတို့သည် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကိစ္စများအပါအဝင် နိုင်ငံတကာပြဿနာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဂျီ-၇ ထိပ်သီးညီလာခံတက်ရောက်ရေးအတွက် ပြင်သစ်သမ္မတ၏ ဖိတ်ကြားချက်ကို ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက လက်ခံခြင်း ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

ယခုနှစ် ဂျီ-၇ ထိပ်သီးညီလာခံကို လာမည့် ဇွန် ၁၅ ရက်မှ ၁၇ ရက်ထိ ပြင်သစ်နိုင်ငံ အက်ဗီယန်ဒေသ၌ ကျင်းပမည်ဖြစ်သည်။

ဂျီ-၇ အုပ်စုတွင် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံကြီးများဖြစ်ကြသည့် ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ဗြိတိန်၊ အမေရိကန်၊ ဥရောပသမဂ္ဂတို့အဖွဲ့ဝင်အဖြစ် ပါဝင်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အလုပ်သမားပါတီ နဝမအကြိမ်ညီလာခံ ပြုံယမ်းမြို့၌ မြောက်ကိုရီးယား စတင်

**ပြုံယမ်း ဖေဖော်ဝါရီ ၂၀**

မြောက်ကိုရီးယား နိုင်ငံသည် လက်ရှိအာဏာရ ကိုရီးယား အလုပ်သမားပါတီ နဝမအကြိမ်ညီလာခံကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြုံယမ်းမြို့၌ စတင်ကျင်းပနေပြီဖြစ်ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကိုရီးယား အလုပ်သမားပါတီ နဝမအကြိမ် ညီလာခံကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန် ကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားနိုင်ငံ အနေဖြင့် ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း အဓိကစီးပွားရေးရည်မှန်းချက်များကို အပြည့်အဝဖော်ဆောင်နိုင်ခဲ့ကြောင်း ညီလာခံဖွင့်ပွဲမိန့်ခွန်းတွင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။




ကိုရီးယား အလုပ်သမားပါတီ နဝမအကြိမ်ညီလာခံတွင် ပါတီကိုယ်စားလှယ်ဦးရေ ၅၀၀၀ ခန့် ပါဝင် တက်ရောက်ခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာန၏ အဆိုအရ သိရသည်။

အဆိုပါညီလာခံတွင် အလုပ်သမားပါတီ ကိုယ်စားလှယ်များက လာမည့် ငါးနှစ်အတွက် စီးပွားရေးနှင့် စစ်ရေးရည်မှန်းချက်များ ချမှတ်မည်ဖြစ်သည်။

ငါးနှစ် တစ်ကြိမ်ကျင်းပသည့် အလုပ်သမားပါတီ ညီလာခံသည် မြောက်ကိုရီးယား၏ အရေးကြီးဆုံး နိုင်ငံရေးလုပ်ငန်းစဉ်များထဲတွင် ပါဝင်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ချီလီနိုင်ငံ၌ ဓာတ်ငွေ့ရည်တင်ယာဉ်ပေါက်ကွဲ လူလေးဦးသေဆုံး၍ ၁၇ ဦးဒဏ်ရာရ

**ဆန်တီယာဂို ဖေဖော်ဝါရီ ၂၀**

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့၌ ဖေဖော်ဝါရီ ၁၉ ရက်က သဘာဝဓာတ်ငွေ့ရည်တင်မော်တော်ယာဉ်တစ်စီး တိမ်းမှောက်ပေါက်ကွဲခဲ့ရာ လူလေးဦး သေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သဘာဝ ဓာတ်ငွေ့ရည်တင် မော်တော်ယာဉ် တိမ်းမှောက်ပေါက်ကွဲမှုအတွင်း လူ ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆန်တီယာဂိုမြို့ တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါဖြစ်စဉ်အတွင်း သေဆုံးခဲ့သူများထဲတွင် ဓာတ်ငွေ့ရည်တင်မော်တော်ယာဉ်၏ယာဉ်မောင်းလည်းပါဝင်ကြောင်း သိရသည်။

လက်ရှိတွင် သဘာဝဓာတ်ငွေ့ရည်တင် မော်တော်ယာဉ်တိမ်းမှောက်ပေါက်ကွဲမှု ဖြစ်ပွားရခြင်း နောက်ခံ အကြောင်းရင်းကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

သဘာဝ ဓာတ်ငွေ့ရည်တင်မော်တော်ယာဉ်ပေါက်ကွဲမှု အရှိန်သည် မီတာ ၁၅၀ မှ ၂၀၀ ထိသက်ရောက်မှုရှိခဲ့ရာ အခြားမော်တော်ယာဉ် အစီးရေ ၅၀ လည်း ပျက်စီးခဲ့သည်။

သဘာဝ ဓာတ်ငွေ့ရည်တင် မော်တော်ယာဉ် တိမ်းမှောက်ပေါက်ကွဲမှုသည် ဆန်တီယာဂိုမြို့ မြောက်ပိုင်း အဓိကအဝေးပြေးလမ်းအနီး ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အစ္စရေးတပ်မတော်၏ ပြည်ပစစ်မှုထမ်းများထဲတွင် အရှေ့တောင်အာရှနိုင်ငံများမှ နိုင်ငံသား ဦးရေ ၂၀၀ ခန့်ပါဝင်

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၀**

အစ္စရေးတပ်မတော် လက်နက်ကိုင်တပ်များ၌ အမှုထမ်းနေသော ပြည်ပနိုင်ငံသားများထဲတွင် အရှေ့တောင်အာရှနိုင်ငံများမှ နိုင်ငံသား ဦးရေ ၂၀၀ နီးပါး ပါဝင်ကြောင်း ဖေဖော်ဝါရီ ၁၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အစ္စရေးနိုင်ငံအခြေစိုက် ဟာဇလာချာအမည်ရှိ အစိုးရမဟုတ်သည့် ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခု၏ အဆိုအရ အစ္စရေးတပ်မတော်၌ အမှုထမ်းနေသော ပြည်ပနိုင်ငံသား ဦးရေ ၅၀၀၀၀ ကျော်ထိရှိကြောင်း သိရသည်။

အစ္စရေးတပ်မတော်၏ အဆိုပါ ပြည်ပစစ်မှုထမ်း ဦးရေ ၅၀၀၀၀ ကျော်ထဲတွင် အရှေ့တောင်အာရှမှ ဖိလစ်ပိုင်နိုင်ငံသား ၁၁၁ ဦး၊ ထိုင်းနိုင်ငံသား ၇၁ ဦး၊ ဗီယက်နမ်နိုင်ငံသားလေးဦး၊ စင်ကာပူနိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား တစ်ဦးတို့ပါဝင်ကြောင်း ဟာဇလာချာအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အစ္စရေး လက်နက်ကိုင်တပ်များ၌ အမှုထမ်းနေသည့် ပြည်ပစစ်မှုထမ်းများအနက် အင်အားအများဆုံးမှာ အမေရိကန်နိုင်ငံသားများဖြစ်ကြပြီး အစ္စရေး-အမေရိကန် နှစ်နိုင်ငံသားခံယူထားသူ ၁၂၁၃၅ ဦးနှင့် အမေရိကန်နှင့် အခြားနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ်ခံယူထားသူ ၁၂၀၇ ဦးထိရှိကြောင်း သိရသည်။

အစ္စရေးတပ်မတော် ပြည်ပစစ်မှုထမ်းများအနက် ဒုတိယအင်အားအများဆုံးမှာ ပြင်သစ်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများဖြစ်ပြီး ၆၄၆၄ ဦးထိရှိသည်။

အစ္စရေးတပ်မတော်၏ တတိယအင်အားအများဆုံး ပြည်ပနိုင်ငံသားစစ်မှုထမ်းများမှာ ရုရှားနိုင်ငံသားများဖြစ်ကြပြီး ၅၁၆၉ ဦးထိရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နိုင်ငံတကာသိပ္ပံပညာရှင်များအနေဖြင့် ကမ္ဘာပေါ်ရှိ မြို့ကြီးများကို ဖျက်ဆီးနိုင်စွမ်းရှိသော ဂြိုဟ်သိမ်ထောင်ပေါင်းများစွာကို ရှာဖွေနိုင်သေးခြင်းမရှိ



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတကာ သိပ္ပံပညာရှင်များ အနေဖြင့် ကမ္ဘာပေါ်ရှိ မြို့ကြီးများကို ဖျက်ဆီးနိုင်စွမ်းရှိသော ဂြိုဟ်သိမ် ထောင်ပေါင်းများစွာကို ရှာဖွေနိုင်သေးခြင်း မရှိကြောင်း အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အဆိုကိုကိုးကား၍ ဖေဖော်ဝါရီ ၁၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကမ္ဘာဂြိုဟ်အနီးတွင် အရွယ်အစားနှင့် အဖျက်စွမ်းအားကြီးမားသည့် ဂြိုဟ်သိမ်ပေါင်း ၁၅၀၀၀ ကျော်ထိ ရှိနေသော်လည်း ၎င်းဂြိုဟ်သိမ်များကို ရှာဖွေတွေ့ရှိသေးခြင်းမရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အရွယ်အစားအားဖြင့် အချင်း မီတာ ၁၄၀ အနည်းဆုံးရှိနိုင်သည့် အဆိုပါ ဂြိုဟ်သိမ်နှင့် ကြယ်တံခွန်များသည် တစ်ကမ္ဘာလုံးကို မဖျက်ဆီးနိုင်သော်လည်း မြို့ရွာဒေသများကို ကွက်၍ဖျက်ဆီးနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များ၏ အဆိုအရသိရသည်။

အလားတူ ၎င်းဂြိုဟ်သိမ်နှင့် ကြယ်တံခွန်များ ကမ္ဘာဂြိုဟ်ဘက်သို့ ဦးတည်လာပါက လမ်းကြောင်းပြောင်းပေးနိုင်မည့် နည်းလမ်းမျိုးလည်းမရှိသေးကြောင်း နာဆာ သိပ္ပံပညာရှင်များက ဝန်ခံထားကြောင်း သိရသည်။

၂၀၂၂ ခုနှစ်အတွင်း နာဆာအဖွဲ့အနေဖြင့် DART အမည်ရှိ အာကာသယာဉ်တစ်စင်းဖြင့် ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၆ ဒသမ ၈ သန်းအကွာမှ ဂြိုဟ်သိမ်တစ်စင်းကို ထိတိုက်၍ လမ်းကြောင်းပြောင်းပေးနိုင်ခဲ့သည်။

သို့ရာတွင် ကမ္ဘာဂြိုဟ်နှင့် ထိတိုက်မည့် လမ်းကြောင်းပေါ်သို့ ရုတ်တရက်ရောက်ရှိလာနိုင်သော ဂြိုဟ်သိမ်များကို လမ်းကြောင်းပြောင်း အာကာသယာဉ်မျိုး အသင့်ရှိမနေကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။


Ref : Sputnik News

Trs : KKO

## ကြယ်တစ်စင်းဖွဲ့စည်းဖြစ်ပေါ်နေသော ဓာတ်ငွေ့တိမ်တိုက်အတွင်း ဇီဝအခြေခံပစ္စည်းများတည်ရှိနေမှုကို သိပ္ပံပညာရှင်များတွေ့ရှိထား

**ပေကျင်း ဖေဖော်ဝါရီ ၂၀**

ကြယ်တစ်စင်းအဖြစ် ဖွဲ့စည်းဖြစ်ပေါ်နေဆဲဖြစ်သော ဓာတ်ငွေ့တိမ်တိုက်တစ်ခုအတွင်း ဇီဝအခြေခံပစ္စည်းများ တည်ရှိနေမှုကို သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၁၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။



တရုတ်သိပ္ပံပညာရှင်များသည် L-1544 ဟူ၍ အမည်ပေးထားသော အဆိုပါ ဓာတ်ငွေ့တိမ်တိုက်ကို လေ့လာစူးစမ်းခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ L-1544 ဓာတ်ငွေ့တိမ်တိုက်အတွင်း မီသာနီမိုင်း(Methanimine)ခေါ် ဇီဝမော်လီကျူးဓာတ်တစ်မျိုး တည်ရှိနေသည်ကိုတွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

မီသာနီမိုင်း ဇီဝမော်လီကျူးများကို ကြယ်တစ်စင်းအဖြစ်ပြောင်းလဲရမည့် ဓာတ်ငွေ့တိမ်တိုက်အတွင်း တွေ့ရှိရခြင်းမှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းသည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

မီသာနီမိုင်း ဇီဝမော်လီကျူးများသည် သက်ရှိရုပ်များ ပေါ်ထွက်လာရေးအတွက် လိုအပ်သည့် ဇီဝအခြေခံပစ္စည်းတစ်မျိုးဖြစ်သည်။

L- 1544 ဓာတ်ငွေ့တိမ်တိုက်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၅၅၄ နှစ် အကွာတွင် တည်ရှိသည့် ဓာတ်ငွေ့တိမ်တိုက် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ၂၀၂၆ ခုနှစ်၏ ပထမဆုံး မီးစက်ကွင်းနေကြတ်မှုဖြစ်စဉ် အန္တာတိကတိုက်နှင့် အာဖရိကတိုက်တို့၌ ဖြစ်ပွားခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**

အန္တာတိကတိုက်နှင့် အာဖရိကတိုက်တို့၌ ၂၀၂၆ ခုနှစ်၏ ပထမဆုံး မီးစက်ကွင်း နေကြတ်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်ဟု ဖေဖော်ဝါရီ ၁၉ ရက် သတင်းတွင် ရေးသားဖော်ပြထားသည်။

နေကြတ်မှုဖြစ်စဉ်သည် နှစ်မိနစ်ကျော်ခန့်သာ ကြာမြင့်ခဲ့ပြီး အန္တာတိကဒေသနှင့် အာဖရိကတိုက်တို့မှ ပြည်သူဦးရေ ၁၇၆ သန်းခန့် သို့မဟုတ် ကမ္ဘာ့လူဦးရေ၏ နှစ်ရာခိုင်နှုန်းတို့ တွေ့မြင်နိုင်ခဲ့ကြောင်း သိရသည်။

မီးစက်ကွင်းနေကြတ်မှုဖြစ်စဉ်များ၌ နေမျက်နှာပြင်တစ်ခုလုံးနီးပါးကို လရိပ်ကဖုံးလွှမ်းထားမှုကြောင့် နေ၏အနားစွန်း အလင်းစက်ကွင်းကိုသာ တွေ့မြင်ရလေ့ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ လာမည့် မတ် ၃ ရက်တွင် လအပြည့်အဝကြတ်မှု ဖြစ်စဉ်တစ်ရပ် ပေါ်ပေါက်မည်ဖြစ်ကြောင်း သိရသည်။

မတ် ၃ ရက်က လအပြည့်အဝကြတ်မှုဖြစ်စဉ်ကို ကမ္ဘာ့ ပြည်သူ ၂ ဒသမ ၅ ဘီလီယံကျော်တို့ တွေ့မြင်နိုင်မည်ဖြစ်သည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## သွေးစစ်နည်း ပုံစံသစ်တစ်မျိုးက Dementia ရောဂါလက္ခဏာမပေါ်မီ ကြိုတင်ဖော်ထုတ်နိုင်ဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၂၀**

စမ်းသပ်ဆဲ သွေးစစ်နည်းပုံစံသစ်တစ်မျိုးကြောင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia)ကို ရောဂါလက္ခဏာများမပေါ်မီ ကြိုတင်ဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၁၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ နေ့ဝက်စ်သမ်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် လက်ထိပ်တွင် သွေးဖောက်၍ Dementia ရောဂါစစ်ဆေးဖော်ထုတ်မှုပုံစံတစ်မျိုး စမ်းသပ်နေကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် အယ်ဇိုင်းမားရောဂါလက္ခဏာများ၌ အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသော ACU 193+ ခေါ် ပရိုတင်းတစ်မျိုးကို ရှာဖွေတွေ့ရှိထားသည်။

၎င်းပရိုတင်းကို လက်ထိပ်တွင် သွေးဖောက်၍ စစ်ဆေးခြင်းဖြင့် အယ်ဇိုင်းမားရောဂါကို ရောဂါလက္ခဏာများ ထင်ထင်ရှားရှား မပေါ်မီ ကြိုတင်ဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း၊ အယ်ဇိုင်းမားရောဂါသည် အဖြစ်အများဆုံး Demen-tia ရောဂါပုံစံ တစ်မျိုးဖြစ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Dementia ရောဂါကို ရောဂါလက္ခဏာများမပေါ်မီ ဖော်ထုတ်နိုင်ခဲ့ပါက ဆေးဝါးများ၊ ဘဝနေထိုင်မှုပုံစံ အပြောင်းအလဲများ ပေါင်းစပ်၍ ရောဂါတိုးလာနိုင်မှုကို တားဆီးနိုင်မည်ဖြစ်ကြောင်း သုတေသန ပညာရှင်များက သိရသည်။

Ref : Russia Today

Trs : KKO

## အချဉ်ဖောက်အစားအစာများ စားသုံးခြင်းဖြင့် သွေးတွင်းကိုလက်စထရော ပါဝင်မှုလျှော့ချနိုင်

**ကင်ဘာရာ ဖေဖော်ဝါရီ ၂၀**

အချဉ်ဖောက်အစားအစာများ စားသုံးခြင်းဖြင့် သွေးတွင်းကိုလက်စထရောပါဝင်မှုကို လျှော့ချနိုင်ကြောင်း ဩစတြေးလျ သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၁၉ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဇီဝအကျိုးပြုဘက်တီးရီးယားများကြွယ်ဝသည့် အချဉ်ဖောက်အစားအစာများ စားသုံးမှုသည် အစာခြေလမ်းကြောင်းစနစ် ဘက်တီးရီးယားစုဖွဲ့မှု ပုံစံကောင်းမွန်လာမှုနှင့် ဆက်စပ်နေကြောင်း ရှေးယခင်ကပင် လက်ခံထားပြီးဖြစ်သည်။

အစာခြေလမ်းကြောင်းစနစ် ဘက်တီးရီးယားစုဖွဲ့မှုပုံစံ ဟန်ချက်ညီပါက အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးပြဿနာများကို လျှော့ချနိုင်ပြီး ဦးနှောက်ကျန်းမာရေးအတွက် အကျိုးကျေးဇူးရှိကြောင်းလည်း သုတေသနပညာရှင်များက လက်ခံထားသည်။

အချဉ်ဖောက် အစားအစာများသည်ကိုယ်အလေးချိန်ကို လျှော့ချရာတွင် အထောက်အကူပြုနိုင်ပြီး သွေးတွင်း သကြားဓာတ်ပါဝင်မှုအဆင့်ကို ထိန်းထားရာတွင်လည်း အထောက်အကူ ပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဩစတြေးလျ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အချဉ်ဖောက်အစားအစာကို အစားများသူများ၌ အကျိုးပြုကိုလက်စထရော ပါဝင်မှုအဆင့် မြင့်မားနေတတ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘာရာဇီးအသင်းနည်းပြ အန်ဆယ်လော့တီ ၂၀၂၆ ကမ္ဘာ့ဖလား အပြီးတွင် အသင်းနှင့်စာချုပ်သစ်ထပ်မံချုပ်ဆိုမည်

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၀**

ဘာရာဇီးအသင်း နည်းပြ အန်ဆယ်လော့တီသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အပြီးတွင် အသင်းနှင့် သက်တမ်းတိုးစာချုပ်သစ်ထပ်မံ ချုပ်ဆိုမည်ဖြစ်ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၆၆ နှစ်ရှိ နည်းပြ အန်ဆယ်လော့တီသည် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာပြီးနောက် ၂၀၂၅ ခုနှစ် မေလကစတင်ကာ ဘာရာဇီးအသင်းနှင့် လေးနှစ်စာချုပ်ချုပ်ဆိုခဲ့ပြီး အသင်းကိုခြေစွမ်းပိုင်းတည်ငြိမ်မှုရရှိအောင်စွမ်းဆောင်နိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ရာမှ သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

ဘာရာဇီးလက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားငါးကြိမ်ထိရရှိထားသည့် အသင်းဖြစ်သော်လည်း ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားချန်ပီယံဆုရရှိပြီးကတည်းက ၂၄ နှစ်ကြာဆုဖလားနှင့် ဝေးကွာခဲ့သောကြောင့် ယခုနှစ်ပြိုင်ပွဲတွင် ဆုဖလားရယူနိုင်ရန် မျှော်မှန်းထားကာ နည်းပြအန်ဆယ်လော့တီကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဘာရာဇီးဘောလုံးအဖွဲ့ချုပ်က အန်ဆယ်လော့တီကို ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲထိ ထပ်မံသက်တမ်းတိုးရန်စီစဉ်ထားသဖြင့် လက်ရှိတွင် နည်းပြအန်ဆယ်လော့တီနှင့် နှစ်ဖက်သဘောတူညီမှုရရှိခဲ့သောကြောင့် လာမည့်ရက်သတ္တပတ်အတွင်း တရားဝင်လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**



# ရမှတ်ခြောက်မှတ် လျှော့ပြစ်ဒဏ်အတွက် လက်စတာအသင်း အယူခံတင်သွင်း

**လန်ဒန် ဖေဖော်ဝါရီ ၂၀**

လက်စတာအသင်းက အသင်းဘဏ္ဍာရေး စည်းမျဉ်းချိုးဖောက်မှုကြောင့် ရမှတ်ခြောက်မှတ်လျှော့ပြစ်ဒဏ်အတွက် အယူခံတင်သွင်းခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်စတာ အသင်းသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ အင်္ဂလန် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ကစားခဲ့စဉ်က အသင်းအမြတ်ငွေနှင့် ရေရှည်တည်တံ့ရေးစည်းမျဉ်းချိုးဖောက်ကြောင်း တွေ့ရှိသည့်အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ယခုလအစောပိုင်းက ရမှတ် ခြောက်မှတ်လျှော့ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

လက်စတာအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲမှ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ အင်္ဂလန်ချန်ပီယံရှစ် ပြိုင်ပွဲတွင်လည်း ရလဒ်များမတည်မငြိမ်ဖြစ်နေသည့်အချိန်တွင် ရမှတ်လျှော့ပြစ်ဒဏ်ပါ ချမှတ်ခံခဲ့ရသည့်အတွက် အင်္ဂလန်လိဂ်-၁ ပြိုင်ပွဲသို့ တန်းဆင်းရမည့်အရေးနှင့်ရင်ဆိုင်လာရခြင်းဖြစ်သည်။

လက်စတာအသင်းက ရမှတ်ခြောက်မှတ်လျှော့ ပြစ်ဒဏ်အတွက် အယူခံတင်သွင်းခဲ့သဖြင့် အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်ကလည်း လွတ်လပ်သည့်ကော်မရှင်ဖွဲ့စည်းပြီး စစ်ဆေးကြားနာမှုများ လုပ်ဆောင်မည်ဖြစ်သည်။

လက်စတာအသင်းသည် ယခုနှစ်ဘောလုံးရာသီ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲ ၃၂ ပွဲကစားပြီးချိန်တွင် ရမှတ် ၃၂ မှတ်ဖြင့် တန်းဆင်းဇုန်ဖြစ်သည့် အဆင့်(၂၂) နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သစ္စာအားမာန်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သစ္စာအားမာန်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ကစားခဲ့ရာ သရေရလဒ်များ အသီးသီး ထွက်ပေါ်ခဲ့ကြကြောင်း သိရသည်။



ဦးစွာ ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ချန်ပီယံဆုအတွက် အားပြိုင်နေသည့် ထိပ်တန်းအသင်း နှစ်သင်းဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် ပွဲစကတည်းက ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများရှိခဲ့သော်လည်း နှစ်သင်းလုံးအနေဖြင့် ထိရောက်သည့်တိုက်စစ်ဆင်မှုများ မရှိခဲ့သည့်အတွက် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်နှင့် ၆၇ မိနစ်တို့တွင် စောမျိုးဇော်က သွင်းယူခဲ့ပြီး ဒဂုံပေါ့အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၁ မိနစ်တွင် အဲရစ်ကန်တိုနာနှင့် ပွဲချိန် ၈၅ မိနစ်တွင် ရန်နိုင်လင်းတို့ကသွင်းယူခဲ့ကြသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁၈ပွဲကစားပြီး ရမှတ် ၄၅ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေသော်လည်း ရှမ်းယူနိုက်တက်အသင်းက ၁၇ ပွဲကစားပြီး ၄၃ မှတ်ဖြင့် အဆင့်(၂) နေရာမှ ချန်ပီယံဆုအတွက် ဆက်လက် ဖိအားပေးနေကြောင်း သိရသည်။

**STA**

# တန်းဆင်းဇုန်အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် စပါးအသင်း အဓိကစပွန်ဆာစာချုပ်များ လက်လွှတ်ရရန်နီးစပ်နေ

**လန်ဒန် ဖေဖော်ဝါရီ ၂၀**

စပါးအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ၂၇ ပွဲကစားအပြီးတွင် အမှတ်ပေးဇယား အဆင့် (၁၇)သို့ရောက်ရှိခဲ့ပြီး တန်းဆင်းဇုန်အန္တရာယ်နှင့်ရင်ဆိုင်နေရသောကြောင့် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အဓိက စပွန်ဆာစာချုပ်များကို လက်လွှတ်ရရန် နီးစပ်နေကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စပါးအသင်းအနေဖြင့် နည်းပြ ပိုစတီကိုဂလူလက်ထက် ပြီးခဲ့သည့် ဘောလုံးရာသီက တန်းဆင်းဇုန်အန္တရာယ်ဖြင့်ရင်ဆိုင်ခဲ့ရပြီး ဘောလုံးရာသီကုန်ဆုံးချိန်တွင် အဆင့်(၁၇)နေရာတွင်သာ ရပ်တည်နိုင်ခဲ့သဖြင့် စပွန်ဆာစာချုပ်များကို လက်လွှတ်ရရန် နီးစပ်ခဲ့သော်လည်း ယူရိုပါလိဂ်ချန်ပီယံဆုဖလား ရယူနိုင်ခဲ့သဖြင့် စပွန်ဆာစာချုပ် ချုပ်ဆိုမှုများကို ဆက်လက်ထိန်းနိုင်ခဲ့ပြီး အသင်းဘဏ္ဍာငွေတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည်။

သို့သော် စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြဖရန့် လက်ထက်တွင်လည်း ရလဒ်ဆိုးများနှင့် ကြုံတွေ့ခဲ့ရသဖြင့် အမှတ်ပေးဇယား အဆင့်(၁၇)နေရာသို့ ထပ်မံရောက်ရှိခဲ့သောကြောင့် နည်းပြဖရန့်ကို ထုတ်ပယ်ပြီး နည်းပြတူဒေါ်ကို ကာလတို အစားထိုးခန့်အပ်ခဲ့ကာ ရလဒ်ပိုင်းတိုးတက်ရန် မျှော်လင့်ထားသော်လည်း ဘောလုံးရာသီ နှစ်ရာသီဆက် ပရီးမီးယားလိဂ် အမှတ်ပေးဇယား တန်းဆင်းဇုန် အန္တရာယ်ဖြင့် ရင်ဆိုင်နေရမှုကို အဓိကစပွန်ဆာစာချုပ်များက စိုးရိမ်လာသောကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်၌ စာချုပ်ဖျက်သိမ်းရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

# Qatar Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့်(၂) အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာကို ချက်တင်းနစ်ကစားသမား မန်ဆစ်ခ်က အနိုင်ရ

**ဒိုဟာ ဖေဖော်ဝါရီ ၂၀**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပနေသည့် Qatar Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ချက်တင်းနစ်ကစားသမား မန်ဆစ်ခ်တို့ ယှဉ်ပြိုင်ခဲ့ရာ မန်ဆစ်ခ်က (၇-၆ ၊ ၂-၆ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အသက် ၂၀ နှစ်ရှိ မန်ဆစ်ခ်အနေဖြင့် ကမ္ဘာ့အဆင့်(၂)တင်းနစ်ကစားသမားကို စွမ်းဆောင်ရည်ကောင်းများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ကစားသမားဘဝ၏ အကြီးမားဆုံး နိုင်ပွဲတစ်ပွဲဖြစ်ကြောင်း မန်ဆစ်ခ်က ပြောကြားခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရယူနိုင်ရေးအတွက် Qatar Open တင်းနစ်ပြိုင်ပွဲ၌ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားခဲ့သော်လည်း ထင်မှတ်မထားဘဲ ရှုံးနိမ့်ခဲ့သည်။

မန်ဆစ်ခ်က "ရိုးရိုးသားသား ပြောရရင် ဒီနိုင်ပွဲအတွက် ဘယ်လောက်ထိ ဂုဏ်ယူနေသလဲဆိုရင် ပြောစရာစကားမရှိတော့လောက်အောင် ဖြစ်ရပါတယ်။ ဂျန်နစ်ခ်ရဲ့ အရည်အသွေးကို သိထားတဲ့ ကျွန်တော့်အနေနဲ့ ဒီပွဲမှာ ဘာမှကို မျှော်လင့်မထားပါဘူး။ ကျွန်တော့်အတွက်တော့ ဂျန်နစ်ခ်လို ကစားသမားမျိုးကို အနိုင်ရခဲ့တာဟာ ဘဝအတွက် အကြီးမားဆုံးနိုင်ပွဲလို့ သတ်မှတ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : ESPN**

**Trs : AZL**

# မြန်မာနိုင်ငံဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ်က ကြီးမှူး၍ SAE PAING Development Ltd နှင့် Phyo Si Thu Teak Plantation (Myanmar) တို့မှ အဓိက ကူညီပံ့ပိုးသော မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း)၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ SAE PAING Development Ltd နှင့် Phyo Si Thu Teak Plantation (Myanmar) တို့မှ တာဝန်ရှိသူများ၊ Junior Golf Myanmar (JGM) မှ အမှုဆောင်များ၊ ရန်ကုန်ဂေါက်ကွင်းမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ထို့နောက် SAE PAING Development Ltd မှ ဒေါ်စုပိုက်က အသက် ၁၈ နှစ်အောက်(အမျိုးသမီး)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၆၀ ဖြင့် ဒုတိယဆုရရှိသော Choi Hui၊ စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် ပထမဆုရရှိသော ချိုသာအောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

အလားတူ မြန်မာနိုင်ငံဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးအောင်ကိုဇော်က ၁၈ နှစ်အောက်(အမျိုးသား) ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၃၇ ချက်ဖြင့် တတိယဆုရရှိသော Choi Hwan၊ စုစုပေါင်းရိုက်ချက် ၂၃၅ ချက်ဖြင့် ဒုတိယဆုရရှိသော နိုင်ဦးကိုတို့ကိုဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးမှ ၁၈ နှစ်အောက်(အမျိုးသား) ပြိုင်ပွဲအတွက် စုစုပေါင်းရိုက်ချက် ၂၃၁ ချက်ဖြင့် ပထမဆုရရှိသော ဆက်နိုင်အောင်ကို ဆုပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ STA

# မန်စီးတီးအသင်း ဂိုးသမားထရက်ဖို့ဒ် လာမည့်နွေရာသီ အပြောင်းအရွှေ့တွင် အသင်းမှထွက်ခွာရန် ပြင်ဆင်

**မန်ချက်စတာ ဖေဖော်ဝါရီ ၂၀**

ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဘန်လေအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ခဲ့သည့် ဂိုးသမားထရက်ဖို့ဒ်သည် အသင်းတွင် ပွဲကစားခွင့်လျော့နည်းလာသောကြောင့် လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ပြင်ဆင်ထားကြောင်း Football 365 သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်ရှိ ထရက်ဖို့ဒ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘန်လေအသင်းကို ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၇ သန်းဖြင့် ခေါ်ယူခဲ့သော်လည်း အသင်းက ၎င်းကို ပွဲကစားခွင့်ပေးရန်ခက်ခဲလာသောကြောင့် ထွက်ခွာရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းက ထရက်ဖို့ဒ်ကိုခေါ်ယူခဲ့ပြီးနောက် ၎င်းအနေဖြင့် လက်စွမ်းပြသနိုင်ရန် ရုန်းကန်နေရသောကြောင့် အသင်းတာဝန်ရှိသူများက ပြီးခဲ့သည့် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလက ပီအက်စ်ဂျီအသင်းမှ ဝါရင့်ဂိုးသမား ဒွန်နာရမ်မာကိုခေါ်ယူခဲ့ရပြီး ထရက်ဖို့ဒ်အနေဖြင့် ဒုတိယဦးစားအဖြစ်သာ ပါဝင်ခဲ့ရသည်။

လက်ရှိတွင် မန်စီးတီးအသင်းနှင့်ပြိုင်ပွဲစုံ ၁၁ ပွဲသာ ကစားခွင့်ရထားသည့် ထရက်ဖို့ဒ်က မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း အသင်းက ထွက်ခွာခွင့် ပေးခဲ့သောကြောင့် ၎င်းကလည်း အသင်းမှထွက်ခွာရန် အသင့်ရှိကြောင်း ပြောကြားခဲ့ပြီး နယူးကာဆယ်အသင်းက ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

Ref : Football 365

Trs : ML



# တိုက်စစ်မှူး အီဆက် ခြေထောက်ကျိုးဒဏ်ရာကြောင့် လာမည့်မတ်လကုန်ပိုင်းထိ အနားယူရမည်ဟု လီဗာပူးအသင်းနည်းပြ စလော့ ပြောကြား

**လန်ဒန် ဖေဖော်ဝါရီ ၂၀**

လီဗာပူးအသင်း နည်းပြ စလော့က ခြေထောက်ကျိုးဒဏ်ရာကြောင့် အနားယူနေရသည့် တိုက်စစ်မှူး အီဆက်အနေဖြင့် လာမည့် မတ်လကုန်ပိုင်းထိအနားယူရမည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ်ရှိ အီဆက်သည် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြစ်သည့် စတာလင်ပေါင် ၁၂၅ သန်းဖြင့် နယူးကာဆယ်အသင်းမှ လီဗာပူးအသင်း သို့ပြောင်းရွှေ့ခဲ့ပြီးနောက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်က ကစားခဲ့သည့် စပါးအသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် ခြေထောက်ကျိုးဒဏ်ရာ ရရှိခဲ့ပြီး ခွဲစိတ်ကုသမှုခံယူခဲ့ရသည့်အတွက် ကာလရှည်အနားယူနေရသူဖြစ်သည်။

အီဆက်သည် ပြီးခဲ့သည့် ဘောလုံးရာသီက နယူးကာဆယ်အသင်းတွင် အကောင်းဆုံးခြေစွမ်းပြသခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းနှင့်အတူ ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရပြီး ယခုအခါတွင်လည်း ဒဏ်ရာကြောင့် ကာလရှည်အနားယူနေခဲ့ရခြင်းဖြစ်သည်။

လီဗာပူးအသင်း နည်းပြစလော့က "အီဆက်အနေနဲ့ အပေါ့စားလေ့ကျင့်ခန်းတွေ လုပ်ဆောင်နေပါပြီ။ သူ့အနေနဲ့ ဒီရာသီမကုန်ဆုံးမီ ပြန်လည်ကစားနိုင်မှာပါ။ လာမဲ့ မတ်လကုန်ပိုင်းလောက်ထိတော့ အနားယူရပါလိမ့်မယ်။ အခုအချိန်မှာတော့ သူတစ်ယောက်တည်းအပေါ့စားလေ့ကျင့်ခန်းတွေ လုပ်ဆောင်နေပြီး မကြာခင်အသင်းနဲ့ ပြန်လည်ပူးပေါင်းပြီး လေ့ကျင့်ခန်းတွေ စတင်လုပ်ဆောင်နိုင်မှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ရီးရဲလ်မက်ဒရစ်အသင်း ဂိုးသမား ကော့တွိုက်က ပြင်သစ်ကလပ် လီမန်းအသင်းကို ဝယ်ယူခဲ့ပြီးနောက် ကလပ်အသင်းပိုင်ရှင်ဖြစ်လာ

**မက်ဒရစ် ဖေဖော်ဝါရီ ၂၀**

ရီးရဲလ်မက်ဒရစ် အသင်း ဂိုးသမား ကော့တွိုက်သည် ပြင်သစ်ကလပ် လီမန်းအသင်းကို ဝယ်ယူခဲ့ပြီးနောက် ကလပ်အသင်း ပိုင်ရှင်ဖြစ်လာခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကော့တွိုက်သည် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက လီမန်းအသင်းကိုဝယ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာ ယခုအခါ အပြီးသတ်ဝယ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် အသင်းပိုင်ရှင်တစ်ဦးဖြစ်လာခဲ့ခြင်းဖြစ်သည်။

ကော့တွိုက် ဝယ်ယူခဲ့သည့် လီမန်းအသင်းသည် ပြင်သစ်လိဂ်-၂ ပြိုင်ပွဲဝင်ကလပ်အသင်း တစ်သင်းဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီ ပြင်သစ်လိဂ်-၂ ပြိုင်ပွဲ ၂၃ ပွဲ တွင် ၁၀ ပွဲနိုင်၊ ကိုးပွဲသရေ၊ လေးပွဲရှုံး ရမှတ် ၃၉ မှတ်ဖြင့် အဆင့်(၅) နေရာတွင်ရပ်တည်နေပြီး လာမည့် ဘောလုံးရာသီတွင် ပြင်သစ်လီဂူး ပြိုင်ပွဲသို့ တန်းတက်နိုင်ရန်အတွက် မျှော်လင့်ချက်ရှိနေသည့် အသင်းတစ်သင်းဖြစ်သည်။ လီမန်းအသင်းအနေဖြင့် လာမည့်ဘောလုံးရာသီတွင် ပြင်သစ်လီဂူးပြိုင်ပွဲသို့ တက်ရောက်နိုင်မည်ဆိုပါက ကော့တွိုက်အနေဖြင့်လည်း ပြင်သစ်လီဂူး ပြိုင်ပွဲဝင် ကလပ်အသင်း၏ အသင်းပိုင်ရှင် ဖြစ်လာမည်ဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းတွင် ကော့တွိုက်အပြင် တိုက်စစ်ကစားသမားများဖြစ်ကြသည့် ဗီနီစီးယက်စ်နှင့် အမ်ဘတ်ပီတို့ကလည်း ကလပ်အသင်းတစ်သင်းစီကို ဝယ်ယူထားပြီး ကလပ်အသင်းပိုင်ရှင်များအဖြစ် ရပ်တည်နေသူများဖြစ်ကြကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# Honda LPGA Thailand ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ဆိုဖီယာလီက အမှတ်ပေးဇယားကိုဦးဆောင်

**ချောင်ဘူရီ ဖေဖော်ဝါရီ ၂၀**

ထိုင်းနိုင်ငံ ချောင်ဘူရီမြို့တွင် ကျင်းပနေသည့် Honda LPGA Thailand ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဆိုဖီယာလီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Golf Today သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။




ကမ္ဘာ့အဆင့်(၁) ထိုင်းဂေါက်သီးရိုက်မယ် တီသီကူလ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး ဂျပန်ဂေါက်သီးရိုက်မယ် ချီဆာတိုနှင့် နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နေသည်။

ဆိုဖီယာလီသည် ဒုတိယနေ့တွင် ရလဒ်အကောင်းဆုံးပြိုင်ပွဲဝင်ဖြစ်ခဲ့ပြီး ဒုတိယနေ့တစ်ရက်တည်း၌ပင် သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်ထိ လျော့ရိုက်နိုင်ခဲ့သည်။

ဆိုဖီယာလီက "ဂေါက်သီးရိုက်လောကမှာ ကျင်လည်လာတဲ့ သက်တမ်းတစ်လျှောက် ဒီနေ့မှာ ရိုက်နိုင်ခဲ့တဲ့ရလဒ်ဟာ အကောင်းဆုံးပါပဲ။ ဘဝမှာ အကောင်းဆုံး ကစားနိုင်ခဲ့တဲ့နေ့လဲ ဖြစ်ပါတယ်။ နောက်ထပ် နှစ်ရက်ယှဉ်ပြိုင်ကစားရအုံးမယ်။ နောက်နှစ်ရက်မှာလဲ အခုလိုပဲ ကစားနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Today

Trs : AZL

# သင့်လျော်ရာအရပ်တွင် ရှင်သန်နေထိုင်ခြင်းမင်္ဂလာ

ဇင်မင်းထွေး(ဗန်းမော်)

**ကျင်လည်ရာအရပ်ဒေသ**

ဘဝအောင်မြင်မှုကိုလိုချင်တောင့်တ၍ ရှာဖွေကြသည့် အသက်အရွယ်အပိုင်းအခြားကို ပိုင်ဆိုင်ထားသည့်လူငယ်များ၏ ဘဝအောင်မြင်ရေးတွင် ကျင်လည်ရာအရပ်ဒေသ၏ အရေးကြီးမှုကို သတိပြုမိရန်လိုသည်။ မိမိကျင်လည်ရာပတ်ဝန်းကျင်သည် ကောင်းသောပတ်ဝန်းကျင်၊ မိမိတိုးတက်ရာလမ်းကို လျှောက်လှမ်းရာတွင် လိုအပ်သည့်အသိပညာ အတတ်ပညာများကိုရှာဖွေစုဆောင်းနိုင်သည့် ပတ်ဝန်းကျင်ဖြစ်ရန်လိုသည်။

တက်ကြွသည့်စိတ်အခံကို ပိုင်ဆိုင်ထားကြသည့် လူငယ်များသည် အချိန်တန်အရွယ်ရောက်၍လူလားမြောက်သည့်အခါတွင် စီးပွားရှာလိုစိတ်များဝင်လာတတ်သည်။ "တစ်ရွာမကောင်းသူကောင်းမဖြစ်" ဆိုသည့်စကားနှင့်အညီ မိမိမွေးဖွားရာအရပ်ဒေသကို စွန့်ခွာ၍ အခြားတစ်ပါး၌ ကျင်လည်ကျက်စားကာ ပညာရှာခြင်း၊ စီးပွားရှာခြင်း စသည့်အမှုကိစ္စတို့ကို ပြုမှသာအောင်မြင်နိုင်သည်ဟု လက်ခံယုံကြည်ကြသည်။ မိမိမွေးဖွားရာအရပ်ဒေသ ပတ်ဝန်းကျင်၏ ပကတိအခြေအနေနှင့် မိမိသွားရောက်ကျင်လည်လိုသည့်ပတ်ဝန်းကျင်၏အခြေအနေတို့ကို နှိုင်းယှဉ်စဉ်းစားရန် လိုမည်ဖြစ်သည်။ "အောင်မြင်လိုသည်၊ ကျော်ကြားလိုသည်၊ ချမ်းသာလိုသည်"စသည့်လိုချင်တပ်မက်မှုများသာရှိနေပြီး မစဉ်းစားမဆင်ခြင်ဘဲ ကျင်လည်ရာဝန်းကျင်ကို ပြောင်းလဲမိမည်ဆိုပါက သတိပြုသင့်ပေသည်။

**လွှမ်းမိုးမှုကောင်းရန်လို**

၃၈ ဖြာမင်္ဂလာတရားတော်တွင် "ပတိရူပဒေသဝါသောစ"သင့်တင့်လျောက်ပတ်သောအရပ်၌ ကျင်လည်နေထိုင်ရခြင်းသည် မင်္ဂလာမည်၏ဟု ဖော်ပြထားသည်ကိုတွေ့ရသည်။ ကျင်လည်ရာအရပ်ဒေသသည် လူတစ်ဦး၏ စိတ်ခံစားချက်၊ ဆုံးဖြတ်ချက်၊ အတွေးအခေါ်နှင့် ယုံကြည်ချက်များကို လွှမ်းမိုးနိုင်သဖြင့် ကောင်းမွန်သည့်ပတ်ဝန်းကျင်တွင် ကျင်လည်ရသူသည် ကောင်းသောအလုပ်များကိုသာ လုပ်ဖြစ်မည်ဖြစ်သည်။ အချင်းချင်းအငြင်းအခုံနည်းကာ ငြိမ်းချမ်းသာယာစွာနေထိုင်သည့် ပတ်ဝန်းကျင်တွင် ရှင်သန်ရသူသည် ကိုယ်တိုင်ငြိမ်းချမ်းမှု၏ အရသာကို ခံစားရမည်ဖြစ်သည်။

ဘဝဆိုသည့် ဆူကြုံနိမ့်မြင့်သဘောတရားအရ ပတ်ဝန်းကျင်ကောင်းဆိုသည့်အရပ်တွင် မိမိကျရှုံးသည့်အခါ တွဲထူမပေးမည့်တွဲလက်များကလည်း အဆင်သင့်ရှိနေတတ်သည်။ လဲရင်ပြန်ထဆိုသည့် စိတ်ဓာတ်ခွန်အားများကိုပေးစွမ်းနိုင်သည့် လူအများကလည်း အဆင်သင့်ရှိနေမည်ဖြစ်သည်။ ငြိမ်းချမ်းသာယာဝပြောကာ တိုးတက်မှုများပြည့်နှက်နေသည့် ပတ်ဝန်းကျင်တွင် မိမိတို့သင်ယူလေ့လာစရာများက အနမတဂ္ဂရှိနေသည်။ ငြိမ်းချမ်းသောပတ်ဝန်းကျင်၊ အသိပညာဗဟုသုတများ ပြည့်နှက်နေသောပတ်ဝန်းကျင်သည် မျိုးဆက်သစ်လူငယ်များကို နိုင်ငံအကျိုး၊ လူမှုပတ်ဝန်းကျင်အကျိုးကို အစဉ်သယ်ပိုးနိုင်သည့် စိတ်ဓာတ်များကို ထည့်သွင်းပေးမည်ဖြစ်သည်။

**ရှောင်ကြဉ်သင့်သည့်ဝန်းကျင်**

လူဆိုသည့်သတ္တဝါက အခြားသောသတ္တဝါများထက် ပိုသာသည့်အရာတစ်ခုမှာ အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရားပင်ဖြစ်သည်။ အကောင်းအဆိုး အကြောင်းအကျိုးကို ပိုင်းခြားဝေဖန်နိုင်စွမ်းကိုပိုင်ဆိုင်ထားသည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိကျင်လည်ရာဝန်းကျင်သည် ကောင်းမှုများဖြင့် ပြည့်နှက်နေသည့် ဝန်းကျင်ဟုတ်၊ မဟုတ်ကိုပိုင်းခြားဝေဖန်ကြရန်လိုသည်။ ပတိရူပဒေသဆိုသည့်ဂုဏ်ဒြပ်များနှင့်ပြည့်စုံခြင်းမရှိဘဲ စိတ်အစဉ်တွင်ညစ်ညူးမှုများနှင့် ပြည့်နှက်နေသည့်ဝန်းကျင်တွင် ကံမကောင်းအကြောင်းမလှ၍ ရောက်ရှိနေသည်ဟုဆိုပါက မိမိအတွက် "ရေကြည်ရာမြက်နုရာ"ကို ရှာဖွေရန် ထိုဝန်းကျင်က ထွက်ခွာသွားရန်လိုသည်။

ကမ္ဘာကြီးက ရွာကြီးတစ်ရွာဖြစ်နေသည်ဟုဆိုသည့် ယနေ့ခေတ်တွင် မိမိတို့ မွေးဖွားရာဇာတိ ချက်ကြွေမွေးရပ်မြေကိုစွန့်ခွာ၍ တိုင်းတစ်ပါးသို့ သွားရောက်ကာ စီးပွားရှာကြသူများလည်း ရှိလာကြပြီဖြစ်သည်။ မိမိသွားလိုသည့်အရပ်ဒေသသည် စီးပွားရေး

> ❖ ကမ္ဘာကြီးက ရွာကြီးတစ်ရွာဖြစ်နေသည်ဟုဆိုသည့် ယနေ့ခေတ်တွင် မိမိတို့မွေးဖွားရာ ဇာတိချက်ကြွေမွေးရပ်မြေကို စွန့်ခွာ၍ တိုင်းတစ်ပါးသို့သွားရောက်ကာ စီးပွားရှာကြသူများလည်း ရှိလာကြပြီဖြစ်သည်။ မိမိသွားလိုသည့်အရပ်ဒေသသည် စီးပွားရေးရှုထောင့်က ကြည့်မည်ဆိုပါက မိမိနိုင်ငံထက် ပို၍သာလွန်သည်ဟု အပေါ်ယံက ထင်ရမြင်ရသော်လည်း တကယ်ရောက်သည့်အချိန်တွင် သူတော်ကောင်းတရားများ ထွန်းကားခြင်းမရှိသည့်အရပ်ဖြစ်နေသဖြင့် မိမိ၏ ကိုယ်ကျင့်စာရိတ္တပင် ပျက်ယွင်းသွားရုံသာမက ဘဝပါပျက်ရသည်ထိ ဖြစ်နိုင်သည်ကိုလည်း သတိပြုမိရန်လိုသည်။ ❖

ရှုထောင့်က ကြည့်မည်ဆိုပါက မိမိနိုင်ငံထက်ပို၍ သာလွန်သည်ဟု အပေါ်ယံကထင်ရမြင်ရသော်လည်း တကယ်ရောက်သည့်အချိန်တွင် သူတော်ကောင်းတရားများ ထွန်းကားခြင်းမရှိသည့် အရပ်ဖြစ်နေသဖြင့် မိမိ၏ကိုယ်ကျင့်စာရိတ္တပင် ပျက်ယွင်းသွားရုံသာမကဘဝပါ ပျက်ရသည်ထိဖြစ်နိုင်သည်ကိုလည်း သတိပြုမိရန်လိုသည်။ မည်မျှပင်တိုးတက်သည်ဟု ဆိုစေကာမူ ကိုယ်ချင်းစာတရားများနည်းပါးနေသည့် အချို့သောဝန်းကျင်များသည် မြန်မာလူမျိုး မျိုးဆက်သစ်လူငယ်များအတွက် တိုးတက်ရာအသိပညာအတတ်ပညာတို့ကို ပေးစွမ်းနိုင်ခြင်းမရှိပေ။

**တောပြောင်းမိခဲ့သူ**

မြတ်စွာဘုရားရှင်ဟောကြားခဲ့သည့် သကုဏဂ္ဃိဇာတ်တွင် ဘီလုံးငှက်ကလေးတစ်ကောင်သည် မိမိကျင်လည်ကျက်စားရာလယ်ကွင်းပြင် မြေစိုင်မြေခဲများကြားတွင် အစာရေစာရှာဖွေရသည်ကို ရောင့်ရဲတင်းတိမ်ခြင်းမရှိဖြစ်မိလေသည်။ ထိုအခါ ဘီလုံးငှက်ကလေးသည် လယ်ကွင်းပြင် ထိုအရပ်မှ စွန့်ခွာကာ တောအုပ်အစွန်ရှိ အခြားသောငှက်အပေါင်းတို့ကျက်စားရာနေရာသို့ ထွက်ခွာလေသည်။ ထိုအချိန်တွင် ကောင်းကင်မှနေ၍ မိမိ၏အစာရေစာကို ရှာဖွေနေသောသိမ်းငှက်သည် အရပ်ပြောင်းကာရောက်လာသည့် ဘီလုံးငှက်ကိုမြင်သည့်အခါ အလွယ်တကူပင် သုတ်ချီသွားလေသည်။

ထိုအခါ ဘီလုံးငှက်သည် "ငါသည် ကျင်လည်ရာဝန်းကျင်ကိုစွန့်ခွာ၍ အခြားတစ်ပါးအရပ်၌ကျင်လည်မိသဖြင့် ယခုကဲ့သို့ သိမ်းငှက်၏ ဖမ်းဆီးစားသောက်ခြင်းကို ခံရသည်။ ငါ၏ အရပ်၌သာနေရပါမူ ဤသိမ်းငှက်သည် ငါ့အား ဖမ်း၍မရနိုင်"ဟု မြည်တမ်းလေသည်။ ထိုစကားကိုသိမ်းငှက်ကြားသော် ဤဘီလုံးငှက်ကလေးသည် လွန်စွာသေးငယ်လှသဖြင့် ငါ၏လက်မှ မည်သည့်အကြောင်းပြချက်နှင့်မျှမလွတ်နိုင်ဟု စိတ်၌တွေးမိလေသည်။ "ဘီလုံးငှက်ငယ် သင်သည် မည်သည့်နေရာ၊ မည့်သည့်အရပ်တွင်ကျင်လည်စေကာမူ ငါကဲ့သို့သောသိမ်းငှက်ကြီးအနေဖြင့် လွယ်လင့်တကူထိုးသုတ်ယူနိုင်သည်။ သင်ကျင်လည်ရာအရပ်၌ သင့်အားလွှတ်၍ ပြန်လည်ထိုးသုတ်ပြမည်"ဟု ပြောလေသည်။

**ကိုယ့်အရပ်မှာ ကိုယ်ဘုရင်**

သိမ်းငှက်က ဘီလုံးငှက်ကို ကျင်လည်ရာအရပ်ဖြစ်သည့် မြေစိုင်မြေခဲတို့ကြားသို့ လွှတ်ပေး၍ "သင အဆင်သင့်ဖြစ်သည့်အခါ ငါ့အားပြောလေ"ဟု ပြောကာ ကောင်းကင်သို့ ပြန်တက်သွားလေသည်။ ဘီလုံးငှက်ကလေးက မြေစိုင်ခဲတစ်ခုပေါ်သို့တက်ကာ "အသင်သိမ်းငှက်၊ အသင်စွမ်းသော် ငါ့အားဖမ်းလော့"ဟု အော်ဟစ်စိန်ခေါ်လေသည်။ အလွန်သေးငယ်၍ ခွန်အားအရာဖြင့် မိမိအောက် အဆပေါင်းများစွာနည်းပါးသည့် ငှက်ကလေးတစ်ကောင်က စိန်ခေါ်သည်ကိုဒေါသဖြစ်သဖြင့် မြန်သောအရှိန်ဖြင့် ကောင်းကင်ထက်မှဆင်းသက်ကာ ထိုးသုတ်လေသည်။ ဘီလုံးငှက်သည် သိမ်းငှက်မိမိအနားသို့ ရောက်ခါနီးတွင် မြေစိုင်ခဲအောက်သို့ ရုတ်တရက်ဝင်လိုက်သည့်အခါ အရှိန်မထိန်းနိုင်သည့် သိမ်းငှက်သည် မြေစိုင်ခဲကို ရင်ဖြင့်တိုက်၍ သေပွဲဝင်ရလေသည်။

ဘီလုံးငှက်သည် ကျင်လည်ရာအရပ်ကို စွန့်ခွာမိသည့်အခိုက်အတန့်တွင် သိမ်းငှက်၏ ဖမ်းဆီးခြင်းကို ခံရသည်။ သိမ်းငှက်သည်လည်း မိမိကျင်လည်ရာအရပ်မဟုတ် မိမိမကျွမ်းဝင်သည့် မြေစိုင်မြေခဲများရှိရာအရပ်တွင် အလွန်သေးငယ်သည့် ဘီလုံးငှက်ကိုပင် မဖမ်းနိုင်ဘဲ အသက်ကိုပင်ပေးရလေသည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိကျင်လည်ရာဝန်းကျင်ကိုစွန့်ခွာ၍ အခြားသောအရပ်ဒေသတစ်ခုကိုပြောင်းကာ အသက်မွေးဝမ်းကျောင်းပြုမည်ဆိုပါက မိမိအားထိုးသုတ်မည့် သိမ်းငှက်များ၏ရန်ကို ကာကွယ်သွားနိုင်ရန်လိုမည်ဖြစ်သည်။ တိုင်းတပါးသည် မိမိတို့အားကျအတုယူရမည့်အချက်များရှိသည်ဆိုသော်လည်း မိမိတို့အတွက် ကျင်လည်ရန်လွယ်ကူမည့်အရပ်ဟု ပုံသေမှတ်ယူ၍မရပေ။ မြေစိုင်မြေခဲများကြားတွင် အစာရေစာရှားပါးသော်လည်း သိမ်းငှက်ရန်က ဝေးနိုင်သည်ကိုတော့ သတိပြုမိရန်လိုသည်။

**တို့အိမ်ကလေးလှဖို့လို**

ဘဝအသိပညာအပါအဝင် အရာရာကိုသင်ယူလိုစိတ်ဖြင့် လန်းဆန်းတက်ကြွနေသည့်လူငယ်များ၏ စိတ်အစဉ်ကို ကြည်လင်လန်းဆန်းစေသည့် လူမှုပတ်ဝန်းကျင်ကောင်းတစ်ခုရှိရန်လိုသည်။ အတွေးအမြင်အသစ်အဆန်းများနှင့် ဘဝတက်လမ်းကို အစဉ်တစိုက်ရှာဖွေလိုကြသည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိကျင်လည်ရာဝန်းကျင်တွင်လည်း မိမိတို့ဘဝတိုးတက်လမ်းများရှိနေနိုင်သည်ကို သတိပြုမိကြရန်လိုသည်။ ကိုယ်တိုင်သင့်တင့်မျှတသော တိုးတက်မှုကိုဖြစ်စေသော ဝန်းကျင်အရပ်တွင် ကျင်လည်ကျက်စားလိုသည်ဟုဆိုပါလျှင် အခြားသူများကလည်း ထိုကဲ့သို့ဖြစ်နေမည်ကို သတိပြုမိရန်လိုသည်။ ကျင်လည်ရာဝန်းကျင်ကောင်း လိုသည်ဆိုရာတွင် ကောင်းမည်ထင်သည့်အရပ်ကို ရှာဖွေခြင်းထက် မိမိဝန်းကျင်ကို ကောင်းမွန်အောင် မိမိတတ်စွမ်းသမျှ ကြိုးစားပြုပြင်ကြရန်လိုသည်ကိုလည်း မမေ့အပ်ပေ။


ဘုရားလောင်းတို့သည် ဘုရားဖြစ်ရန် အချိန်တန်သည့်အခါတွင် လူ့ပြည်တွင် ပဋိသန္ဓေတည်နေကာ လူအဖြစ်ကိုရယူ၍ လူ့လောကကို ကောင်းမှုများဖြင့် ပြည့်နှက်သွားအောင်ကြိုးစားကာ တရားဓမ္မများကို ဟောကြားပြသကြသည်။ မိမိတို့ မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိတို့မွေးဖွားလာသည့် ဇာတိချက်ကြွေ မွေးရပ်မြေကို ကောင်းကျိုးပြုရန်တာဝန်ရှိသည်။ "မကောင်းမင့်အိမ် ကောင်းမင့်အိမ်တည့် မင့်အိမ်ရွှဲစို အမိုးယိုသော် မငြိုသင့်ပါ မင်းတက်ဖာပေါ့ အကာအခင်း ပျက်ယိုယွင်းသော် မငြင်းစေချင် မင်းဆက်ပြင်ပေါ့ အခွင်အနဲ့ အရွဲ့အစောင်းမကောင်းမပြေ ဟောင်းထွေထွေကို အခြေနှင့်မျှ ဉာဏ်ဖြင့်ဆ၍ လုံ့လသက်သွင်း သစ်စေမင်း"ဆိုသည့် ဆရာဇော်ဂျီ၏ကဗျာသည် လူငယ်များကို လှုံ့ဆော်သကဲ့သို့ပင် မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိကျင်လည်ရာဝန်းကျင်ကို မိမိတို့ကိုယ်တိုင် ကြိုးစားပြုပြင်ကြရန်လိုသည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့် "ပတိရူပဒေသဝါသောစ"ဆိုသည့်မင်္ဂလာတရားတော်နှင့်အညီ ကောင်းမွန်သောပတ်ဝန်းကျင်တွင် ရှင်သန်ကြီးပြင်းလာရေး ကြိုးစားရမည်ဖြစ်သည်။ ထို့ပြင် မိမိမွေးဖွားရှင်သန်ရာမွေးရာဇာတိလူမှုပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ လောကပါလတရားတို့ထွန်းကားရေးနှင့် စီးပွားရေး၊ ကြီးပွားရေးတို့အတွက် တတ်စွမ်းသမျှ ကြိုးစားသွားရမည်ဖြစ်သည်။ တစ်ရွာမပြောင်းသူကောင်းမဖြစ်ဟုသဘောထား၍ တိုင်းတပါးကိုအားကျ၍ ထိုအရပ်ဒေသသို့သွားရောက်ကာ အသက်မွေးဝမ်းကျောင်းပြုမည်ဆိုပါက ဘီလုံးငှက်ကဲ့သို့ သိမ်းငှက်၏ထိုးသုတ်ခြင်းကိုခံရကာ သေချင်သည့်ကျား တောပြောင်းဆိုသကဲ့သို့လည်း ဖြစ်နိုင်သည်ကိုလည်း သတိပြုရမည်ဖြစ်သည်။ ပညာဉာဏ်ဖြင့် ပိုင်းခြားဆင်ခြင်ကာ "ပတိရူပဒေသဝါသောစ" မင်္ဂလာပြည့်ဝကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

- ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုများ၊ သကုဏဂ္ဃိဇာတ်၊
- နေ့စဉ်ထုတ်သတင်းစာများ။

# တေးသံရှင် ဖြိုးပြည့်စုံ၊ အောင်ထက်၊ မိစန္ဒီ၊ နီနီခင်ဇော်၊ ဂျူဝယ်တို့၏ Friends Universe တေးဂီတဖျော်ဖြေပွဲ ပြုလုပ်မည်




**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

တေးသံရှင် ဖြိုးပြည့်စုံ၊ အောင်ထက်၊ မိစန္ဒီ၊ နီနီခင်ဇော်၊ ဂျူဝယ်တို့၏ Friends Universe တေးဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၂၈ ရက်တွင်ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဖြိုးပြည့်စုံထံမှ သိရသည်။

တေးသံရှင် ဖြိုးပြည့်စုံ၊ အောင်ထက်၊ မိစန္ဒီ၊ နီနီခင်ဇော်၊ ဂျူဝယ်တို့၏ Friends Universe တေးဂီတဖျော်ဖြေပွဲကို Exclusive Broadcast Partner အဖြစ် Channel K ရုပ်သံလိုင်းက အားဖြည့်ပေးထားပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကိုလည်း Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

"ဂီတကို ရူးသွပ်စွာတန်ဖိုးထား ချစ်မြတ်နိုးကြတဲ့ ကျွန်တော်တို့ သူငယ်ချင်းငါးယောက်ရဲ့ အမှတ်တရတွေ အတူတူဖန်တီးရင်း ခံစားချက်တွေကို အပြင်မှာပါ အပြည့်အဝစီးမျောနိုင်ဖို့၊ မတူညီတဲ့စွမ်းအင်၊ ကွဲပြားခြားနားတဲ့ ဂီတအမျိုးအစားတွေနဲ့ အမိုက်စားဖျော်ဖြေမှုတွေကို မြင်တွေ့ရဖို့ ဖေဖော်ဝါရီ ၂၈ ရက်မှာ ကျင်းပမဲ့ Friends Universe ပွဲမှာ ဆုံတွေ့ကြရအောင်" ဟု တေးသံရှင် ဖြိုးပြည့်စုံက ပြောပြသည်။

အဆိုပါ Friends Universe တေးဂီတဖျော်ဖြေပွဲကို Reddy Global music၊ Channel K ရုပ်သံလိုင်း၊ ရွှေစင် Even Creation တို့က စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ASH

# Peaked ဟာသရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ကွန်နာစတော်ရီ ပါဝင်ဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၂၀**

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Peaked ဟာသရုပ်ရှင် ဇာတ်ကားသစ်၌ မင်းသား ကွန်နာစတော်ရီ ပါဝင် သရုပ်ဆောင်ဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၁၉ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် မင်းသား ကွန်နာစတော်ရီသည် Peaked ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် A24 ရုပ်ရှင်ကုမ္ပဏီ တာဝန်ရှိသူများနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ် သဘောတူညီချက် ရရှိခဲ့ပါက မင်းသား ကွန်နာစတော်ရီသည် Peaked ဇာတ်ကား၌ မင်းသမီး အမ်မာမက်ကေး၊ မော်လီဂေါ်ဒွန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

မင်းသား ကွန်နာစတော်ရီသည် HBO Max ၏ Heated Rivalry ရုပ်သံဇာတ်လမ်းတွဲဖြင့် ထင်ရှားသူဖြစ်ကြောင်း သိရသည်။

Peaked ဇာတ်ကားသည် အထက်တန်းကျောင်းသူ ဘဝ၌ အကျီစယ်သန်သည့် မိန်းကလေး နှစ်ဦး ပြန်လည်တွေ့ဆုံခဲ့ကြပြီးနောက် ပေါ်ထွက်လာမည့် အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

ထိုဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ မော်လီဂေါ်ဒွန်က တာဝန်ယူရိုက်ကူးမည် ဖြစ်ပြီး ရိုက်ကူးရေးလုပ်ငန်းကို ယခုလအတွင်း စတင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# အမျိုးသမီးတေးသံရှင် နှစ်ဦးပါဝင်သည့် No အဖွဲ့၏ တေးဂီတဖျော်ဖြေပွဲကို ဗိုလ်တထောင်မြို့နယ်ရှိ Chit Thu Bazaar ၌ ပြုလုပ်မည်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

အမျိုးသမီးတေးသံရှင် နှစ်ဦး




ပါဝင်သည့် No အဖွဲ့၏ တေးဂီတဖျော်ဖြေပွဲကို မတ် ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် Chit Thu Bazaar ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ No အဖွဲ့မှ တေးသံရှင် ရည်မွန်ထံမှ သိရသည်။

အမျိုးသမီးတေးသံရှင် နှစ်ဦး ဖြစ်သည့် ရည်မွန်နှင့် ရတနာတို့ ပါဝင်သော No အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Chit Thu Bazaar ၏ နှစ်နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲအဖြစ် သီဆိုဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

"90's Born တွေ အကြိုက်ဆုံး မိန်းကလေးအဖွဲ့ဖြစ်တဲ့ No Girl Band Myanmar ဖြစ်ပါတယ်။ မတ် ၂ ရက်မှာ Chit Thu Bazaar မှာ No အဖွဲ့ရဲ့ သီဆိုဖျော်ဖြေမှုကို နားဆင်ခံစားရင်း ငယ်ဘဝအမှတ်တရတွေ ပြန်လည်သတိရစေဖို့ ကြွလှမ်းခဲ့ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် ရည်မွန်က ပြောပြသည်။

No အဖွဲ့၏ တေးဂီတဖျော်ဖြေပွဲတွင် No အဖွဲ့နှင့်အတူ DJ Artist များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့် နာမည်ကျော် Dancer များကလည်း ကကွက်စုံလင်စွာဖြင့် အားဖြည့်ဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Skeletons ထိတ်လန့်သည်းဖိုဇာတ်ကား ရိုက်ကူးရေးအတွက် ဆိုနီကုမ္ပဏီ စီစဉ်နေ

**နယူးယောက် ဖေဖော်ဝါရီ ၂၀**

Skeletons အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရေးအတွက် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်နေကြောင်း ဖေဖော်ဝါရီ ၁၉ ရက် သတင်းများအရ သိရသည်။

Skeletons ဇာတ်ကားတွင် မင်းသမီး ဘရီးလာဆင်က အဓိက ဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားကို Strange Darling ဒါရိုက်တာ ဂျေတီမော်နာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Skeletons ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဂျေတီမော်နာက ဇာတ်ညွှန်းရေးဆရာ ဘရိုင်ယန်ဒပ်ဖီးနှင့် ပူးတွဲရေးသားထားကြောင်း သိရသည်။

လက်ရှိတွင် Skeletons ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်အိမ် အသေးစိတ်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

Skeletons ဇာတ်ကား၏ ထုတ်လုပ်သူအဖြစ် ကမ္ဘာကျော် ဒါရိုက်တာ ဂျေဂျေအေဘရမ်က တာဝန်ယူထားကြောင်းသိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Burma Beauty Group Art Exhibition ပန်းချီပြပွဲကို ဗဟန်းမြို့နယ်ရှိ Chatrium Hotel တွင် ပြုလုပ်သွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

Kalasa Art Space Art Gallery က စီစဉ်တင်ဆက်သည့် Burma Beauty Group Art Exhibition ပန်းချီပြပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ Chatrium Hotel တွင် ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၂၁ ရက် ထိ ပြုလုပ်သွားမည် ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီအောင်ကို ထံမှ သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပန်းချီ အောင်ကို၊ အောင်နိုင်၊ အောင်မင်းဘော်၊ အောင်စည်သူ၊ မောင်နေခြည်၊ ထူးအောင်ကျော်၊ ရွှေသိန်း၊ ကိုမောင်ကျော်သန်း၊ ကျော်လင်းတို့၏ မတူကွဲပြားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ခဲခြစ်ပန်း အမျိုးအစားစုံ၊ အကြောင်းအရာစုံ ပန်းချီကားချပ်များကို တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံဟာ အလွန်လှပတဲ့ နေရာတစ်ခုပါ။ ဘယ်နေရာကိုပဲ ကြည့်ကြည့် သူ့အလှတရားကို တွေ့နေရပါတယ်။ တောတောင် ရှုခင်းတွေ၊ စေတီပုထိုးတွေ၊ မြန်မာပြည်သူပြည်သားတို့ရဲ့ ချစ်စရာ ဓလေ့အစဉ်အလာတွေ စုံလို့ပါပဲ။ ဒီအလှတရားတွေကို တစ်မျိုးစီ မတူအောင် ဖန်တီးပုံဖော်ထားတဲ့ ပန်းချီကားတွေကို အတူတကွ စုစည်းပြီး Burma Beauty Group Art Exhibition လို့ အမည်ရတဲ့ ပြပွဲလေးကို Chatrium Hotel မှာ ပြသမှာဖြစ်ပါတယ်။ ဒီပြပွဲလေးမှာ မြန်မာ့အလှတွေကို အမြင်အရ ခံစားနိုင်ရုံသာမက မြန်မာတို့ရဲ့ စိတ်ရင်းအနှစ်သာရကိုပါ ခံစားပေးဖို့ရည်သန်လျက် ပြပွဲကို ဖေဖော်ဝါရီ ၂၂ ရက်ကနေ မတ် ၂၁ ရက် ထိ လာရောက်ကြည့်ရှုခံစားဖို့ ဖိတ်ကြားလိုက်ပါရစေ" ဟု ပန်းချီအောင်ကိုက ပြောပြသည်။

ထို့ပြင် အဆိုပါပြပွဲတွင် မြန်မာနိုင်ငံ၌ နေထိုင်လျက်ရှိသော ပြည်သူများနှင့် ရိုးရာယဉ်ကျေးမှုများအပေါ် နက်နက်ရှိုင်းရှိုင်း ချိတ်ဆက်မှုရှိသည့် ဂျာမန်အနုပညာ ဓာတ်ပုံဆရာ Jens Uwe Parkitny ကလည်း ချင်းအမျိုးသမီးများ၏ ပုံရိပ်များကို အခြေခံသုတေသန ပြုလုပ်၍ ရိုက်ကူးထားသည့် လက်ရာများကိုလည်း ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ ၃၆ x ၂၄ လက်မ၊ ၂၄ x ၂၄ လက်မ၊ ၁၈ x ၂၄ လက်မ၊ ၁၈ x ၁၈ လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ပန်းချီကားတစ်ချပ်လျှင် အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ် ၂၅ သိန်းထိ ရှိကြောင်း သိရသည်။

ASH

# KIA and PDF combined terrorists brutally attack ATR-72-600 passenger aircraft of MNA preparing to depart from Myitkyina Airport for Mandalay with FPV suicide drones



ATR-72-600 passenger aircraft of MNA that faced attack by KIA and PDF combined terrorists using FPV suicide drones.


Photo shows damage to ATR-72-600 passenger aircraft of MNA caused by FPV suicide drone attack.

**Nay Pyi Taw February 20**

KIA and PDF terrorist combined groups, with the intention of undermining regional development, disrupting the government's administrative mechanisms, and destabilizing local peace and security, have been recklessly carrying out destructive acts. These include planting mines and blowing up infrastructure such as roads, bridges, schools, and hospitals; launching long-range rocket attacks; and using drones to drop bombs in brutal assaults. On 12 February, they committed an attack on the airport in Myitkyina, Kachin State, using FPV suicide drones.

While such terrorist acts continue, at around 8:12 pm on 20 February, KIA and PDF terrorist combined groups carried out another attack. An ATR-72-600 passenger aircraft operated by Myanmar National Airlines (MNA), which plays a vital role in facilitating civilian travel and the swift flow of goods unrelated to military affairs, was at Myitkyina Airport preparing to depart for Mandalay after boarding passengers. At that time, KIA and PDF terrorist combined groups launched a malicious attack using FPV suicide drones with the intent to cause death and injuries among civilian passengers.

In the incident, the aircraft sustained minor damage after being struck by bomb fragments on the nose section, the mid-fuselage, and the tail. Security personnel promptly carried out necessary evacuations to safe areas and conducted assistance and rescue operations. There were no injuries or fatalities among passengers or crew members in the incident.

The deliberate attack on a civilian airline that significantly supports public transport and the swift flow of commodities unrelated to military affairs constitutes a war crime under the Geneva Conventions and international law. Hence, not only local residents but also people across the country have strongly condemned and denounced these terrorist acts with revulsion. Security forces are continuing to carry out necessary area security operations and will undertake effective and firm countermeasures. 100

# Sunflower planted on more than 16,000 acres of croplands in Mingin Township

**Mingin February 20**

Local farmers cultivated 16,337 acres of sunflower in Mingin Township of Sagaing Region this year, according to the township department of Agriculture.

During the 2025-2026 winter cropping season in Mingin Township, a total of 16,335 acres of sunflower were targeted for cultivation. Planting began in October 2025, and to date, 16,337 acres have been successfully cultivated.

"In Mingin Township, we targeted 16,335 acres of sunflower during the winter cropping season and have cultivated 16,337 acres. To reduce reliance on imported palm oil, we are expanding the cultivation of oilseed crops such as sunflower. Sunflower, as an oilseed crop, yields more oil per acre compared to groundnut and sesame. Sunflower is cultivated only during the winter season," said Daw Hayman Kyaw Win, Head of the Township Department of Agriculture in Mingin Township.

To promote expanded sunflower cultivation in Mingin Township, the Township Department of Agriculture has been accelerating agricultural training programs and enhancing the capacity of both staff and sunflower-growing farmers through intensified training activities.

Arrangements are also being made to supply seeds to farmers cultivating sunflower, to sell urea fertilizer at affordable prices, and to distribute produced sunflower seeds through farmer-to-farmer exchange systems.

206

# Iranian FM discusses indirect U.S. talks with Egyptian, Russian counterparts

**Tehran February 20**

Iranian Foreign Minister Seyed Abbas Araghchi on Friday held separate phone calls with his Egyptian and Russian counterparts over the latest developments regarding indirect nuclear talks between Iran and the United States.

In his conversation with Egyptian Foreign Minister Badr Abdelatty, Araghchi highlighted efforts to prepare a draft for the negotiations based on mutual respect and interests regarding the second round of talks with Washington, which was held in Geneva on Tuesday, said the Iranian Foreign Ministry.

Abdelatty, for his part, welcomed the ongoing diplomatic process between Iran and the United States, urging that the consultations continue to achieve an "acceptable" framework for the involved parties.

Separately, Araghchi and Russian Foreign Minister Sergey Lavrov discussed "the current situation with the Iranian nuclear program, including with due regard for the outcome of the indirect U.S.-Iranian contacts held in Geneva," according to the Russian Foreign Ministry.

Lavrov reaffirmed Russia's support for the negotiation process aimed at "finding equitable political and diplomatic solutions based on respect for Iran's legitimate rights, in accordance with the principles of the Non-Proliferation Treaty."

Xinhua

# Japan's core consumer prices rise 2.0 pct on year in January

**Tokyo February 20**

Japan's core consumer prices in January increased 2.0 percent from a year earlier, marking a two-year low and matching the central bank's inflation target, government data showed Friday.

The increase in the core consumer price index (CPI), excluding volatile fresh food costs, slowed from a 2.4 percent gain in December, according to the Ministry of Internal Affairs and Communications.

The deceleration was largely due to the effect of fuel subsidies, the abolition of a provisional gasoline tax and the base effect of last year's surge in food prices, the data showed.

Core-core CPI, which strips away both energy and fresh food to reflect underlying price trends, increased 2.6 percent year-on-year in January.

Food prices, excluding fresh items, rose 6.2 percent in January, slowing from a 6.7 percent growth in the previous month, while energy costs fell 5.2 percent after a drop of 3.1 percent in December.

Xinhua


Customers dine at a restaurant in Tokyo, Japan, Feb. 20, 2026.

# Rainfed paddy harvested in KhinU Township



A field of monsoon paddy being harvested using machinery.

**KhinU February 20**

Statistics of KhinU Township Agriculture Department stated that local farmers harvested all sown acreage of rainfed in KhinU Township of Sagaing Region this year.

In KhinU Township, 98,799 acres of rainfed paddy were cultivated during the monsoon cropping season. Harvesting of the cultivated monsoon paddy began in November 2025, and as of today, harvesting has been completed on 100 per cent of the acreage, with an average yield of 81.55 baskets per acre.

"In KhinU Township, a total of 98,799 acres of monsoon paddy were cultivated. At present, harvesting has been completed on all acres. Necessary agricultural techniques and quality seeds were provided for monsoon paddy cultivation. Field visits were also carried out to help farmers plant their crops on time," said U Nay Win Naing, Head of the Township Department of Agriculture in KhinU.

It is reported that in order to ensure systematic cultivation of monsoon paddy without difficulties during the monsoon season, the Township Department of Agriculture and local farmers worked together in cooperation.

In KhinU Township, monsoon paddy farmers were provided with agricultural technical assistance, pest prevention and control education, awareness on preventing crop losses, and guidance to ensure harvested paddy was transported under shelter in a timely manner.

To achieve successful cultivation and good yields from the monsoon paddy fields in KhinU Township, staff from the Township Department of Agriculture have been conducting field-level support activities, including selecting high-quality and pure seed varieties, pest surveillance, harrowing and weeding, rogueing of off-type plants, and systematic application of fertilizers. 206

# More than 1,000 acres of sweet corn planted in Kyunhla Township

**Kyunhla February 20**

According to the township Agriculture Department, local farmers grew 1,338 acres of sweet corns in Kyunhla Township of Sagaing Region this year.

During the 2025-2026 winter cropping season in Kyunhla Township, a total of 1,337 acres of sweet corn were targeted for cultivation. Planting began in October 2025, and to date, 1,338 acres have been successfully cultivated,.

"In Kyunhla Township, we targeted 1,337 acres of sweet corn during the winter cropping season and have completed cultivation on 1,338 acres. To ensure successful crop growth, we are providing awareness and educational support, including measures to prevent pest and disease infestation. Sweet corn cultivation has been increasing year by year," said Daw Myint Myint Yi, Head of the Township Department of Agriculture in Kyunhla Township.

In Kyunhla Township, the Township Department of Agriculture has been providing training sessions and conducting field demonstrations for sweet corn farmers. Awareness activities are also being carried out on preventive measures against fall armyworm, the use of neem-based pesticides under an integrated crop protection system, and the application of ginger- and chili-based pest control methods, along with other agricultural technical guidance.

In sweet corn cultivation, yields reach about 15,000 ears per acre, with cultivation costs exceeding K500,000 per acre. 206

# Farmers harvest all rainfed paddy in Monywa Township

**Monywa February 20**

Monywa Township Department of Agriculture mentioned that local farmers have harvested all sown acreag of rainfed paddy in Monywa Township of Sagaing Region.

They planted 4,008 acres of rainfed paddy in Monywa Township. Starting from November 2025, they harvested the crops and so far, they have harvested all sown acreage of paddy, yielding 85.44 baskets per acre.

"In Monywa Township, a total of 4,008 acres of rainfed paddy were cultivated. At present, harvesting has been completed on 100 percent of the cultivated acreage. Necessary agricultural techniques and quality seeds were provided for monsoon paddy cultivation. Field visits were also carried out to help farmers plant their crops on time," said U Soe Thet Aung, Head of the Township Department of Agriculture in Monywa Township.

It is reported that during the monsoon cropping season in Monywa Township, the Township Department of Agriculture and local farmers cooperated to ensure systematic cultivation of monsoon paddy without difficulties.

Monsoon paddy farmers in the township were provided with agricultural technical assistance, pest prevention and control education, awareness to prevent crop losses, and guidance to ensure harvested paddy was transported under shelter in a timely manner.

To achieve successful cultivation and good yields from the monsoon paddy fields in Monywa Township, staff from the Township Department of Agriculture have been conducting field-level support activities, including selecting high-quality and pure seed varieties, pest surveillance, harrowing and weeding, rogueing of off-type plants, and systematic application of fertilizers.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pantanaw Township supplies large volume of taro to Yangon market in Jan

**Pantanaw February 20**

Local businesspersons from Pantanaw Township of Ayeyawady Region sent a large volume of taro to Yangon market in January, said Daw Aye Maw, the owner of green grocery trader in Pantanaw Township.

They could sent 50,000 viss of taro to Yangon in December 2025, compared to 66,000 viss in January 2026.

"Over the past month, up to 66,000 viss of taro have been shipped and sold to the Yangon market. The taro exported from Pantanaw Township is of good quality. From Pantanaw, we mainly send agricultural products to the Yangon market. As buyers in Yangon are purchasing large quantities of taro produced in our region, shipments have increased. These are locally grown taro cultivated by farmers from this area," said Daw Aye Maw.

It is reported that during the past month, taro exported from Pantanaw Township to the Yangon market has been priced at up to K72,000 per 10 viss. As sales of taro have improved, farmers, traders, cargo handlers, and freight vehicle rental operators are gaining job opportunities.

Kyaw Kyaw Lin


Taros seen at a local market.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံက Karakurt-R မိုက်ခရိုကင်းထောက်ဒရုန်းစနစ်သစ်ကို ပွဲထုတ်ပြသ



ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ကျင်းပလျက်ရှိသော World Defense Show 2026 (WDS 2026) စစ်လက်နက်ပစ္စည်းပြပွဲကြီး၌ ရုရှားနိုင်ငံ၏ ထိပ်တန်းစစ်ဘက် ထုတ်ကုန်လုပ်ငန်းစုဖြစ်သည့် Kalashnikov Group သည် ခေတ်သစ်စစ်မြေပြင်၏ လိုအပ်ချက်ကို ကောင်းစွာဖြည့်ဆည်းပေးနိုင်မည့် Karakurt-R အမည်ရှိ မိုက်ခရိုကင်းထောက် ဒရုန်းစနစ်သစ်ကို ကမ္ဘာ့ရှေ့မှောက်သို့ အောင်မြင်စွာ ပွဲထုတ်ပြသလိုက်ပြီဖြစ်သည်ဟု Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစနစ်သည် သမားရိုးကျ ဒရုန်းများကဲ့သို့ သီးသန့်ကျွမ်းကျင်တပ်ဖွဲ့ဝင်များမလိုဘဲ ခြေလျင်တပ်စိတ်ငယ်များ၊ အထူးစစ်ဆင်ရေးတပ်ဖွဲ့များနှင့် လုံခြုံရေးအဖွဲ့များက လက်ဝယ်ထားရှိကာ စက္ကန့်ပိုင်းအတွင်း အသုံးပြုနိုင်သည့် ကိုယ်တွယ်ရလွယ်ကူသော ကောင်းကင်ယံကင်းထောက်မှန်ပြောင်းတစ်ခုအဖြစ် ပုံဖော်ထားခြင်းဖြစ်သည်။ ၎င်းသည် အထူးသဖြင့် ရှုပ်ထွေးသော မြို့ပြတိုက်ပွဲများနှင့် မြေမျက်နှာသွင်ပြင် အကန့်အသတ်ရှိသော နေရာများတွင် စစ်သည်တော်များအတွက် အသက်သွေးကြောသဖွယ် အရေးပါသော နည်းပညာ ဖြစ်လာမည်ဖြစ်သည်။

Karakurt-R စနစ်၏ အဓိကထူးခြားချက်မှာ ၎င်း၏ ဒီဇိုင်းကျစ်လျစ်မှုနှင့် လက်တွေ့ဆန်မှုပင်ဖြစ်သည်။ စုစုပေါင်း အလေးချိန် ဂရမ် ၃၀၀ သာရှိသော ဤမိုက်ခရိုဒရုန်းကို စစ်သည်တစ်ဦးချင်းစီ၏ ကိုယ်ပိုင်အသုံးအဆောင်များအကြား အလွယ်တကူ ထည့်သွင်းသယ်ဆောင်နိုင်ပြီး အထူးပြုလုပ်ထားသော ပြွန်အတွင်းမှ ပစ်လွှတ်နိုင်သည့် (Tube-launched) စနစ်ကြောင့် ကျဉ်းမြောင်းသော ကျုံးများ၊ အဆောက်အအုံအတွင်းပိုင်းများနှင့် ယာဉ်များပေါ်မှနေ၍ ရန်သူကမရိပ်မိစေဘဲ ဘေးကင်းစွာလွှတ်တင်နိုင်သည်။ နည်းပညာပိုင်းအရ ၎င်းသည် တစ်နာရီလျှင် ၂၅ ကီလိုမီတာ အရှိန်နှုန်းဖြင့် ပျံသန်းနိုင်ကာ ထိန်းချုပ်သူထံမှ နှစ်ကီလိုမီတာ (မီတာ ၂၀၀၀)အကွာအဝေးထိ စိတ်ချစွာလွှတ်တင်နိုင်သည်။ လျှပ်စစ်မော်တာစနစ်ကို အသုံးပြုထားခြင်းကြောင့် အသံနှင့် အပူလှိုင်းထွက်ရှိမှု အလွန်နည်းပါးကာ ရန်သူ၏ထောက်လှမ်းမှုကို ရှောင်ကွင်းနိုင်သည့်အပြင် မိနစ် ၂၀ ကြာ ပျံသန်းနိုင်စွမ်းရှိခြင်းက တပ်စိတ်ငယ်များအတွက် အရေးကြီးသော ဆုံးဖြတ်ချက်များကို အချိန်နှင့်တစ်ပြေးညီချမှတ်နိုင်စေပြီး ခိုင်မာသော သတင်းအချက်အလက်များကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

ဤဒရုန်းစနစ်၏ ခိုင်မာသောအချက်မှာ စနစ်တစ်စုံ (Standard Set) အတွင်း၌ပင် နေ့ညမရွေးကင်းထောက်နိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ပြပွဲတွင် တင်ပြချက်အရ Karakurt-R စနစ်တစ်ခုတွင် ဒရုန်းလေးစင်းစီပါဝင်ပြီး ၎င်းတို့အနက် နှစ်စင်းမှာ နေ့ဘက်သုံးဗီဒီယိုကင်မရာများ တပ်ဆင်ထားကာ ကျန်နှစ်စင်းမှာ ညဘက်နှင့် မြင်ကွင်းမပြတ်သားသည့်အခြေအနေများတွင် အသုံးပြုနိုင်သည့် အပူရှာအာရုံခံ (Thermal/Night Vision) စနစ်များပါဝင်သည်။ ရုရှားကာကွယ်ရေးဝန်ကြီးဌာနသည် ဤနည်းပညာကို နောင်လာမည့် Legioner ခေါ် အဆင့်မြင့်စစ်သည်အသုံးအဆောင်စနစ်တွင် အခြေခံပစ္စည်းတစ်ခုအဖြစ်ထည့်သွင်းရန် စီစဉ်နေပြီဖြစ်ရာ ၎င်းသည် ဒရုန်းကို အထူးလက်နက်တစ်ခုအဖြစ်မဟုတ်ဘဲ ခေတ်သစ်ခြေလျင်စစ်သည်တိုင်းအတွက် မရှိမဖြစ်လိုအပ်သည့် "စံနှုန်းမီကိရိယာ" တစ်ခုအဖြစ် အသွင်ပြောင်းလဲလိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

ဤသို့ဖြင့် ရုရှားနိုင်ငံသည် ယူကရိန်းစစ်မြေပြင်မှရရှိသော လက်တွေ့သင်ခန်းစာများကိုအခြေခံကာ ကမ္ဘာ့စစ်လက်နက်ဈေးကွက် အထူးသဖြင့် အရှေ့အလယ်ပိုင်းနှင့် အာရှဒေသများအတွက် အထိရောက်ဆုံးသော မြို့ပြစစ်ဆင်ရေးလက်နက်ကို အောင်မြင်စွာ ပွဲထုတ်ပြသနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**World Defense Show 2024: Kalashnikov Group from Russia unveils karakurt-R micro reconnaissance ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီနိုင်ငံက ပိုလန်ထုတ် Piorun ဒုံးကျည်စနစ်ကို ဝယ်ယူရန် စိတ်ဝင်စားနေ

ဥရောပ၏ စစ်လက်နက်ပစ္စည်းထုတ်လုပ်မှုအားကောင်းလာသည်နှင့်အမျှ ဂျာမနီနိုင်ငံသည် ပိုလန်နိုင်ငံထုတ် Piorun ပခုံးထမ်း လေကြောင်းရန်ကာကွယ်ရေးဒုံးကျည် (MANPADS)များကို ဝယ်ယူရန် စိတ်ဝင်စားနေကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤခြေလှမ်းသည် ပိုလန်၏ စစ်လက်နက်ထုတ်လုပ်မှုအဆင့်အတန်းကို ကမ္ဘာက အသိအမှတ်ပြုလာခြင်းဖြစ်ကြောင်း ပိုလန် ဒုတိယကာကွယ်ရေးဝန်ကြီး Cezary Tomczyk က ထုတ်ဖော်ပြောကြားခဲ့သည်။

ဒုတိယကာကွယ်ရေးဝန်ကြီးက"ဂျာမနီက Piorun ဒုံးကျည်စနစ်ကို ဝယ်ယူဖို့ ကနဦးစိတ်ဝင်စားမှု ပြသလာတာဟာ ကျွန်တော်တို့ ပိုလန်စစ်လက်နက်စက်မှုကဏ္ဍရဲ့ တီထွင်ဆန်းသစ်မှုက ကမ္ဘာ့အဆင့်မီတယ်ဆိုတာကို သက်သေပြလိုက်တာပဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

သို့သော်လည်း ဝယ်ယူမည့်အရေအတွက်၊ တန်ဖိုးနှင့်အချိန်ကာလ အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိသေးဘဲ ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။

ပိုလန်ဝန်ကြီးချုပ် Donald Tusk ၏ ပြောကြားချက်အရ ဝယ်ယူမည့် ဒုံးကျည်အချို့ကို ဂျာမနီတပ်မတော်တွင် အသုံးပြုမည်ဖြစ်ပြီး ကျန်ရှိသောအစိတ်အပိုင်းများကိုမူ ယူကရိန်းတပ်ဖွဲ့များထံသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Piorun ဒုံးကျည်စနစ်ကို ပိုလန်အစိုးရပိုင် ကာကွယ်ရေးလုပ်ငန်းစုကြီးဖြစ်သည့် PGZ နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများက ၂၀၁၉ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ပိုလန်နိုင်ငံထုတ် Piorun ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်သည် နည်းပညာပိုင်းအရ အလွန်ခေတ်မီဆန်းသစ်သည့် လက်နက်တစ်ခုဖြစ်သည်။ အလျားနှစ်မီတာခန့်ရှိသော ဤဒုံးကျည်စနစ်ကို စစ်သည်တစ်ဦးတည်းကပင် လွယ်ကူစွာ ပခုံးထမ်းပစ်ခတ်နိုင်ရန် ဒီဇိုင်းထုတ်ထားပြီး အထူးသဖြင့် နိမ့်ပါးစွာပျံသန်းနေသော တိုက်လေယာဉ်များ၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များနှင့်ယနေ့ခေတ် စစ်မြေပြင်၏ အဓိကစိန်ခေါ်မှုဖြစ်သော ဒရုန်းအမျိုးမျိုးကို ထိရောက်စွာ ပစ်ချချေမှုန်းနိုင်သည်။ ဤဒုံးကျည်၏ ထူးခြားချက်မှာ အဆင့်မြင့် အပူရှာစနစ် (Infrared GOS) ကိုအသုံးပြုထားခြင်းဖြစ်ရာ ရန်သူ့လေယာဉ်များမှ ထွက်ပေါ်သောအပူလှိုင်းကို အတိအကျခြေရာခံနိုင်ပြီး ရန်သူက တန်ပြန်နှောင့်ယှက်သည့် (Decoys) အချက်ပြမှုများကိုပါ ခွဲခြားသိမြင်နိုင်သဖြင့် ပစ်မှတ်ကို လွဲချော်ခြင်းမရှိဘဲ တိကျစွာ ထိမှန်စေနိုင်သည်။



စွမ်းဆောင်ရည်ပိုင်းအနေဖြင့် Piorun ဒုံးကျည်သည် အသံထက်နှစ်ဆမြန်သော Mach 2(တစ်နာရီလျှင်၂၄၇၀ ကီလိုမီတာခန့်)အရှိန်နှုန်းဖြင့် ပျံသန်းနိုင်သဖြင့် ရန်သူ့လေယာဉ်များအတွက် ရှောင်တိမ်းရန် အလွန်ခက်ခဲလှသည်။ ၎င်းသည် ပစ်မှတ်များကို အနီးဆုံး မီတာ ၄၀၀ မှ အဝေးဆုံး ၆ ဒသမ ၅ ကီလိုမီတာ အကွာအဝေးထိ တိုက်ခိုက်နိုင်စွမ်းရှိပြီး အမြင့်ဆုံးပစ်ကွင်းအနေဖြင့် မီတာ ၄၀၀၀ ထိ ရောက်ရှိနိုင်သည်။

ထို့ပြင် ဒုံးကျည်၏ထိပ်ဖူးတွင် အလူမီနီယမ်မှုန့်နှင့် ပေါင်းစပ်ထားသော စွမ်းအားမြင့် Octogen ဓာတုပေါက်ကွဲစေတတ်သောပစ္စည်းများကို အသုံးပြုထားသဖြင့် ပစ်မှတ်ကိုထိမှန်သည့်အခါ ပြင်းထန်သောဖျက်အားကို ပေးစွမ်းနိုင်သည်။ ဤကဲ့သို့သော သေးငယ်ကျစ်လျစ်ပြီး စွမ်းအားကြီးမားသည့် ဂုဏ်သတ္တိများကြောင့်ပင် Piorun ဒုံးကျည်စနစ်သည် ဥရောပကာကွယ်ရေးစစ်လက်နက်ပစ္စည်းဈေးကွက်တွင်ဂျာမနီကဲ့သို့သော နိုင်ငံကြီးများကပင် အထူးစိတ်ဝင်စားရသည့် လက်နက်ကောင်းတစ်ခု ဖြစ်လာခြင်းဖြစ်သည်။ လက်ရှိတွင် ဘယ်လ်ဂျီယံ၊ ဆွီဒင်၊ နော်ဝေး၊ အမေရိကန်နှင့် ဘောလ်တစ်နိုင်ငံများကလည်း Piorun ဒုံးကျည်စနစ်ကို ဝယ်ယူအသုံးပြုနေကြပြီဖြစ်ကြောင်း သိရသည်။

**Germany Signals ‘Preliminary Interest’ in Poland’sPiorun MANPADS ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်ဖူးစားပြောင်း ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



ကျောက်မြောင်း ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၅၄၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီး တစ်ကေလျှင် ပြောင်းဖူးရေ ၁၄၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"ကျောက်မြောင်းမြို့နယ်ခွဲ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဖူးစားပြောင်း၁၅၄၅ ကေထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ဖူးစားပြောင်းခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)




# ပြင်ဦးလွင်မြို့နယ် ညောင်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဝက်ဝံကျေးရွာအုပ်စု ညောင်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ ကျေးရွာတာဝန်ရှိသူများ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံ ဝန်ထမ်းများက စီမံကိန်း စက်ဝန်းကာလ သတ်မှတ်ချက်များ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေကျပ် ၄၀ သိန်း ၅ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်သာယာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းအပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀ သိန်း ၅သန်း ထုတ်ချေးပေးခဲ့ကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

# ကြံခင်းမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

ကြံခင်း ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ်ကွမ်းနှင့် ကွမ်းသီး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ကြံခင်းမြို့နယ်တွင် ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ကာ ယနေ့ထိ ဒေသထွက် ကွမ်းရွက်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် ရောင်းတန်းဝင် ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကြံခင်းမြို့နယ်က ကွမ်းရွက်တွေအဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ ကွမ်းရွက်တွေကို ဒေသတွင်းဈေးကွက်အပြင် အခြားဒေသကုန်စိမ်းဈေးကွက် ဝယ်လက်တွေကပါ အဝယ်များနေလို့ အရောင်းအဝယ်ကောင်းနေတာ ဖြစ်ပါတယ်။ လက်ရှိ တစ်ရက်တာ ရောင်းအားအနေနဲ့ ပိဿာချိန် ၅၅၀၀ထိ ရှိနေပါတယ်။ ဒေသထွက် ကွမ်းရွက်တွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်တာတွေ့ရပါတယ်"ဟု ကြံခင်းမြို့နယ် ကွမ်းနှင့်ကွမ်းသီး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြ၍ သိရသည်။



အဆိုပါ ကွမ်းရွက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက်များနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

ကျော်ကျော်လင်း

# မိုးနဲမြို့နယ် ဟိုဖိုင်ကျေးရွာ၌ ကျေးရွာတွင်း ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

မိုးနဲ ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုက်ဟိုင်းကျေးရွာအုပ်စု ဟိုဖိုင်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်ခိုင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ဟိုဖိုင်ကျေးရွာတွင် အရှည် ပေ ၅၃၀ ရှိ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးရေပိုက်လိုင်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၂၀ ကိုအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်



# ၇၈ နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ချီးမြှင့်





**ဟားခါး ဖေဖော်ဝါရီ ၂၀**

၇၈ နှစ်မြောက်ချင်းအမျိုးသားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဟားခါးမြို့ ခရိုင်စုပေါင်းရုံးဝင်းအတွင်း၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ၇၈ နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားမှုခ်ဦးကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်နှင့် ဒေါက်တာချာလီသန်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့ကို ဆုငွေများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၇၈ နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အလံကို အလေးပြုပြီး သဘာပတိအဖွဲ့ဝင်များက နေရာယူကြကာ သဘာပတိအဖွဲ့ခေါင်းဆောင် မတူပီမြို့နယ်ကိုယ်စားလှယ် ဒေါ်ဖွာဒေါက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၇၈ နှစ်မြောက် ချင်းအမျိုးသားနေ့သို့ပေးပို့သည့်သဝဏ်လွှာကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံ့ချီ စည်သူရာပြည့်က ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၏ အမှုထမ်းကောင်းဆုရရှိသူများကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ကလည်းကောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု(ပထမဆင့်) ရရှိသူများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်ကလည်းကောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု(ဒုတိယဆင့်) ရရှိသူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ကလည်းကောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု (တတိယဆင့်)ရရှိသူများကို ဒုတိယဝန်ကြီး ဦးရဲတင့်ကလည်းကောင်း၊ လူမှုရေးဆိုင်ရာထူးချွန်ဆု(ပထမဆင့်)ရရှိသူများကို ဒုတိယဝန်ကြီး ဦးအေးထွန်းကလည်းကောင်း၊ လူမှုရေးဆိုင်ရာထူးချွန်ဆု(ပထမဆင့်) ရရှိသူတစ်ဦးနှင့်(ဒုတိယဆင့် )ရရှိသူ နှစ်ဦးကို ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်ကလည်းကောင်း၊ လူမှုရေးဆိုင်ရာထူးချွန်ဆု(တတိယဆင့်)ရရှိသူများကို ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းကလည်းကောင်း ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနက ချင်းပြည်နယ်အစိုးရအဖွဲ့အတွက် ပေးအပ်သော DTH စလောင်း အစုံ ၆၀ နှင့် DVB T–2 SetTop Box အလုံး ၄၀ ကို ဒုတိယဝန်ကြီး ဦးရဲတင့်က ပြည်နယ်လူမှုရေးရာဝန်ကြီးထံ ပေးအပ်ပြီး သဘာပတိအဖွဲ့ဝင်များ ပြန်လည်ထွက်ခွာပြီးအခမ်းအနားကိုခေတ္တရပ်နားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တာဝန်ရှိသူများက ခရိုင်စုပေါင်းရုံးဝင်းအတွင်းရှိ၇၈ နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ဌာနဆိုင်ရာများက ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် MSME ပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး ချင်းရိုးရာအကအဖွဲ့များ၏ ရိုးရာအကများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဟားခါးမြို့ သာသနာ့ရက္ခိတတပ်ဦးကျောင်းသို့ ရောက်ရှိကြရာ ဟားခါးမြို့နှင့် ထန်တလန်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟားခါးမြို့ ကျောဘုတ်သာသနာပြုကျောင်းဆရာတော် ဘဒ္ဒန္တပညောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ကလေးမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ၊ဆရာမများ၊ကျောင်းသား၊ကျောင်းသူများကိုတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီး၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံပြီး တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **ခရိုင်(ပြန်/ဆက်)**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်–၅၀၀)နှင့် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်–၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးကဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်**

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

# နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ဒုတိယနေ့ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ဒုတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆင္ဍသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးတွင် ယနေ့နံနက် ၈ နာရီ၌ ကျင်းပခဲ့သည်။



အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး၏သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒကဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက် အောင်မြင်ကြောင်းနှင့် ယနေ့ဖြန့်ဝေဆက်ကပ်ထားသောအစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်းဆောင်ရွက်ခဲ့သော အစီရင်ခံစာနှင့်ပတ်သက်၍ ဝိနိစ္ဆယရေးရာကဏ္ဍတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောဘိတ၊ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလန္ဒာဝုဒ၊ ပဲခူးတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဇောတတို့က လည်းကောင်း၊ သာသနာရေးရာကဏ္ဍတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် စေတိယင်္ဂဏအစိုးရဓမ္မာစရိယ ဘဒ္ဒန္တနေမိန္ဒာဘိဝံသ၊ ရွှေကျင်ဂိုဏ်းကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုဇနိန္ဒာလင်္ကာရာဘိဝံသ၊ မဟာဒွါရဂိုဏ်းကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် သာသနဓဇဓမ္မာစရိယ ဝိနယဓရ ဘဒ္ဒန္တမေတ္တာနန္ဒတို့ကလည်းကောင်း၊ ပညာရေးရာကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တကောသလ္လ၊ ဝေဠုဝန်ဂိုဏ်းကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် သာသနဓဇဓမ္မာစရိယ ဝိနယဝိဒူ ဘဒ္ဒန္တအရိယ၊ ရှမ်းပြည်နယ်ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အ.စ ဓမ္မာစရိယ သာမဏေကျော် ဝိနယဝိဒူ အင်္ဂုတ္တရနိကာယဝိဒူ ဘဒ္ဒန္တကေသရာလင်္ကာရာဘိဝံသတို့က လည်းကောင်း ဆွေးနွေးတော်မူကြပြီး နံနက်ပိုင်းအစည်းအဝေးကိုရပ်နားခဲ့သည်။

ယင်းနောက် မွန်းလွဲ ၁ နာရီ၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေးကို ဆက်လက်ကျင်းပပြီး တစ်နှစ်တာကာလအတွင်းဆောင်ရွက်ခဲ့သည့် အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသာရက ပြန်လည်ရှင်းလင်းလျှောက်ထားပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ လုပ်ထုံးလုပ်နည်းစသည်များ စိစစ်ပြင်ဆင်ရေးအဖွဲ့က စိစစ်ပြင်ဆင်ဖြည့်စွက်ထားသော လုပ်ထုံးလုပ်နည်းစသည်များ၏ ပြင်ဆင်ဖြည့်စွက်ချက်များကို စိစစ်ပြင်ဆင်ရေးအဖွဲ့ အကျိုးတော်ဆောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက တင်ပြလျှောက်ထား၍ မူကြမ်းအဖြစ် အတည်ပြုချက်ရယူပြီး ဒေသဆိုင်ရာ ကတိကဝတ်များကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသိရီကဋ္ဌနာဘိဝံသက တင်သွင်းအတည်ပြုချက်ရယူကာ ဒုတိယနေ့အစည်းအဝေးကို ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ကွယ်လွန်သူ ဗိုလ်ကြီးတင်ဌေး(ငြိမ်း)အားရည်စူး၍ ဇနီး ဒေါ်တိုးတိုး၊ သား ဦးကျော်ဖုန်းဝင်း (အကောက်ခွန်မှူး)၊ ဦးမျိုးကျော်ကျော် (သသန)+ဒေါ်အိသူဇာကို၊ မြေး မယွန်းပန်းမြတ်ဟေသီ၊ မောင်ကျော်ဇင်ဟိန်းမိသားစုက ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

၂၀၂၆ ခုနှစ် ၈၁ နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ်၃၂ကြိမ်မြောက်တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က) အဆင့်နှင့် (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြုရဲတီးဝိုင်းအသင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းအသင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်းနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေး ကော်မတီမှ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။



၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။



၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။



၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု ရဲတီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။

**ရွှေဖုံးမှအဆက်**

တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကချင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့က "လှပသော မနောပျိုမေလေးများ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။ ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန MRTV က ထုတ်လုပ်သော "နိုင်ငံတော်ဖွံ့ဖြိုးရေးတွင် အရေးပါသော ရေအားလျှပ်စစ်၏ အခန်းကဏ္ဍနှင့် အကျိုးရလဒ်များစွာ ဖြစ်ထွန်းမည့် ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်း" Video Clip ကို ပြသသည်။

ယင်းနောက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားသည် အဓိကကျသည့်အတွက် မည်သို့ဖြည့်ဆည်း ဆောင်ရွက်ရမည်ကို ကြံဆစဉ်းစားရန် လိုအပ်လာပါကြောင်း၊ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နှစ်စဉ်တိုးတက်နေသည်ဖြစ်သည့်အတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တိုးတက်ရေးအစီအစဉ်များကို ကြိုတင်စီမံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

ရေအားလျှပ်စစ် စီမံကိန်းများ ဖော်ဆောင်ရေးကာလမှာ ငါးနှစ်မှ ၁၀ နှစ်ခန့်ထိ ကြာမြင့်မည်ဖြစ်သည့်အတွက် ကြိုတင်စီမံဆောင်ရွက်နိုင်မှသာ အနာဂတ်နိုင်ငံတော်နှင့် နောင်လာမည့်မျိုးဆက်သစ်များအတွက် စွမ်းအင်ဖူလုံနိုင်မည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ကြမ်းမှကုန်ချောထိ ထုတ်လုပ်နိုင်ရန် လျှပ်စစ်မီးသည် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အခြေခံလိုအပ်ချက်ဖြစ်သော လျှပ်စစ်နှင့် စွမ်းအင်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်မှသာ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အနေဖြင့် နေရာဒေသအလိုက် တိုင်းရင်းသား လူမျိုးပေါင်းစုံအတွက်၊ အလှမ်းဝေးကွာသော ဒေသများအတွက် လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် ကနဦးတည်ဆောက်စကာလတွင် ကုန်ကျစရိတ် အတန်အသင့်ရှိသော်လည်း လည်ပတ်မှုစရိတ်နှင့် လောင်စာဖိုး ကုန်ကျစရိတ် မရှိသဖြင့် လေအား၊ ကျောက်မီးသွေး၊ ဓာတ်ငွေ့၊ ဆိုလာတို့ဖြင့် ဆောင်ရွက်သည့် စီမံကိန်းများထက် ကုန်ကျစရိတ် သက်သာသောကြောင့် နိုင်ငံအတွင်း ကြွယ်ဝသည့်ရေအရင်းအမြစ်များအပေါ်အခြေပြု၍ ရေအားလျှပ်စစ်စီမံကိန်းများကို ရနိုင်သမျှအကျိုးရှိရှိ တည်ဆောက်ကြခြင်းဖြစ်ပါကြောင်း၊ ဆည်တမံကြီးများကြောင့် မြစ်ရေကြီးမှုအန္တရာယ်ဘေးမှ ကာကွယ်နိုင်သကဲ့သို့ စိုက်ပျိုးရေရရှိရေးကိုလည်း အထောက်အကူပြုပါကြောင်း။

ထို့ပြင် ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာနိုင်ကာ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မည့် မြစ်ဆုံစီမံကိန်းမှ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို ပြည်တွင်းသုံးစွဲမှုဖူလုံစေရန်အတွက်သာ ဦးစားပေးမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို သုံးစွဲပြီး ပိုလျှံဓာတ်အားကို ပြည်မနှင့် အခြားပြည်နယ်များက တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် မျှဝေသုံးစွဲသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒသဘောထားကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စီမံကိန်းများဖြစ်ထွန်းအောင်မြင်ရေးသည် ဒေသခံမိဘပြည်သူများ၏ ထောက်ခံအားပေးမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပေါ် များစွာမူတည်နေပါသဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရေအရင်းအမြစ်စီမံခန့်ခွဲမှုပညာရှင် ဦးဟိန်းထက်က မြစ်များနှင့် ပြတ်ရွှေ့များ၏ ဆက်စပ်မှု၊ တမံများ၏ အခန်းကဏ္ဍ၊ ရေအားလျှပ်စစ်နှင့် ရေအရင်းအမြစ်ထိန်းသိမ်းခြင်း၊ ရေဝေရေလဲဧရိယာများကို စီမံခန့်ခွဲခြင်း၊ စီမံကိန်းဆိုင်ရာ အဓိကအချက်အလက်များ၊ အရည်အသွေးစစ်ဆေးသောလုပ်ငန်းများ၊ တမံ၏ ဘေးကင်းမှုကို စောင့်ကြည့်ရန် တိုင်းတာရေးကိရိယာများ တပ်ဆင်ခြင်း၊ ကာလတို၊ ကာလလတ်နှင့် ကာလရှည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ငလျင်နှင့် အင်ဂျင်နီယာဘူမိဗေဒပညာရှင် ဒေါက်တာအေးလွင်က ငလျင်လှုပ်ခတ်ခြင်းနှင့် အကြောင်းရင်းများ၊ ငလျင်ဒဏ်ခံရေလှောင်တမံဒီဇိုင်းပုံစံများ၊ မြစ်ဆုံတမံနှင့် ကမ္ဘာပေါ်ရှိ တမံများ နှိုင်းယှဉ်ချက်၊ မြစ်ဆုံတမံ၊ စစ်ကိုင်းပြတ်ရွှေ့နှင့် ငလျင်အခြေအနေ၊ ပြတ်ရွှေ့အနီးနှင့် ပြတ်ရွှေ့ပေါ်ရှိ တမံများ(ပြည်တွင်း၊ ပြည်ပ)၊ ငလျင်ဒဏ်ခံ အားကူနည်းစနစ်၊ မန္တလေးငလျင်အပြီး မန္တလေးနှင့် နေပြည်တော်ဒေသရှိ ပြည်တွင်းတမံများအခြေအနေ စသည့် ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက ငလျင်ဒဏ်နှင့်ပတ်သက်ပြီး ဒေသခံပြည်သူလူထု စိတ်ပူပန်မှုများကို ပညာရှင်များကလည်း အချက်အလက်များ စုံလင်စွာတင်ပြပြီးဖြစ်ပါကြောင်း၊ ယခု တည်ဆောက်မည့်ဆည်ကို ရစ်မဂ္ဂနီကျူ့ဒဏ်ခံနိုင်သည့် ဒီဇိုင်းများအဖြစ် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်မှုနှင့် ရည်မှန်းချက်ထားဆောင်ရွက်မှု၊ ၂၀၃၀ ပြည့်နှစ်ထိ ဖြစ်ပေါ်လာမည့် စက်တပ်ဆင်အင်အား၊ ထုတ်လုပ်နိုင်မည့် ဓာတ်အားနှင့် ထုတ်လုပ်ပေးရမည့် နှစ်စဉ်လျှပ်စစ်ဓာတ်အား လိုအပ်ချက်တို့ကို ဖြည့်ဆည်းနိုင်ရန်အတွက် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ဒေသခံပြည်သူများက ပြန်လည်လက်ခံကာ ဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်ပါက လျှပ်စစ်မီးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က မြစ်ဆုံစီမံကိန်းကို နည်းပညာပိုင်းဆိုင်ရာလုံခြုံစိတ်ချရမှုရှိစေရေး ဆောင်ရွက်မည့်အခြေအနေ၊ ဆည်မြောင်းမှ ရေလှောင်တမံများနှင့် မန္တလေးငလျင်ကြီး၊ တည်ဆောက်ပြီး တမံများတွင် အရေးပေါ်အခြေအနေကြိုတင်ကာကွယ်ရေးစီမံချက်၊ မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှုကာကွယ်ရေး ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ မြစ်ဆုံစီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ ဧရာဝတီလင်းပိုင်နှင့် ငါးမျိုးစိတ်များအပေါ် ထိရောက်မှုမရှိနိုင်ခြင်း စသည့် ခေါင်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စီမံကိန်းဧရိယာတွင် ပါဝင်မည့် ဒေသခံပြည်သူများ၏ နစ်နာကြေး၊ လျော်ကြေးများဆိုင်ရာကိစ္စ၊ ပြောင်းရွှေ့နေရာချထားမှု ဆိုင်ရာများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူလူထုအနေဖြင့် မိမိတို့ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးစား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မြစ်ဆုံလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အမှန်တကယ်တန်ဖိုးရှိသည့် စီမံကိန်းတစ်ခုဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် "တစ်ထပ်ထဲမကျရောက်ရင် တစ်လိုင်းထဲမှာ" လက်တွဲသွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်ခွဲဘူက မိမိတို့ပြည်နယ်သည် အချက်အချာကျသည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် ရေအားလျှပ်စစ်သာ ရရှိခဲ့မည်ဆိုလျှင် အိပ်မက်များကို အကောင်အထည်ဖော်သွားနိုင်မည်ဖြစ်ပါကြောင်း၊ အနာဂတ်အတွက် အပြောင်းအလဲဖြစ်သွားမည်ကို စိုးရိမ်မှုမရှိဘဲ အပြောင်းအလဲကို လက်ခံရန်လိုအပ်ပါကြောင်း၊ အပြောင်းအလဲကို လက်ခံသည့်နေရာတွင်လည်း မှန်ကန်သည့် ဆုံးဖြတ်ချက်နှင့် ပူးပေါင်းပါဝင်မှုဖြင့် ကိုယ်တိုင်လက်တွဲ ပူးပေါင်းပြီး အပြောင်းအလဲကိုဖော်ဆောင်မှသာ မိမိတို့လိုချင်သည့် ပန်းတိုင်ကို ရောက်ရှိမှာဖြစ်ပါကြောင်းဖြင့် ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ် ဒေသခံကော်မတီဝင်များကိုယ်စား အဖွဲ့ဝင် ဦးနော်ခုန် ခေါ် ဦးဂျန်ခုန်က ကော်မတီအနေဖြင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့် ကော်မတီဝင် ခြောက်ဦးတို့က ဧရာဝတီမြစ်ဆုံ-မြစ်ညာ စီမံကိန်းနှင့် စပ်လျဉ်း၍ သဘောထားအမြင်များကို တင်ပြဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကချင်ပြည်နယ် ဒေသခံပြည်သူများအတွက် ငွေကျပ်သိန်း တစ်ထောင်တန်ဖိုးနှင့်ညီမျှသော Solar နှင့် လူသုံးကုန်ပစ္စည်းများ၊ MRTV DTH စနစ် ရုပ်သံလွှင့်စက် စလောင်းအစုံ ၁၀၀ တို့ကို ပေးအပ်သည်။

ထို့နောက် ကချင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့က "ပြည်ထောင်စုရဲ့ ထာဝရအလှ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ရိုးရာယဉ်ကျေးမှုအကအဖွဲ့များကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

အဆိုပါ ဧရာဝတီမြစ်ဆုံ-မြစ်ညာ စီမံကိန်းနှင့်စပ်လျဉ်း၍ လူထုတွေ့ဆုံပွဲသို့ ဒေသခံပြည်သူဦးရေ ၁၄၈၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ယမန်နေ့ မွန်းလွဲပိုင်းက လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် အဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ် ဒေသခံကော်မတီဝင်များနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်း အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ် ဒေသခံကော်မတီကို နိုင်ငံတော်အစိုးရက ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ထားပါကြောင်း၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ မဆုံးရှုံးစေရန် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် CSR Program လုပ်ငန်းများကို ပြည့်ပြည့်ဝဝခံစားနိုင်စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ကော်မတီဝင်များအနေဖြင့် ကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ဒေသခံကော်မတီအဖွဲ့ဝင်များအနေဖြင့် ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ ဆက်လက်ဖွဲ့စည်းထားသည့် ဦးဆောင်ကော်မတီ၊ လုပ်ငန်းအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဒေသခံကော်မတီဝင်များအနေဖြင့် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုအတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ကော်မတီဝင်များ၏ မြေပြင်ကွင်းဆင်း၍ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုများအပေါ် ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၁၅ ရက်မှ ၃၁-၃-၂၀၁၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်**

၁။ ၂၀၂၆ ခုနှစ် မတ် ၁၁ ရက်မှ ၁၇ ရက်ထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်လျှောက်ထားကြသော ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက် တနင်္လာနေ့မှစ၍ မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရပါမည်။

၂။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ရက်စွဲ။ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်။

## စက်မှု၊စိုက်ပျိုး၊မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**စက်မှု၊စိုက်ပျိုး၊မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်**

၁။ ၂၀၂၆ ခုနှစ် မတ် ၁၁ ရက်မှ ၁၈ ရက်ထိ ကျင်းပမည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်လျှောက်ထားကြသော ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card)များကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက် တနင်္လာနေ့မှစ၍ မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရပါမည်။

၂။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ရက်စွဲ။ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်။

## ၃၁ ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပပြုလုပ်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

၃၁ ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၏အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-conference Workshop) သုံးခုအနက် နှစ်ခုကို "Multiprofessional Patient Safety: Engaging Health Educators to enhance Patient Safety" ခေါင်းစဉ်နှင့် "Silent Mentor Surgical Workshop" ခေါင်းစဉ်တို့ဖြင့် တပ်မတော်ဆေးတက္ကသိုလ်၌ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်ထိလည်းကောင်း၊ "Modern Damage Control in the Era of Polycrisis" ခေါင်းစဉ်ဖြင့် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင် ၇၀၀)၌ ၂၀၂၆ ခုနှစ် မတ် ၃ ရက်တွင်လည်းကောင်း၊ ဆေးပညာနှီးနှောဖလှယ်ပွဲကို အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင် ၇၀၀)၌ ၂၀၂၆ ခုနှစ် မတ် ၄ ရက်မှ ၆ ရက်ထိလည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ၌ သုတေသနစာတမ်း ၇၁ စောင်၊ သုတေသနလုပ်ဆောင်ချက်ပိုစတာ ၆၈ ခု၊ Symposium of the Conference တစ်ခု၊ Major Symposium တစ်ခု၊ Symposium ၁၃ ခု၊ Clinicopathological Conference တစ်ခု၊ Clinical Session တစ်ခု၊ Special Talk ရှစ်ခု၊ Meet the Expert တစ်ခုတို့ကို ပြည်တွင်း၊ ပြည်ပမှ သုတေသီများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ၊ ဆေးမှူးများနှင့် သူနာပြုများက ဖတ်ကြားတင်သွင်း ဆွေးနွေးကြမည်ဖြစ်သည်။

ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားထားသည့် အငြိမ်းစား အရာရှိကြီး၊ အရာရှိများ၊ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ နှီးနှောဖလှယ်ပွဲအစီအစဉ်တွင်ပါဝင်သည့် အရာရှိကြီး၊ အရာရှိများ၊ Symposium၊ စာတမ်း၊ ပိုစတာ Present ပြုလုပ်မည့်သူများမှအပ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် အငြိမ်းစား အရာရှိကြီး၊ အရာရှိများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် သူနာပြုများအနေဖြင့် Online မှ တက်ရောက်နိုင်မည်ဖြစ်ပြီး www.dsmrdc.org တွင်ဝင်ရောက်ကြည့်ရှု၍ Registration ပြုလုပ်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ဧရာဝတီ၊ ချင်းတွင်းမြစ်ရေအခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၂၃၅ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဖေဖော်ဝါရီလ တတိယ ၁၀ ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် ပေ၀က်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် စင်တီမီတာ ၃၆၀ အောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ၁၆၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဖေဖော်ဝါရီလ တတိယ ၁၀ ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် ပေ၀က်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် စင်တီမီတာ ၁၇၀ အောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ၉၃ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဖေဖော်ဝါရီလ တတိယ ၁၀ ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် ပေ၀က်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၀၀ စင်တီမီတာ အောက်တွင် ဆက်လက်တည်ရှိနိုင်သည်။ (မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ်(၂၇) ခြောက်မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့**သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်(ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ မဖြစ်မနေပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများမှန်ကန်ကြောင်း တိုင်ကြားသူက လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**



နယ်မြေခံလုံခြုံရေးတပ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် BNRA အမည်ခံအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင်တစ်ဦးက လက်နက်၊ ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများ အပ်နှံစဉ်။



နယ်မြေခံလုံခြုံရေးတပ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် BNRA အမည်ခံအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

☆ ကျောဖုံးမှအဆက်

ဒုတိယအဖွဲ့ခေါင်းဆောင် တစ်ဦး၊ တတိယတာဝန်ခံအဆင့်ရှိသူ တစ်ဦး အပါအဝင် အဖွဲ့ဝင် ငါးဦးသည် လက်နက်မျိုးစုံ ငါးလက်၊ ဆက်စပ်ပစ္စည်းများနှင့် အတူ ပုလဲမြို့နယ်အတွင်းရှိ လုံခြုံရေး တပ်စခန်းတစ်ခုထံသို့ လာရောက် ဆက်သွယ်သတင်းပို့၍ ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် BNRA အမည်ခံအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များကို နယ်မြေခံလုံခြုံရေးတပ်ဌာနချုပ်မှ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခဲ့ကြပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ၊ ဆေးဝါးအကူအညီများနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေမှုရှိစေရေးဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် လိုအပ်သည့် စိစစ်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရပြီး BNRA အမည်ခံအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင်နှင့် တတိယတာဝန်ခံအဆင့်ရှိသူတို့၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်-

“ကျွန်တော်ကတော့ ဗမာအမျိုးသား တော်လှန်ရေးတပ်မတော် BNRA က တာဝန်ရှိတဲ့သူ တစ်ဦးပါ။ ဗမာအမျိုးသား တော်လှန်ရေးတပ်မတော် BNRA ကို ရောက်ရှိသွားတဲ့ ပုံစံကတော့ ကျွန်တော်တို့ ၂၀၂၁ နောက်မှာ တိုင်းပြည်ရဲ့ ကောင်းမွန်တဲ့အခြေအနေတစ်ခုကို သွားကြတယ်ပေါ့။ ကောင်းမွန်တဲ့ရည်ရွယ်ချက်တွေနဲ့ လုပ်ကြတယ်လို့ပြောကြတယ်။ တကယ့်လက်တွေ့ ဒီအခြေအနေတွေကို ဘာပဲပြောပြော ခေတ်ရေစီးကြောင်း အတိုင်းလုပ်မယ်ဆိုပြီးတော့ ကျွန်တော်တို့လဲဝင်ပြီးတော့ နိုင်တဲ့နေရာကနေ တာဝန်ထမ်းဆောင်မယ်ဆိုပြီးတော့ ဆုံးဖြတ်တယ်။ အဲ့ဒီနောက်မှာ ကျွန်တော်လဲ မှန်မှန်ကန်ကန်လုပ်နေတယ်လို့ ယုံကြည်တဲ့အဖွဲ့အစည်းတစ်ခုဖြစ်လို့ ဗမာအမျိုးသား တော်လှန်ရေးတပ်မတော်ကို ဝင်ပြီးကာမှ လုပ်ဖြစ်ခဲ့တယ်ပေါ့။ ကျွန်တော် ဒီလိုမျိုးအလင်းဝင်ဖို့အတွက် ဆုံးဖြတ်လိုက်ရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့က ပိုကောင်းမွန်တဲ့ အခြေအနေတစ်ခုကို ရည်ရွယ်ပြီးကာမှ နိုင်ငံရေးအခင်းအကျင်းမှာ နိုင်တဲ့နေရာကနေ ဝင်ထမ်းမယ်ဆိုပြီးတော့ ဝင်ခဲ့တယ်။ ပိုကောင်းတဲ့ အခြေအနေတွေကိုလဲ ရည်ရွယ်ခဲ့တယ်။ အခုလက်ရှိတော်လှန်ရေးထဲမှာ ဖြစ်နေတဲ့အခြေအနေတွေက ပိုကောင်းတဲ့ အခြေအနေတစ်ခုကိုသွားနေတယ်၊ ရောက်မယ်လို့ မခံစားရတော့ဘူး။ မခံစားရဘူးဆိုတာကလဲ ကျွန်တော်တို့ စိတ်ခံစားချက်အရဖြစ်တာမဟုတ်ဘူးပေါ့နော်။ ကျွန်တော်တို့ ပကတိအခြေအနေတွေကို မြင်နေရတယ်၊ တွေ့နေရတယ်။ နောက်တစ်ခုကျတော့ လက်ရှိအခြေအနေမှာက တစ်ဖက်မှာပေါ့နော် ကျွန်တော်တို့အပေါ်မှာ အဆုံးသတ်ရေးတွေ၊ ပျက်ပြားရေးတွေ၊ ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့ပုံစံမျိုးတွေနဲ့ အဘက်ဘက်ကနေပြီး ပြည်သူတွေအပေါ်မှာရော၊ အချင်းချင်းတွေအပေါ်မှာရော မိတ်ဖက်ပဋိပက္ခတွေဆိုတာထက် ပိုတဲ့ ပုံစံမျိုးတွေနဲ့ ခံစားရတယ်၊ ကြုံတွေ့ရတယ်။အဲ့ဒီတော့ ကျွန်တော်တို့ဒီဟာတွေကို နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ပြီးတဲ့ နောက်မှာတော့ ဒီဟာတွေက ဘယ်နည်းနဲ့မှ ပိုကောင်းမွန်တဲ့ အခြေအနေတစ်ခုကို ရောက်နိုင်မယ်လို့ မယုံကြည်တော့ဘူး။ မယုံကြည်တဲ့အတွက်ကြောင့်မို့ တစ်ဖက်မှာလဲ ဒီဘက်ကိုသွားပေါင်းမယ်ဆိုရင်လဲ အလင်းဝင်မယ်ပေါ့ဗျာ၊ အလင်းဝင်မယ်ဆိုရင်လဲ ဟုတ်ပါ့မလား၊ အဆင်ပြေပါ့မလား၊ အဆင်ပြေပါ့မလားဆိုတဲ့ စိုးရိမ်စိတ်လေးလဲရှိတာပေါ့။ တစ်ဖက်မှာလဲပဲ ကျွန်တော်တို့ လက်တွေ့ကျကျ ပူးပေါင်းလိုက်တဲ့အခါကျတော့ ဘာဖြစ်လာလဲဆိုတော့ ပျူငှာစွာနဲ့ ကြိုဆိုတယ်။ ကျွန်တော်အလင်းဝင်လာတဲ့ အချိန်မှာဆိုရင်လဲ တာဝန်ရှိတဲ့သူတွေ ဆင့်ကဲဆင့်ကဲပေါ့၊ ကျွန်တော်တို့ကို နွေးနွေးထွေးထွေးပျူပျူငှာငှာ ဖော်ဖော်ရွေရွေနဲ့ ကြိုဆိုကြတယ်။ အဲ့ဒီအတွက်လဲ ကျေးဇူးတင်ပါတယ်။ ကျန်ခဲ့တဲ့ တော်လှန်ရေးရဲဘော်တွေပေါ့နော် ကျွန်တော့်ရဲဘော်တွေအတွက်ပြောချင်တာက ဘာလဲဆိုတော့ အခုလက်ရှိအခြေအနေကနေ ကောင်းမွန်တဲ့ အနေအထားတစ်ခုကို ရောက်ဖို့ဆိုတာ တော်တော်လေးကို မဖြစ်နိုင်တော့ဘူးပေါ့နော်။အဲ့ဒီအတွက်ကြောင့် ကျွန်တော်တို့ အသက်တွေ၊ ဘဝတွေ၊ ပျော်ရွှင်မှုတွေ၊ လွတ်လပ်မှုတွေကိုဘာအတွက် စတေးနေမှာလဲ အလင်းဝင်လာတဲ့ အချိန်မှာလဲ ကျွန်တော်တို့မြင်ထားတဲ့ ပုံစံတွေနဲ့ တခြားစီပဲ။ ကျွန်တော်တို့ကို အကောင်းဆုံးပုံစံနဲ့ ကြိုဆိုတယ်။ အဲ့ဒါကြောင့်မလို့ နီးစပ်ရာနယ်မြေခံတာဝန်ခံတွေနဲ့ ပေါင်းစပ်ပြီးကာမှ ပူးပေါင်းကြဖို့၊ အလင်းဝင်ကြဖို့ ကျွန်တော်တိုက်တွန်းပါတယ်” ဟု ပြောသည်။





“ကျွန်တော်ကတော့ ဗမာအမျိုးသား တော်လှန်ရေးတပ်မတော် BNRA ရဲ့ တပ်ဖွဲ့ဝင်တစ်ယောက်ဖြစ်ပါတယ်။ ဗမာအမျိုးသားတော်လှန်ရေး တပ်မတော်ထဲကို ဝင်ရောက်လာခြင်းက ပြည်သူလူထုအကျိုးကို အကောင်းမွန်ဆုံးလုပ်ဆောင်နိုင်မယ့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ကျွန်တော်တို့ရှုမြင်ပြီးတော့ ဝင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခုအလင်းဝင်ရောက်လာတာက တော်လှန်ရေးကာလအတွင်းမှာ ပြည်သူလူထုရဲ့ အကျိုးကို အကောင်းမွန်ဆုံးမဖြစ်ဘဲနဲ့ ဒီပူးပေါင်းဆောင်ရွက်တဲ့ ကဏ္ဍတွေမှာလဲ အတတ်နိုင်ဆုံး အဆင်ပြေဆုံး မရှိတဲ့အခါကျတော့ ကျွန်တော်တို့ရဲ့တော်လှန်ရေးက တဖြည်းဖြည်းနဲ့ ပြည်သူလူထုတွေ ပိုပြီးဆင်းရဲဒုက္ခကြုံတွေ့နေရတာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ မြန်မာ့တပ်မတော်ရဲ့သဘောထားအမှန်တွေကို သိရှိလာရခြင်းဖြစ်တဲ့အတွက် အခုလိုမျိုး အလင်းဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အလင်းမဝင်ခင်မှာ ထိတ်လန့်မှုတွေရှိတာပေါ့။ ကျွန်တော်တို့ အလင်းဝင်တဲ့အခါမှာ ဖမ်းဆီးမလား၊ ထောင်ချမလား၊ တစ်ခုခုပြစ်မှုဆိုင်ရာ ကျူးလွန်ထားတဲ့အတွက် အပြစ်ပေး အရေးယူမလားပေါ့။ ဒါပေမဲ့ တကယ်တမ်း ရောက်လာတဲ့အခါကျတော့ တပ်မတော်ရဲ့ နွေးထွေးစွာကြိုဆိုမှု၊ ကျွန်တော်တို့ချိတ်ဆက်တဲ့ အခါမှာလဲ အကောင်းမွန်ဆုံးနဲ့ အနွေးထွေးဆုံး ကြိုဆိုပေးတဲ့အတွက် ကျေးဇူးလဲတင်ပါတယ်။ အခုလက်ရှိ ကျွန်တော်တို့ အနေနဲ့ကတော့ အကောင်းမွန်ဆုံးနဲ့ ကျွန်တော်တို့ရဲ့ အနာဂတ်ကို အကောင်းဆုံးဖော်ဆောင်ဖို့အတွက် အခုလိုမျိုးအလင်းဝင်ရောက်ခြင်းဖြစ်ပါတယ်။ တပ်မတော်ကိုလဲ အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်ပြီးတော့ပြောချင်တာကတော့ တော်လှန်ရေးကာလမှာ အကောင်းအဆိုးတွေကို အားလုံးသိနေတဲ့ ရဲဘော်ဝင်တွေဖြစ်တယ်။ အဲ့ဒီတော့ အခုလက်ရှိမှာ မြန်မာ့တပ်မတော်ကလဲ နွေးထွေးစွာနဲ့ ကြိုဆိုနေတာလဲဖြစ်တယ်။ အဲ့ဒီတော့ စဉ်းစားဆုံးဖြတ်ပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့လဲ ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။ အခုကျွန်တော် ရောက်ရှိလာတဲ့အခါမှာလဲ ကျွန်တော့်တို့အပေါ် အားလုံးနွေးနွေးထွေးထွေးနဲ့ကြိုဆိုပြီးတော့ ပြည်သူလူထုအတွက် အကောင်းဆုံးတွေ ရှေ့ဆက်ပြီးလုပ်ဆောင်မယ့်အရာတွေကိုလဲ ကျွန်တော့်ကိုသေချာနားလည်သဘောပေါက်အောင် ရှင်းပြတဲ့အတွက် ကျွန်တော့်အနေနဲ့ကတော့ ဖိတ်ခေါ်ပါတယ်။ ကျန်တဲ့တပ်ဖွဲ့ဝင်များလဲ ပူးပေါင်းဆောင်ရွက်ဖို့လဲချိတ်ဆက်နေတာတော့ရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အလင်းဝင်လာမယ့် ရဲဘော်ရဲဘက်တွေအားလုံးကိုလဲ နီးစပ်ရာတပ်စခန်းတွေနဲ့ အမြန်ဆုံးချိတ်ဆက်ပြီးတော့ ကျွန်တော့်လိုမျိုးဝင်ရောက်လာဖို့အတွက် ကျွန်တော့်အနေနဲ့ တိုက်တွန်းပြောကြားလိုပါတယ်” ဟု ပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အကြမ်းဖက်အဖွဲ့များအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေး အစဉ်တံခါးဖွင့်ကြိုဆိုဖိတ်ခေါ်ထားရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများနှင့် ထပ်မံဝင်ရောက်လာမည့်သူများကိုလည်း တရားဥပဒေဘောင်အတွင်း တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

**PDF Game**

**ဆော့ကစားခြင်းကြောင့်**

**ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ချင်းအမျိုးသားနေ့ကျင်းပသည့်နေရာသို့ CDF(ဟားခါး)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက FPV Suicide Drone များဖြင့် တိုက်ခိုက်မှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဟန့်တားနိုင်ခဲ့




CDF(ဟားခါး)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ချင်းအမျိုးသားနေ့ကျင်းပနေသည့် ဟားခါးမြို့ စုပေါင်းရုံးသို့ FPV Suicide Drone များဖြင့် တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း အေးအတူပူအမျှ အတူလက်တွဲနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားများအနက် တစ်ခုအပါအဝင်ဖြစ်သော ချင်းတိုင်းရင်းသားတို့၏ အထိမ်းအမှတ်အခမ်းအနားတစ်ခုဖြစ်သည့် ချင်းအမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပလျက်ရှိသည့် ချင်းပြည်နယ် ဟားခါးမြို့ စုပေါင်းရုံးနေရာသို့ CDF (ဟားခါး)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက အခမ်းအနားကျင်းပနေမှုကို ပျက်စီးစေရန်နှင့် အဆိုပါအခမ်းအနား တက်ရောက်လာကြသည့် အများပြည်သူများ ထိခိုက်သေကျေအောင် ရည်ရွယ်ချက်ဖြင့် FPV Suicide Drone များဖြင့် ပစ်ချတိုက်ခိုက်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၇၈ နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကျင်းပပြုလုပ်နေသည့် ချင်းပြည်နယ် ဟားခါးမြို့ စုပေါင်းရုံးကို CDF(ဟားခါး)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယနေ့နံနက်ပိုင်း၌ FPV Suicide Droneများ အသုံးပြု၍ တိုက်ခိုက်ခြင်းဆောင်ရွက်ခဲ့ရာ လေကြောင်းလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းရန် ကာကွယ်ရေးစနစ်များဖြင့် ထောက်လှမ်းသိရှိခဲ့ပြီး အဆိုပါDrone ယာဉ်များကို လက်ဦးမှုရယူဟန့်တားနိုင်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အခမ်းအနားကျင်းပနေသည့်နေရာသို့ ကျရောက်ပေါက်ကွဲခြင်းမရှိဘဲ အနီးဝန်းကျင်နေရာများတွင်သာ မြေပြင်ပေါ်သို့ ပျက်ကျပျက်စီးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် Drone ယာဉ်များတွင်ပါရှိသည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို စနစ်တကျသက်မဲ့ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ဖြစ်စဉ်တွင် လူနှင့်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ချင်းအမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပသည့်နေရာနှင့် အများပြည်သူ အေးချမ်းစွာနေထိုင်လျက်ရှိသည့် လူစည်ကားရာနေရာများတွင် အများပြည်သူများကို ထိခိုက်သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ရှိစွာဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းလုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဒေသခံပြည်သူများအနေဖြင့် စက်ဆုပ်ရွံရှာစွာ ဝိုင်းဝန်းကန့်ကွက် ရှုတ်ချလျက်ရှိကြောင်းနှင့် ယခုကဲ့သို့ အဖျက်အမှောင့်လုပ်ရပ်များကို ရက်စက်ယုတ်မာစွာ ဆောင်ရွက်ခဲ့ကြသည့် အကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်ပူးပေါင်း၍ အမြန်ဆုံးဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဗဟိုသတင်း)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “ဖေယျာမြင့်ဝင်း” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဇိုင်းဂနိုင်း(မြောက်)ရပ်ကွက်နေ ဖေယျ ခေါ် ဖေယျာကြီးကို ည ၁၁ နာရီ ၁၀ မိနစ်တွင် ပဲခူးမြို့ အမှတ်(၂) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟိုသတင်း)

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် –

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများကို ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး အိန္ဒိယနိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်အတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အိန္ဒိယနိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ အိန္ဒိယနိုင်ငံသားကို သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ လက်ထောက်ညွှန်ကြားရေးမှူးဦးသန်းနိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



တရားမဝင် အိန္ဒိယနိုင်ငံသားတစ်ဦးကို သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လုပ်ငန်းဆောင်ရွက်နေစဉ်။

# မြဝတီမြို့တွင် ငွေကျပ် ၉၂၈၉ ဒသမ ၇ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



မရီရွှင်ကြည်း၊ ရဲဝင်းနိုင် ခေါ် ရန်ကျုံးခံ၊ အောင်လွင် ခေါ် မောင်ထင်း၊ လောက်ချိန်၊ အားစောတို့ကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



အောင်ကျော်နိုင် ခေါ် ယောင်ချုံယု၊ နေမင်းထွေး ခေါ် အားကျယ်၊ အောင်နိုင် ခေါ် အားကျီ၊ အောင်မင်းသူ ခေါ် ကျူးယုံအန်း၊ မင်းသက်နိုင် ခေါ် အားချိန်တို့ကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



သိန်းမောင်အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြဝတီမြို့တွင် ငွေကျပ် ၉၂၈၉ ဒသမ ၇ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၇ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ပြည်သာယာ(၄)လမ်းရှိ အောင်လွင် ခေါ် မောင်ထင်း ၂၅ နှစ် ငှားရမ်းနေထိုင်သည့် အခန်းအမှတ်(၂)ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ခန်းအတွင်း ၎င်းနှင့်အတူ မြဝတီမြို့ အမှတ်(၄)ရပ်ကွက်နေသူများဖြစ်သည့် မရီရွှင်ကြည်း ၂၀ နှစ်၊ ရဲဝင်းနိုင် ခေါ် ရန်ကျုံးခံ ၂၀ နှစ်၊ လောက်ချိန် ၃၉ နှစ်၊ ပြင်ဦးလွင်မြို့နယ် ရေချမ်းအိုးကျေးရွာနေ အားစော ၃၃ နှစ်တို့ ငါးဦးကို စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၁၂ ဒသမ ၁၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၃၅၀ ဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၂၅၂ ဒသမ ၅ သိန်း)၊ အက်တက်စီဆေးပြား ၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁၀၀၀)၊ HAPPY WATER ၄၇၅ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၈၀၀၀၀ ဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၃၈၀)၊ HAPPY WATER ရောစပ်ရာတွင်အသုံးပြုသည့် အရောင်အမှုန့် သုံးကီလို(တစ်ကီလိုလျှင်ငွေကျပ်၅၀၀၀၀ ဖြင့်၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၅ သိန်း)၊ ကက်တမင်း အရည် မီလီလီတာ ၁၁၉၀ (တစ်မီလီလီတာလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၃ ဒသမ ၈ သိန်း)၊ ဘိန်းစာရွက်ပြုတ်ရည် ခြောက်လီတာ (တစ်လီတာလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၂ သိန်း)၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၇၀၀၀(တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၇၄၀)၊ ETHYL ALCHOL ခုနစ်လီတာ (တစ်လီတာလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၇၀၀၀၀)တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ယင်းနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါတိုက်ခန်းရှိ အောင်နိုင် ခေါ် အားကျီ ၂၆ နှစ် ငှားရမ်းနေထိုင်သည့်အခန်း အမှတ်(၅)အား ဆက်လက်ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မြဝတီမြို့ အမှတ်(၄)ရပ်ကွက်နေ မင်းသက်နိုင် ခေါ် အားချိန် ၂၄ နှစ်၊ အောင်ကျော်နိုင် ခေါ် ယောင်ချုံယု ၃၃ နှစ်၊ နေမင်းထွေးခေါ် အားကျယ် ၂၆ နှစ်၊ ရွှေကုက္ကိုကျေးရွာနေ အောင်မင်းသူ ခေါ် ကျူးယုံအန်း၂၄ နှစ်တို့ ငါးဦးကို စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ဂရမ် ၅၀၀(တစ်ဂရမ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၄၀၀)၊ အိုက်စ်မက်သ်အဖက်တမင်း ဂရမ် ၂၀၀ (တစ်ဂရမ်လျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀)၊ အက်တက်စီဆေးပြား ၅၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၅၀)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀(တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀၀)၊ ဘိန်းဆီခဲ ၅ ဒသမ ၈ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၈၀)၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ ၁၀ ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လားရှိုးမြို့ ရပ်ကွက်(၈) နယ်မြေ(၁၃)တွင် နမ့်ပေါင်ကျေးရွာနေ သိန်းမောင် ၁၉ နှစ် မောင်းနှင်လာသော TOYOTA CROWN မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ၎င်းသယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၅၀)ဖမ်းဆီးရမိသဖြင့် သိန်းမောင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပြည်သူများထံ အသိပေးပန်ကြားချက်**

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည်ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

# KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဖားဆောင်းမြို့နယ်ရှိ ပွန်ချောင်းတံတားကို ထပ်မံမိုင်းထောင်ဖောက်ခွဲဖျက်ဆီး



KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများက ဖားဆောင်း မြို့နယ်ရှိ ပွန်ချောင်း တံတားကို ထပ်မံမိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။





KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဖားဆောင်းမြို့နယ်ရှိ ပွန်ချောင်းတံတားကို ထပ်မံမိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ က ကယားပြည်နယ် ဖားဆောင်းမြို့နယ်ရှိ ပွန်ချောင်းတံတားကို ယနေ့ညနေပိုင်း တွင် ထပ်မံ၍ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့ကို တပ်မတော်စစ်ကြောင်းများက ဖေဖော် ဝါရီ ၁၅ ရက်တွင် အပြီးတိုင်ပြန်လည် ထိန်းချုပ်ခဲ့ပြီး အဆိုပါဒေသတစ်ဝိုက်ကို လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်း များ ဆက်လက်ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက် သောင်းကျန်းသူများက တပ်မတော်စစ်ကြောင်းများ ၎င်းတို့၏ နောက်သို့ထက်ကြပ်လိုက်လံချေမှုန်းတိုက် ခိုက်ခြင်းများ မဆောင်ရွက်နိုင်စေရန် အတွက် ဒေသခံပြည်သူများ အားထား အသုံးပြုလျက်ရှိသည့် မယ်စဲ့မြို့နယ် ဖားဆောင်းမြို့အနီးရှိ သံလွင်တံတား (ဖားဆောင်း)ကို ဖေဖော်ဝါရီ ၁၇ ရက် တွင် ဆင်ခြင်တုံတရားမဲ့စွာဖြင့် မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့မှုကို သတင်းထုတ်ပြန် ခဲ့ပြီးဖြစ်သည်။

ယနေ့ ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၄ နာရီခွဲခန့်တွင်လည်း KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်း ဖက်သောင်းကျန်းသူများသည် ဖားဆောင်း မြို့၏ အရှေ့မြောက်ဘက် မီတာ ၁၈၀၀ ခန့်အကွာ ဝမ်အောင်း-ချိကွဲ့-စောင်းလော့ လမ်းကြောင်းပေါ်ရှိ အများပြည်သူ အားထားအသုံးပြုလျက်ရှိသည့် သံကူ ကွန်ကရစ်အမျိုးအစား ပွန်ချောင်းတံတား ကို ထပ်မံ၍ မိုင်းထောင်ဖောက်ခွဲဖျက် ဆီးခဲ့သဖြင့် တံတား၏ အရှေ့ဘက် ချဉ်းကပ်လမ်းနှင့်ကပ်လျက် တံတားတိုင် အမှတ် K-2 မှ P-4 ထိ အရှည် ၆၅ ပေခန့် ကျိုးကျပျက်စီးသွားခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ အများပြည်သူအဓိကသွား လာရာနှင့် ကုန်စည်များစီးဆင်းရာတွင် အဓိကအားထားအသုံးပြုနေသော စစ်ရေး ပစ်မှတ်မဟုတ်သည့် လမ်း၊ တံတားများ ကို တစ်ခုပြီးတစ်ခု ဆင်ခြင်တုံတရားမဲ့စွာ ဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးနေသည့် KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများကို ကယားပြည်နယ်အတွင်းရှိ ဒေသခံပြည်သူ များသာမက နိုင်ငံတစ်ဝန်းရှိ ပြည်သူများ ကပါ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များ အပေါ် ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိ ကြောင်း သိရှိရပြီး လုံခြုံရေးတပ်ဖွဲ့ဝင် များက နယ်မြေဒေသတည်ငြိမ်အေးချမ်း ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်း များကို ဆက်လက်ဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။ **(၅၀၁)**



KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်ကို တွေ့ရစဉ်။

**❍ မြစ်ကြီးနားလေဆိပ်မှ**

စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူ သွားလာရေးနှင့်ကုန်စည်စီးဆင်းမှုမြန်ဆန် စေရေးအတွက် များစွာအထောက်အကူပြု လျက်ရှိသည့်မြန်မာအမျိုးသားလေကြောင်း လိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ် တစ်စင်းသည် မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များတင် ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင် နေစဉ် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်း အဖွဲ့များက FPV Suicide Drone များ အသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည်အလယ်ပိုင်းနှင့် နောက်မီးပိုင်းတို့တွင် ဗုံးစထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ကြောင်းနှင့်လုံခြုံရေး တပ်ဖွဲ့ဝင်များမှ ဘေးအန္တရာယ်ကင်းလွတ် ရာသို့ လိုအပ်သည်များ အမြန်ဆုံးရွှေ့ ပြောင်းပေးခြင်းနှင့် ကူညီကယ်ဆယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ဖြစ်စဉ်တွင် ခရီးသွားပြည်သူများနှင့် လေယာဉ်အမှုထမ်းများ ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ယခုကဲ့သို့စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည် စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုသော အရပ်ဘက် လေကြောင်းလိုင်းကို ရည်ရွယ်ချက်ရှိစွာ ဖြင့် တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်း ရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ တို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ အကြမ်း ဖက်လုပ်ရပ်များအပေါ် ဒေသခံပြည်သူ များအပြင် တစ်နိုင်ငံလုံးရှိ ပြည်သူများ ကပါ စက်ဆုပ်ရွံရှာစွာဝိုင်းဝန်းကန့်ကွက် ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေ လုံခြုံရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိပြီး ထိရောက်ပြင်းထန် သည့်တုံ့ပြန်မှုများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## ပုဂ္ဂလိကရုပ်ရှင်ရုံငယ်များ (Private Cinema) ဖွင့်လှစ်ပြသနေမှုနှင့်ပတ်သက်၍ အသိပေးကြေညာချက်

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီအနေဖြင့် အချို့သောစီးပွားရေးလုပ်ငန်းရှင်များသည် ပရိုဂျက်တာ၊ TV အသုံးပြု ပုဂ္ဂလိကရုပ်ရှင်ရုံငယ်များကို ဟိုတယ်၊ တည်းခိုခန်းများကဲ့သို့ အခန်းကန့်ပြီး ဖွင့်လှစ်လာကြ၍ မလိုလားအပ်သော လူမှုရေးရှုပ်ထွေးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြသခွင့်လိုင်စင်များထုတ်ပေးမှု များရှိပါက ချက်ချင်းရုပ်သိမ်းသွားရန်နှင့် တရားမဝင်ပြသနေမှုများကို ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအရ အရေးယူဆောင်ရွက်သွားရန် တိုင်းဒေသကြီး၊ ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီများသို့ အကြောင်းကြားထားရှိပါသည်။

သို့ရာတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ RIO Private Cinema၊နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ The Vibe Mini Cinema အပါအဝင် အချို့သော Private Cinema များသည် ဆင်ဆာမဲ့ရုပ်ရှင်ဇာတ်ကားများကို အသုံးပြု၍ မလျော်ကန်စွာတရားမဝင်ဆက်လက်ဖွင့်လှစ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။


သို့ပါ၍ လုပ်ငန်းလိုင်စင်မရှိဘဲ ရုပ်ရှင်ရုံဖွင့်လှစ်ပြသခြင်း၊ ဆင်ဆာမဲ့ဇာတ်ကားများပြသခြင်းများ ဆက်လက်ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ**

ဝတ္ထုတိုကဏ္ဍ

# အကြံပေးခြင်း အနုပညာ

မနှင်းဖွေ



**ယမန်နေ့မှအဆက်**

"အမယ်လေး...မိစိမ်းရေ၊ ကလေးတစ်ယောက် မွေးရတဲ့ ဒုက္ခကကြီးလိုက်တာ မပြောပါနဲ့တော့။ ငါ့မှာ ဝမ်းနာရတာ နှစ်ရက်နဲ့ တစ်မွန်းတည့်ထိပဲ။ နာတာ... နာတာ...ဘာအနာနဲ့မှကို မတူပါဘူးဟယ်။ အဲဒီလောက် ဝမ်းအနာခံရပြီးမှ မရတော့ဘူးဆိုပြီး ဆရာဝန်က ခွဲပေးတာ။ ဗိုက်ခွဲထားတဲ့ အနာက အခုထိ မကျက်သေးဘူး။ ကလေးချက်တောင် မနေ့ကမှကြွေတာ။ ကလေးကလဲဟယ်... ဘာဖြစ်တယ်မသိဘူး။ ညဘက်ဆို တစ်ညလုံးငိုတယ်။ နို့မဝတာလား၊ ဘာလားမပြောတတ်ဘူး။ ငါ့နို့ကလဲ ကောင်းကောင်းမထွက်။ ငါဖြင့် အိပ်ရေးမဝတာ ကြာလှပါပြီ မိစိမ်းရယ်။

အအိပ်မက်သော မေကျော့တစ်ယောက် မျက်တွင်းများကျကာ ပါးချောင်နားချောင် ဖြစ်နေသည်။

"နင်ကတော့ ဟန်ကျတယ်ဟယ်။ နိုင်ငံခြားတွေ ဘာတွေတောင် သွားရတယ်။ အေးလေ နင်က အပိုတာဝန်မရှိတော့ အလုပ်ထဲနှစ်ပြီး လုပ်နိုင်တာကိုး။ လူကြီးတွေက သဘောကျမှာပေါ့။ ဂျပန်နိုင်ငံက သိပ်လှမှာပဲနော်။ နင် သိပ်ကံကောင်းတာပဲ"

ကျွန်မတို့ ထွေရာလေးပါး ပြောကြသည်။ ပြန်ခါနီး နှုတ်ဆက်တော့ မေကျော့က သူ့ယောကျ်ားလည်း ကြားအောင်အသံမြှင့်၍ အော်ပြောသည်။

"မိစိမ်းရေ..အပျိုကြီးဘဝပဲကောင်းတယ်ဟဲ့..."တဲ့။

မေကျော့ သားလေး နှစ်နှစ်အရွယ်ရောက်တော့ ကလေးဖြူဖြူဖွေးဖွေး တစ်တုံးတစ်ခဲကြီးချီပြီး သားအမိသားအဖသုံးယောက် ကျွန်မအိမ်ရောက်လာသည်။

ကလေးက တွတ်တီးတွတ်တာ ပြောတတ်နေသည်ကို လာကြွားခြင်းဖြစ်သည်။ ကလေးချစ်တတ်သော ကျွန်မအမေဘက် ကလေးကို တွန်းပို့ရင်း –

"ဘွားဘွားကြီးလို့ ခေါ်လိုက်သား၊ ခေါ်ပြလိုက်၊ ခေါ်ပြလိုက်"

"ဘားဘားဂျီး"

အမေက ကလေးကို ဆွဲယူပွေ့ချီလိုက်စဉ် ကလေးက မပီကလာပီကလာနှင့်အမေ့ကို ခေါ်သည်။ အမေကလည်း ကျေကျေနပ်နပ်ကြီး ပြုံးလို့။

"ဘွားဘွားကြီးက မေးနေတယ်၊ ဘွားဘွားကြီးကို ချစ်လားတဲ့"

"ချစ်"

"ဘယ်လောက် ချစ်လဲတဲ့"

"မားကြီးချစ်"

"ဘယ်ထဲက ချစ်တာလဲတဲ့"

ကလေးက သူ့ဗိုက်သူ ပုတ်ပြသည်။

ကဲ...ကဲ...အန်တီစိမ်းကို ရှိတ်ခင်းလုပ်လိုက်ပါအုံး၊ ရှိတ်ခင်း။

"ဟုတ်ပြီ... ဖလိုင်းကစ်၊ ဖလိုင်းကစ်"

ကြက်တူရွေးက တော်တော်၊ မယ်ဘော်က ကဲပြီး မေကျော့အသံက တစ်အိမ်လုံးညံနေသည်။ သူ့သား၏ စွမ်းရည်ကိုပြနေရသဖြင့် ကျွန်မတည်ခင်းကျွေးမွေးသော စားစရာများကိုပင် သူ့မှာမစားနိုင်။

ပြန်ခါနီးမှ ကော်ဖီကို မော့သောက်သည်။ အိမ်ပေါက်အဆင်းတွင် ကျွန်မတို့သားအမိကို လှမ်းပြောဖြစ်အောင် ပြောသွားသေးသည်။

"ကလေးဆိုတာ အိမ့်ဆည်းလည်းပဲ စိမ်းရေ၊ အိမ်ဆိုတာဆည်းလည်းသံလေးရှိမှ သာယာတာ။ နောက်ပြီး မြေးဆိုတာ အဘိုး၊ အဘွားရဲ့အသက်ရှည်ဆေးတဲ့။ အဒေါ်ကို အသက်ရှည်ရှည်ထားဖို့ နင့်မှာ တာဝန်ရှိတယ်နော်၊ နင်ဒီလိုပဲ ဖရီးရိုက်မနေနဲ့"တဲ့။

"ဒုက္ခော..."။

မေကျော့၏သားဦးလေး မူကြိုကျောင်းနေသည့်အချိန် ဒုတိယကလေးရပြီး မကြာခင် သူ့ခင်ပွန်းက ရာထူးတိုးကာ နယ်မြို့တစ်မြို့သို့ ပြောင်းရွှေ့သွားရသည်။ မေကျော့ပါ အလုပ်ပြောင်းပြီး သူ့ခင်ပွန်းနှင့် လိုက်ပါသွားသည်။

သူတို့မိသားစု နယ်မှာ အတော်ကြာသွားသည်။ အညာမြို့ သုံးမြို့လောက်ထိ ပြောင်းရကြောင်း ပြန်လာတော့ ပြောပြသည်။ ကျွန်မကတော့ အချိန်ပိုရှိသူပီပီ တက္ကသိုလ်မှာဖွင့်လှစ်သော စာရင်းအင်းပညာသင်တန်းလေးတက်လိုက်၊ နိုင်ငံခြားဘာသာသိပ္ပံတွင် ဂျပန်စာဒီပလိုမာလေးယူလိုက်နှင့် ၁၀ နှစ်ကျော်ဆိုသောအချိန်ကို မကုန်ကုန်အောင်ဖြုန်းပစ်နေရသည်။

မေကျော့တို့မိသားစု ရန်ကုန်ပြန်ပြောင်းလာရတော့ သားသမီးသုံးယောက်ရနေလေပြီ။ သားကြီးက ဆယ်တန်း၊ ဒုတိယသမီးက ရှစ်တန်း၊ အငယ်ဆုံးက နှစ်တန်းရောက်နေပြီဟု ဆိုသည်။

မေကျော့၏ သားသမီးတွေကို ကြည့်ရင်း ကျွန်မ၏ မေ့လျော့နေသော အသက်ကို ပြန်စဉ်းစားမိပြီး အနည်းငယ်တုန်လှုပ်သလို ဖြစ်မိသည်။

"သားသမီးသုံးယောက်ရဲ့ တာဝန်က မသေးဘူး စိမ်းရေ အကြီးဆုံး ဆယ်တန်းသမားနဲ့ ရှစ်တန်းသမား နှစ်ယောက်အတွက် ကျူရှင်စရိတ်က ငါ့လခ တစ်လစာလောက်ရှိတာ။ အဲဒါ မိဂွက်၊ ငါ့ညီမအငယ်ဆုံးလေ မှတ်မိတယ်မဟုတ်လား။ သူက အမေရိကန်သံရုံးမှာ အလုပ်ရတော့ ငါတို့ထက် ပိုချောင်လည်တာပေါ့ဟယ်။ သူက သားကြီးကျူရှင်စရိတ်ကို တာဝန်ယူပေးလို့ တော်သေးတာပေါ့။ နို့မို့ ငါတို့အကြွေး လည်ပင်းခိုက်နေမှာ။ ဒါပေမဲ့ သားကြီးက မလိမ္မာဘူးဟယ်။ အရမ်းဆိုးတယ်။ စာမကြိုးစားဘူး။ လစ်ရင်လစ်သလို ဆေးလိပ်ခိုးသောက်ရတာနဲ့၊ ဖဲရိုက်ရတာနဲ့၊ ငါတော့ စိတ်ညစ်တယ်။ သားသမီးဆိုတာလေ တကယ့်မီးမှ မီးပါပဲ။ သူတို့အတွက်ပဲ နေ့ရှိသရွေ့ ပူနေရတာ။ နင်ကတော့ ဟန်ကျတယ်။ ဘာမီးမှ မမွေးတော့ ဘာအပူမှလဲ ဟပ်တာမခံရတော့ဘူး။ အေးအေးဆေးဆေးပဲနော်။ နင့်ကို အားကျလိုက်တာ အပျိုကြီးရယ်"

ဖြစ်ရပြန်ပြီ တစ်မျိုး။

မေကျော့နှင့် မဆုံဖြစ်သည်မှာ အတော်လေး ကြာသွားပြန်သည်။ စိတ်ထင် နှစ်နှစ်လောက်ရှိမည်ထင်သည်။

> ❖ အမယ်လေး. . .မိစိမ်းရေ၊ ငါ့အဖြစ်က ပြောမပြောချင်တော့ပါဘူး။ တွေးလေ၊ အကြီးကောင်တွေး။ မိန်းမခိုးပြေးသွားပြီဟဲ့။ သူတစ်လှည့်ငွေရှာချင်တယ်ဆိုလို့ ငါ့ရှိစုမဲ့စုလေး အကုန်ရောင်းပြီး သူ့ဆန္ဒအတိုင်း သင်္ဘောပေါ်တင်ပေးလိုက်တာ၊ လက်စသတ်တော့သူက မိန်းမယူချင်တာကိုး။ အသက်ကဖြင့် ၂၀ ပြည့်ရုံလေးရှိသေးတာ။ ငါ့မျှော်လင့်ချက်တွေအကုန် သဲထဲရေသွန်ဖြစ်ရပြီ စိမ်း။ ငါ့ရင်နှစ်ခြမ်းလဲ ဖြန်းဖြန်းကွဲပါပြီဟယ်။ သားသမီးရက်စက်ရင် သူများထက်ဆိုးတယ်သိလား။ နင်အိမ်ထောင်မပြုတာ မှန်တယ်။ ❖

တွေ့ပြန်တော့ သူက လှလို့ ဝလို့၊ ပြုံးလို့ ရွှင်လို့။

"သားကြီးက သင်္ဘောတက်သွားပြီလေ။ ဒါဒုတိယအခေါက်ပေါ့။ ပထမအခေါက်ကတော့ သင်္ဘောကုမ္ပဏီနဲ့ အေးဂျင့်နဲ့က ဘာအဆင်မပြေတယ်မသိဘူး။ နှစ်လနဲ့ ပြန်လာရတယ်။ အခု သင်္ဘောက တော်တော်ကောင်းတာ။ အမေရိကန်နဲ့ ဂျပန်ကို လွန်းပြန်ကူးနေတဲ့သင်္ဘော။ မနေ့ကတင် ဖုန်းဝင်လာသေးတယ်။ သူကလေ သင်္ဘောပေါ်မှာ သူများတွေလို အရက်လဲ မသောက်ဘူး။ ဖဲလဲ မရိုက်ဘူးတဲ့။ ကမ်းကပ်တာတောင် ပိုက်ဆံကုန်မှာစိုးလို့ အောက်သိပ်မဆင်းဘူးတဲ့။ ရန်ကုန်ပြန်ရောက်ရင် ကားတစ်စီးဝယ်နိုင်အောင် ပိုက်ဆံစုနေတာတဲ့။ လိမ္မာချင်တော့လဲ လိမ္မာနေပြန်ရော။ ဒီမတိုင်ခင်ကများ ဆိုးချက်က မပြောနဲ့တော့။ အဲ....ဆယ်တန်းစာမေးပွဲ နှစ်နှစ်ဆက်ကျတော့မှ သူရှက်သွားတာ။ သူ့သူငယ်ချင်းတွေအကုန်လုံးက ဆေးတက္ကသိုလ်ရောက်တဲ့သူရောက်၊ ကွန်ပျူတာတက္ကသိုလ်ရောက်တဲ့သူရောက်ကိုး။ ဒီတော့မှ အဖေတို့၊ အမေတို့သူ့ကြောင့် ငွေကုန်လူပန်းဖြစ်ရတယ်၊ သူတစ်လှည့် အလုပ်လုပ်ပြီး ငွေရှာပါရစေ၊ သင်္ဘောပေါ်တင်ပေးပါဆိုလို့အေ။ ခုလိုဆိုတော့လဲ မွေးရကျိုးနပ်ပါတယ်ဟယ်။ အဲဒါကြောင့်ပြောတာ စိမ်းရဲ့။ အသက်ကြီးလာရင် သားထောက်သမီးခံ လိုတယ်ဆိုတာ။ နင်ကတော့ဟယ် ခုချိန်ထိ အေးစက်စက်လုပ်နေတုန်းပါပဲလား။ ဦးတင်မောင်သန့်ကြီးက မုဆိုးဖိုဆိုပေမဲ့ ခန့်ခန့်ချောချောကြီးပါဟယ်။ သဘောသကာယလဲ မဆိုးပါဘူး။ ပါရမီထဲက သူ့အိမ်တောင် ငါရောက်ဖူးသေးတယ်။ အပျံစားပဲ ဆရာ။ အေး... ယောကျ်ားဆိုတော့လဲ အသောက်အစား နည်းနည်းပါးပါးတော့ ရှိတာပေါ့ဟယ်။ သူကလေ ငါ့ကိုတွေ့တိုင်း နင့်အကြောင်းမေးလိုက်ရတာ အမော။ နင်စိတ်ကူးမလွဲနဲ့နော်၊ ငါစေတနာနဲ့ပြောတာ"

ဟောလုပ်ပြန်ပြီ။

"အမယ်လေး. . .မိစိမ်းရေ၊ ငါ့အဖြစ်က ပြောမပြောချင်တော့ပါဘူး။ တွေးလေ၊ အကြီးကောင်တွေး။ မိန်းမခိုးပြေးသွားပြီဟဲ့။ သူတစ်လှည့် ငွေရှာချင်တယ်ဆိုလို့ ငါ့ရှိစုမဲ့စုလေး အကုန်ရောင်းပြီး သူ့ဆန္ဒအတိုင်း သင်္ဘောပေါ်တင်ပေးလိုက်တာ၊ လက်စသတ်တော့သူက မိန်းမယူချင်တာကိုး။ အသက်ကဖြင့် ၂၀ ပြည့်ရုံလေးရှိသေးတာ။ ငါ့မျှော်လင့်ချက်တွေအကုန် သဲထဲရေသွန်ဖြစ်ရပြီ စိမ်း။ ငါ့ရင်နှစ်ခြမ်းလဲ ဖြန်းဖြန်းကွဲပါပြီဟယ်။ သားသမီး ရက်စက်ရင် သူများထက်ဆိုးတယ်သိလား။ နင်အိမ်ထောင်မပြုတာ မှန်တယ်။ တကယ်မှန်တယ်။ အပျိုကြီးဘဝလောက်ကောင်းတာဘာမှမရှိဘူး"

သည်လိုနှင့်ပဲ ကျွန်မအသက်မှာ လူ့ဘဝသက်တမ်း၏ထက်ဝက်၊ ဟိုဘက်တော်တော်များများကို ကျော်ခဲ့ပေပြီ။

အချိန်တွေ ကာလတွေ ဘယ်လိုပြောင်းပြောင်း၊ ကျွန်မသူငယ်ချင်း မေကျော့ကတော့ ကျွန်မကို တွေ့တိုင်း အိမ်ထောင်ပြုဖို့ သို့မဟုတ် မပြုဖို့ တစ်ခုခုကို ပြောနေဦးမှာ သေချာသည်။

သူ ဘာပဲပြောပြော ကျွန်မအပေါ် စေတနာကောင်းနှင့်အကြံကောင်း၊ ဉာဏ်ကောင်းများ ပေးနေသည်ဟု ကျွန်မကတော့ အမြဲယုံကြည်နေမည် ဖြစ်ပါသည်။

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောကြက်သွန်နီ ၄၃၂၃ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ၄၃၂၃ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၇၈၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နှင့် အဆိုပါ စိုက်ပျိုးထားသော ကြက်သွန်နီ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင် နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၄၃၂၃ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပိဿာချိန် ၃၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"မုံရွာမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကြက်သွန်နီဧက ၇၈၆၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်နီ စိုက်ခင်းတွေ လက်ရှိအချိန်မှာ နုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီတွေ ဈေးကောင်းရဖို့ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ကြက်သွန်နီစိုက် တောင်သူများ ဈေးကွက်ချိတ်ဆက်မှုများ ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်းတို့ကို ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ကြက်ဟင်းခါးသီးများ ထွက်ရှိပြီး ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစတင်ကာ ယနေ့ထိ ကြက်ဟင်းခါးသီးများ ဝယ်ယူမှု အားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့်ကြက်ဟင်းခါသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

''ကျောင်းကုန်းမြို့နယ်က ထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အရောင်းအဝယ် ကောင်းလာပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်နဲ့ ပတ်ဝန်းကျင် အခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်တာ တွေ့ရပါတယ် ''ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။



ကျောင်းကုန်းမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင်စသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြဝတီမြို့နယ် ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဖေဖော်ဝါရီ ၂၀**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြဝတီမြို့နယ် ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံ၍ ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ စာရင်းဇယားပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၃ ဦးအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၃ ဒသမ ၈ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

**ကိုသက်**

## မေတ္တာဆောင်ပါ ငြိမ်းဖို့ရာ

\- ချိန်တိုင်းသာ မေတ္တာပို့
သတ္တဝါတို့ ချမ်းသာစေ၊
ကိုယ့်မေတ္တာ ကိုယ်ပြန်ရတော့
တောဟန်လှပါပေ၊
အေးမြတဲ့ စိတ်အခြေ
နိမိတ်ထွေထွေ ငြိမ်းစေတတ်၊
မေတ္တာတွေ ပို့မပျက် သမျှ
ကိုယ့်တွက် အမြတ်။

\- မြဲတမ်းသာ မေတ္တာစိတ်နဲ့
ကမ္ဘာအရပ်တိုင်း ချမ်းသာအောင်၊
တို့လူ့ပြည် အဆွေးတိတ်ဖို့
တွေးစိတ်နဲ့ ဆောင်၊
ကင်းပမဲ့ စိတ်အမှောင်
နိမိတ်တဘောင်လည်း မင်္ဂလာခင်း၊
မေတ္တာဟာ ကိန်းလွှမ်းသမျှ
ငြိမ်းချမ်းရခြင်း။

\- ကိုယ်ကလျှင် မေတ္တာနှင်းတော့
ချစ်စရာသတင်း ကိုယ့်မှာကြုံ၊
ရန်စွယ်ဆို အရှင်းမခ
တွင်းပ လုံခြုံ၊
မေတ္တာကြောင့် ကိုယ့်ရပ်ဘုံ
လာဘ်အဖုံဖုံ ဝင်မဲ့ကိန်း၊
မေတ္တာကို ဆောင်ကြပါတော့
အိုကွယ်...
နောင်ဘဝထိ ငြိမ်း။ ။

**လွမ်းလေးကို(သရက်)**

# ရေနံချောင်းမြို့နယ် ရုံးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရေနံချောင်း ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရုံးကုန်းကျေးရွာအုပ်စု ရုံးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် ဝန်ထမ်းများက ရုံးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ချေးငွေစာချုပ်ပါ အတိုင်း လုပ်ငန်းများအမှန်တကယ် ဆောင်ရွက်မှု ရှိ၊ မရှိ၊ လစဉ် ဖြည့်သွင်းရမည့် စာရင်းဇယား ပုံစံများ ပြည့်စုံစွာဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရုံးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၀ ဒသမ ၆ သန်း ထုတ်ချေး ပေးထားကြောင်း သိရသည်။

**နေဘ်လူး**

# ဘဝကိုတိုးတက်စေသည့် ကျောင်းစာမေးပွဲများ

ညွှန့်ဝင်း(နတ်တလင်း)

လူသားတို့သည် မိမိဘဝတွင် ကြုံတွေ့ရသော ဘဝအခက်အခဲစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်း ကျော်လွှားကြရသည်။ ရင်ဆိုင်ဖြေရှင်း ကျော်လွှားနိုင်သူသည် ဘဝအောင်မြင်မှု ပန်းတိုင်တစ်ခုကို တက်လှမ်းခွင့်ရသည်။ စင်စစ်မူ ထိုရင်ဆိုင်ဖြေရှင်းရသော ဘဝအခက်အခဲများသည် ဘဝစာမေးပွဲများဖြစ်သည်။ ဘဝအောင်မြင်မှု ပန်းတိုင်တစ်ခုကို တက်လှမ်းနိုင်သူသည် ဘဝစာမေးပွဲတစ်ခုအောင်မြင်ခြင်းဖြစ်သည်။ ဘဝစာမေးပွဲဟူသည် လူ့ဘဝတစ်လျှောက်တွင် အမြဲကြုံတွေ့ရမည့် အခက်အခဲစိန်ခေါ်မှုများဖြစ်သည်။ စာမေးပွဲသည် ကျွန်တော်တို့ ငယ်စဉ်ကတည်းက ကျောင်းတွင် ကြုံတွေ့ရသော အတွေ့အကြုံများဖြစ်သည်။ ငယ်စဉ်ဘဝ ကျောင်းနေစဉ်ကာလတွင် အတန်းစာမေးပွဲများကို ဖြေဆိုခဲ့ကြရသည်မဟုတ်ပါလား။ သို့ဆိုလျှင် စာမေးပွဲများကို ဖြေဆိုမှု မပြုလုပ်သင့်သည်၊ ပြုလုပ်သင့်သည် ဟူသောအချက်သည် စဉ်းစားစရာဖြစ်လာပါသည်။

ကျွန်တော်တို့သည် ကျောင်းသားဘဝတွင် ကျောင်းစာမေးပွဲများကို တစ်တန်းပြီး တစ်တန်း၊ တစ်နှစ်ပြီးတစ်နှစ်ဖြေဆိုပြီး တစ်ဆင့်ပြီး တစ်ဆင့်တက်လှမ်းအောင်မြင်လာခဲ့ကြသည်။ လုပ်ငန်းခွင်ဝင်ရောက်ရာတွင်လည်း ဝန်ထမ်းရွေးချယ်ရေး အလုပ်စာမေးပွဲများ၊ အင်တာဗျူးများကို စာတွေ့လူတွေ့ဖြေဆိုပြီး အောင်မြင်မှုကို ရယူခဲ့ကြသည်။ တစ်ဖန် စာမေးပွဲများသည် ရပ်တန့်ပြီးဆုံးသွားခြင်းမရှိဘဲ ရာထူးတိုးမြှင့်စာမေးပွဲများကို အဆင့်ဆင့်ဆက်လက်ဖြေဆို၍ တစ်ဆင့်ထက် တစ်ဆင့်မြင့်သော ရာထူးနေရာများကို တက်လှမ်းခဲ့ကြသည်။ ယနေ့ မျက်မှောက်ခေတ်ကာလတွင် ကမ္ဘာနှင့်အဝန်း၌ စာမေးပွဲစစ်ဆေးခြင်းသည် ကောင်းသည်၊ မကောင်းသည် လိုသည်၊ မလိုသည်ကို ဆွေးနွေးငြင်းခုံလာကြသည်။ စာမေးပွဲသည် အလွတ်ကျက်မှတ်မှုကိုသာ အားပေး၍ စဉ်းစားတွေးခေါ်နိုင်စွမ်းကို ကျဆင်းစေသည်ဟု ယူဆကြသူများလည်းရှိသည်။ ထိုအချက်သည် အလုံးစုံမှန်ကန်မှု ရှိ၊ မရှိ စဉ်းစားရန်လိုအပ်လာပြီဖြစ်သည်။

စာမေးပွဲစစ်ဆေးမှု၏ ရည်ရွယ်ချက်မှာ သက်ဆိုင်ရာဘာသာရပ်တစ်ခု၊ နယ်ပယ်တစ်ခုတွင် ရှိရမည့် ကျွမ်းကျင်မှုကို စစ်ဆေးရန်သာမက ၎င်းဘာသာရပ်၊ နယ်ပယ်အပေါ်တွင် အသိပညာနှင့်နားလည်မှု မည်မျှရှိသည်ကို စစ်ဆေးအကဲဖြတ်ရန်လည်းဖြစ်သည်။ ကျောင်းသားတစ်ဦး၏ ပညာရည်ကို တိုင်းတာစစ်ဆေး အကဲဖြတ်ရာတွင် စာမေးပွဲထက်ကောင်းသော စစ်ဆေးမှုမရှိသေးချေ။ စာမေးပွဲစစ်ဆေးမှုတွင် ရေးဖြေသာမက နှုတ်ဖြေစစ်ဆေးခြင်း၊ လုပ်ငန်းအတွေ့အကြုံ လက်တွေ့စမ်းသပ်ခြင်း တို့လည်းပါဝင်သည်။ ကျောင်းသားတစ်ဦးသည် သက်ဆိုင်ရာဘာသာရပ်တွင် တတ်သိမှု၊ ထူးချွန်မှုတို့ မည်မျှရှိသည်ကို စာမေးပွဲ စစ်ဆေးအမှတ်ပေး၍ အကဲဖြတ်ခြင်းဖြင့်သာ စစ်ဆေးခြင်းသည် အကောင်းဆုံး မှတ်ကျောက်တင်မှုဖြစ်သည်။ စင်စစ်အားဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးဆိုင်ရာ တိုးတက်မှု၊ စွမ်းရည်နှင့် အရည်အချင်းများကို စာမေးပွဲစစ်ဆေးခြင်းဖြင့် အတည်ပြုနိုင်သည်။ ထို့ကြောင့် ပညာသင်နှစ်တစ်လျှောက် သင်ကြားပို့ချခဲ့သော ဘာသာရပ်အသီးသီး၏ တတ်မြောက်မှုကို တိုင်းတာရန် လပတ်စာမေးပွဲများ၊ နှစ်ဝက်စာမေးပွဲများ၊ နှစ်ဆုံးစာမေးပွဲများ စစ်ဆေး၍ အတည်ပြုဆုံးဖြတ်ရသည်။

**❖ စာမေးပွဲစစ်ဆေးမှု၏ ရည်ရွယ်ချက်မှာ သက်ဆိုင်ရာဘာသာရပ်တစ်ခု၊ နယ်ပယ်တစ်ခုတွင် ရှိရမည့် ကျွမ်းကျင်မှုကို စစ်ဆေးရန်သာမက ၎င်းဘာသာရပ်၊ နယ်ပယ်အပေါ်တွင် အသိပညာနှင့်နားလည်မှု မည်မျှရှိသည်ကို စစ်ဆေးအကဲဖြတ်ရန်လည်းဖြစ်သည်။ ကျောင်းသားတစ်ဦး၏ ပညာရည်ကို တိုင်းတာစစ်ဆေး အကဲဖြတ်ရာတွင် စာမေးပွဲထက်ကောင်းသော စစ်ဆေးမှုမရှိသေးချေ။ စာမေးပွဲစစ်ဆေးမှုတွင် ရေးဖြေသာမက နှုတ်ဖြေစစ်ဆေးခြင်း၊ လုပ်ငန်းအတွေ့အကြုံ လက်တွေ့စမ်းသပ်ခြင်းတို့လည်း ပါဝင်သည်။ ❖**

ကျောင်းသား၊ ကျောင်းသူ တစ်ဦးချင်း၏ လေ့လာသင်ယူမှတ်သားမှုတွင် အားနည်းချက်၊ အားသာချက်များရှိမည်မှာ ဧကန်ဖြစ်သည်။ တစ်ဦးချင်းစီ၏ အားနည်းချက်ကို ကြိုတင်သိရှိခြင်းဖြင့် ပြုပြင်ပေးရမည့်အချက်၊ ဖြည့်စွက်ပေးရမည့် အချက်ကို သိရှိနိုင်သည်။ တစ်ဖန် အားသာချက်ကို သိရှိခြင်းဖြင့် ပိုမိုထူးချွန်ထက်မြက်အောင် အားဖြည့်လေ့ကျင့်ပေးနိုင်သည်။ တစ်ဦးချင်းစီ၏ သင်ယူမှု အားနည်းချက်၊ အားသာချက်တို့ကို ပညာသင်ကာလတစ်လျှောက် ကြိုတင်သိရှိနိုင်မည့် နည်းလမ်းသည် စာမေးပွဲ စစ်ဆေးခြင်းပင်ဖြစ်သည်။ ကျောင်းသားတစ်ဦးချင်းစီ၏ သင်ယူမှတ်သားနိုင်မှု စွမ်းရည်ကို ယှဉ်ပြိုင်အကဲဖြတ်ရာတွင်လည်း စာမေးပွဲ စစ်ဆေးခြင်းသည် အနီးစပ်ဆုံးမှန်ကန်မှုကို ပေးနိုင်သည်။ ထို့အပြင် တစ်ဦးချင်းစီ၏ စွမ်းရည်ပိုမိုတိုးတက်မှုအတွက် စစ်မှန်သော ယှဉ်ပြိုင်လိုစိတ်ကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရပ်ကို ထူးချွန်စွာတတ်မြောက်မှု၊ အားသာရာ ထူးချွန်မှုမှ ဘဝရည်မှန်းချက် ရောက်အောင် လျှောက်လှမ်းနိုင်မှုတို့ကို စာမေးပွဲစစ်ဆေးခြင်းက များစွာ ကူညီပံ့ပိုးပေးပါသည်။

စာမေးပွဲများသည် ကျောင်းသား၊ ကျောင်းသူများ၏ အလွတ်ကျက်မှတ်မှုကိုသာ အားပေးသည်ဆိုသောအချက်မှာ မမှန်ကန်ပေ။ စာမေးပွဲ စစ်ဆေးခြင်းဖြင့် အလွတ်ကျက်မှတ်မှုသာမက ကျက်မှတ်နားလည်ထားသော အချက်အလက်များကို အသုံးပြု၍ ပြန်လည်အသုံးချနိုင်မှုအကျိုးဆက်ကို ရစေသည်။ စာမေးပွဲများသည် အချက်အလက်များကို တိုက်ရိုက်ဖြေဆိုရသည့် မေးခွန်းများရှိသကဲ့သို့ အချက်အလက်ကိုအခြေခံ၍ စဉ်းစားတွေးခေါ်ဖြေဆိုရသည့် ဉာဏ်ရည်စစ် မေးခွန်းများလည်းရှိသည်။ ထိုမေးခွန်းမျိုးကို ဖြေဆိုရန် ကျောင်းသား၏ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားတွေးခေါ်နိုင်မှု၊ ယုတ္တိဗေဒဆိုင်ရာ စဉ်းစားဆုံးဖြတ်နိုင်မှုကို အသုံးပြုရသည်။ ထိုသို့ စဉ်းစားတွေးခေါ် ဆုံးဖြတ်မှုပြုနိုင်ရန် ဘာသာရပ်ဆိုင်ရာ လေ့လာကျက်မှတ်မှုနှင့် နားလည်သဘောပေါက်မှုများ လိုအပ်သည်။ ထို့ကြောင့် စာမေးပွဲစစ်ဆေးခြင်းသည် ကျောင်းသားတို့၏ မှတ်သားနိုင်မှုဉာဏ်ရည်၊ တွေးခေါ်ထင်မြင်ယူဆချက်တို့ကို မြှင့်တင်ပေးနိုင်သည်။ နိုင်ငံတော်က ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူနိုင်မှုစွမ်းရည်တိုးတက်၍ ဗလငါးတန်နှင့် ပြည့်စုံသော ထူးချွန်ထက်မြက်သူများ ပေါ်ထွန်းလာစေရန် လူရည်ချွန်စာမေးပွဲများ ကျင်းပစစ်ဆေး၍ မြှောက်စား မြှင့်တင်လျက်ရှိသည်။ လူရည်ချွန်ရွေးချယ်ရေး စာမေးပွဲများတွင် ဉာဏစွမ်းရည်၊ ကာယစွမ်းရည်ဆိုင်ရာ စစ်ဆေးမှုများပြုလုပ်၍ ထူးချွန်သူများကို ရွေးချယ်ပေးခြင်းဖြင့် ကျောင်းသားကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေးများကို မြှင့်တင်ခွင့်တံခါးကို ဖွင့်ပေးလျက်ရှိသည်။

ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲစစ်ဆေးခြင်းသည် အပိုအလုပ်မဟုတ်ဘဲ အမှန်တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းလေ့ကျင့်ပေးလိုက်ခြင်းဖြစ်သည်။ စာမေးပွဲများသည် ကျောင်းသား၊ ကျောင်းသူများ၏ အရည်အသွေးနှင့် ကျွမ်းကျင်မှုကို ဖော်ထုတ်ပေးနိုင်သည်။ ထို့ကြောင့် ကျောင်းသားဘဝတွင် စာမေးပွဲနှင့် ကင်းကွာ၍ မရနိုင်ပေ။ စင်စစ်စာမေးပွဲများသည် ကျောင်းသား၊ ကျောင်းသူများ၏ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို စစ်ဆေးနိုင်ရုံသာမက ကျောင်းသား၏ အားနည်းချက်၊ အားသာချက်ကိုပါ ဖော်ထုတ်ပေးနိုင်သည်။ ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲဖြေဆိုလေ့ကျင့်မှုများမှတစ်ဆင့် သဘောတရားဆိုင်ရာအချက်များကိုပါ ပိုမိုနက်ရှိုင်းစွာ သိမြင်လာစေပါသည်။ ထို့ကြောင့် စာမေးပွဲသည် ကျောင်းသားလူငယ်များ၏ ပညာရေးဆိုင်ရာ တိုးတက်အောင်မြင်မှုမှ ဘဝတစ်လျှောက်တွင်ကြုံတွေ့ရမည့် အခက်အခဲစိန်ခေါ်မှုများကို ကိုယ်ပိုင်ဉာဏ်ရည်ဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်သော စွမ်းရည်များအထိ ရရှိလာမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ဘဝစာမေးပွဲများကိုပါ ကောင်းမွန်စွာ ဖြေဆိုအောင်မြင်လာနိုင်မည်ဖြစ်သည်။

ကျွန်တော်တို့နှင့်အတူ ပညာသင်ယူခဲ့ကြသော ငယ်သူငယ်ချင်းများတွင် အချို့သည် ပညာဆုံးခန်းတိုင်အောင်သင်ယူ၍ စာမေးပွဲများစွာကို ဖြေဆိုအောင်မြင်ခဲ့ကြသည်။ ထိုသူတို့သည် မိမိဘဝကို မိမိနည်းမိမိဟန်ဖြင့် ဖန်တီးပုံဖော်နိုင်ကြသည်။ အချို့မှာ ပညာဆုံးခန်းမတိုင်ဘဲ လက်တွေ့ဘဝထဲသို့ရောက်ရှိကာ ကြုံသလိုရင်ဆိုင်ရင်း ဘဝကို လှပစွာ မဖန်တီးနိုင်သူများရှိကြသည်။ အတန်းပညာ ဆုံးခန်းတိုင် မသင်ခဲ့သော်လည်း ဖြေဆိုခဲ့ဖူးသော စာမေးပွဲအတွေ့အကြုံများမှ ရရှိသော ဉာဏ်ရည်ကို လက်တွေ့ကျကျ ကောင်းစွာအသုံးချနိုင်သဖြင့် ဘဝအောင်မြင်တိုးတက်သူ အချို့လည်းရှိသည်။ သို့သော် ထိုသူတို့မှာ အရေအတွက်အားဖြင့် လက်ချိုးရေနိုင်ရုံလောက်သာရှိသည်။ အများစုမှာ စာမေးပွဲများစွာ ဖြေဆိုဖူးသော သူများကသာ ကြီးမားသော ဘဝအောင်မြင်မှုများ ရရှိသူဦးရေ များပေသည်။ ထို့ကြောင့် ကျောင်းစာမေးပွဲများသည် ဘဝ တိုးတက်ရေးအတွက် များစွာ အကျိုးသက်ရောက်စေသည်မှာ ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

**- စာပေဟောပြောချက်များ**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ငါးခြောက်မျိုးစုံပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဒေးဒရဲ ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ငါးခြောက်မျိုးစုံ ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက ငါးခြောက်မျိုးစုံ ပိဿာချိန် ၄၅၀၀၀ ထိသာ ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီလအတွင်း ငါးခြောက်မျိုးစုံ ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ အများဆုံး တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်များမှာ ငါးကွမ်းရှပ်ခြောက်၊ ငါးလိပ်ကျောက်ခြောက်၊ ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက်နှင့် အာပွဲခြောက်စသည့် ငါးခြောက်အမျိုး အစားများဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ငါးခြောက်မျိုးစုံကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးခြောက်မျိုးစုံ ပိဿာချိန် ၆၀၀၀၀ ကျော်ထိ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့ရောင်းချအားတက်ခဲ့ပါတယ်။ လက်ရှိ ငါးခြောက်တွေကို ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေလို့ တင်ပို့အားတက်နေတာပါ။ အခုလို အရောင်းအဝယ်ကောင်းလာတော့ ငါးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေပါတယ်" ဟု ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်တစ်ပိဿာချင်း ဈေးနှုန်းအနေဖြင့် ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင်ငွေကျပ် ၄၅၀၀၀၊ ငါးကွမ်းရှပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ငါးပြေမခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀၀၊ ငါးလိပ်ကျောက်ခြောက် တစ်ပိဿာလျှင် ၅၅၀၀၀၊ အာပွဲခြောက် တစ်ပိဿာလျှင်ငွေကျပ် ၃၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်နှမ်း ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**တမူး ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်နှမ်း ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၂၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီး တစ်ကေလျှင် ၁၁ ဒသမ ၅၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"တမူးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၂၄၂၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်"ဟု တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် နှမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၆၈၃ ကေ၊ တမူးမြို့နယ်တွင် ၃၅၆ ကေနှင့် ခါမ်းပါတ်မြို့တွင် ၃၈၇ ကေ စုစုပေါင်း ၂၄၂၆ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေးကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကံမမြို့နယ် ထုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကံမ ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျွန်းကလေး ကျေးရွာအုပ်စု ထုံးကြီးကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း (ဆီထွက်သီးနှံ)ဖြင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ထုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် စီမံကိန်းဆိုင်ရာစာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းအသင်းဝင်ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကံမမြို့နယ် ထုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် ၂၅ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅၁ ဦးကို ငွေကျပ် ၂၀ ဒသမ ၅၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၅၁ ဦးကို ငွေကျပ် ၄၅ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း အဆိုပါစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ရေမင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဟသ်ာတ ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ရေမင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ရေမင်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ရေမင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဟသ်ာတကနေ ရန်ကုန်ဆန်ဈေးကွက်ကို ဆန်အပါအဝင် လယ်ယာထွက်ကုန်တွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လတွင်းမှာ ရေမင်းဆန် ၂၄ပြည်ဝင် အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိပြည်တွင်း ရန်ကုန်ဆန်ဈေးကွက်က ဒီဘက်ကဆန်တွေကို အဝယ်လိုက်နေပါတယ်။ ဒီကပွဲရုံပိုင်ရှင်တွေက စပါးအတိုင်းတင်ပို့ရောင်းချတာရှိသလို စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ်တင်ပို့ရောင်းချတာလဲ ရှိပါတယ်။ ဆန်တွေအရောင်းအဝယ် ကောင်းလာတဲ့အတွက် တောင်သူတွေ၊ ကုန်သည်တွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ၊ ကုန်တင်ယာဉ်အငှားလိုက်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိနေပါတယ်" ဟု ဟသ်ာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။



ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရေမင်းဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ မှ ၈၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဘိုကလေးမြို့နယ် ဖြူးစခန်းကျေးရွာ၌ ဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုစစ်ဆေး

**ဘိုကလေး ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေးသွားလာနိုင်ရန်ရည်ရွယ်၍ ဖြူးစခန်းကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘိုကလေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းလှိုင်နှင့် တာဝန်ရှိသူများသည် ဖြူးစခန်းကျေးရွာတွင် အရှည် ပေ ၃၀၊ အကျယ် ၁၈ပေ၊ အမြင့် ကိုးပေရှိ ဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆိပ်ခံတံတားအား ရေရှည်တည်အောင် ကျေးရွာသူ၊ ကျေးရွာသားများမှ ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဘိုကလေးမြို့နယ်အတွင်းရှိ အဆိုပါဆိပ်ခံတံတား တည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စု ဖြည့်စွက်ရန်ပုံငွေကျပ်သိန်း ၁၂၀၀ ကို အသုံးပြုကာ ဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများဖြင့် ပူးပေါင်း၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာလဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

# ဥတ္တရသီရိမြို့နယ် ငွေးပင်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ညိုကျေးရွာအုပ်စု ငွေးပင်ရိုးကျေးရွာ၌ ကေဒသမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၆၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ငွေးပင်ရိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၄ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၅ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၉၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုလေး**


ကိုဗစ် – ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



## အမေရိကန်နိုင်ငံ နီဗားဒါးကောင်တီတွင် နှင်းထုပြိုကျမှုကြောင့် နှင်းလျှောစီးသူ ရှစ်ဦးသေဆုံးကာ တစ်ဦးပျောက်ဆုံးနေ



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် မြောက်ပိုင်းရှိ နီဗားဒါးကောင်တီတွင် နှင်းထုပြိုကျမှုကြောင့် နှင်းလျှောစီးသူ ရှစ်ဦး သေဆုံးကာ တစ်ဦး ပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နှင်းထုပြိုကျမှုသည် ဖေဖော်ဝါရီ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၃၀ ခန့်က နီဗားဒါးကောင်တီရှိ တောင်တန်းဒေသများတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နှင်းထုပြိုကျမှု ဖြစ်ပွားစဉ် အဆိုပါတောင်တန်းတွင် နှင်းလျှောစီးသူ ၁၅ ဦးရှိကြောင်း၊ အဆိုပါနှင်းထုပြိုကျမှု ဖြစ်ပွားပြီးနောက် အာဏာပိုင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ သေဆုံးသူရှစ်ဦး၏ ရုပ်အလောင်းများကို ယနေ့တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ တစ်ဦးပျောက်ဆုံးနေဆဲဖြစ်ပြီး ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် နှင်းထုပြိုကျမှုအတွင်း ပိတ်မိနေသူခြောက်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ ပျောက်ဆုံးနေသူကို ရာသီဥတုအခြေအနေအပေါ် မူတည်၍ ဆက်လက်ရှာဖွေနေကြောင်း သိရသည်။

ဒေသဆိုင်ရာ နှင်းထုပြိုကျမှု ခန့်မှန်းရေးအဖွဲ့ဖြစ်သော Sierra Avalanche စင်တာက နှင်းထုပြိုကျမှု မဖြစ်ပွားမီကတည်းက နှင်းထုပြိုကျမှုအန္တရာယ် မြင့်မားနေကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင်လည်း နှင်းထုပြိုကျမှုအန္တရာယ် မြင့်မားနေဆဲဖြစ်သောကြောင့် အဆိုပါတောင်တန်းဒေသအနီးတစ်ဝိုက်သို့ ခရီးသွားလာမှုများမပြုလုပ်ရန် အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

## ပါရာဂွေးနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၈၀ ရာခိုင်နှုန်းထိ လျှပ်စစ်မီး ပြတ်တောက်နေ

**အဆန်စီယွန် ဖေဖော်ဝါရီ ၂၀**

ပါရာဂွေးနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မှာ ၄၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အပူချိန်မြင့်တက်မှုကြောင့် လျှပ်စစ်ဓာတ်အားပေး စနစ်များကိုယာယီပိတ်ထားရသည့်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၈၀ ရာခိုင်နှုန်း လျှပ်စစ်မီးပြတ်တောက်နေကြောင်း National Electricity Administration က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် လူဦးရေ ၆ ဒသမ ၄ သန်းထိ ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ပြီး အပူလှိုင်း ဖြတ်သန်းမှုကြောင့် ကာလတစ်ခုထိ လျှပ်စစ်မီးဖြတ်တောက်ထားမည် ဖြစ်ကြောင်းလည်း National Electricity Administration က ထုတ်ပြန်ခဲ့သည်။

"ပါရာဂွေးနိုင်ငံ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပူလှိုင်းဖြတ်သန်းနေသလို အပူချိန်ကလဲ ၄၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်။ အပူချိန်မြင့်တက်ချိန် လျှပ်စစ်ဓာတ်အားပေးစနစ်တွေကို ယာယီရပ်ဆိုင်းထားရပါတယ်။ လျှပ်စစ်ဓာတ်အားပေးစနစ်တွေကို ဖြတ်တောက်ထားတဲ့အတွက် လျှပ်စစ်မီးတွေ ပြတ်တောက်နေပါတယ်။ အပူချိန်မြင့်မားချိန်မှာ လျှပ်စစ်ဓာတ်အားပေးစနစ်တွေကို ပုံမှန်အတိုင်းလည်ပတ်ဖို့က အန္တရာယ်ရှိနိုင်တဲ့အတွက် လျှပ်စစ်ဓာတ်အားပေးစနစ်တွေကို ယာယီရပ်ဆိုင်းထားတာ ဖြစ်ပါတယ်။ အပူချိန်ပမာဏပေါ် မူတည်ပြီးတော့ လျှပ်စစ်မီးပြန်လည်ပေးဝေဖို့ ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ လောလောဆယ်ထိတော့ နိုင်ငံရဲ့ လူဦးရေ ၈၀ ရာခိုင်နှုန်းထိ လျှပ်စစ်မီးပြတ်တောက်မှုနဲ့ ရင်ဆိုင်နေရပါတယ်"ဟု National Electricity Administration မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ကျင်းပပြုလုပ်သော အစည်းအဝေးတွင် လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေးဆိုင်ရာပြဿနာများဖြေရှင်းရေး ဆွေးနွေးခဲ့

**နယူးဒေလီ ဖေဖော်ဝါရီ ၂၀**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ဖေဖော်ဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်ထိ ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေးတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသော လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြေရှင်းရေးအတွက် ဦးစားပေး ဆွေးနွေးခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း၌ သုတေသီ ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ဖူးသည့် ဒေါက်တာဆွာမီနာသန်က ဦးဆောင်ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း၊ လေထုညစ်ညမ်းမှု မကြာခဏဖြစ်ပေါ်လေ့ရှိသည့် မွမ်ဘိုင်းမြို့တွင် လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် ကျန်းမာရေးလုံခြုံမှု မြင့်တင်နိုင်ရေးကို ဦးစားပေး ဆောင်ရွက်သင့်ကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက်အရ လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ဦးစားပေးဖြေရှင်းရန်အတွက် လိုအပ်သော သုတေသနလုပ်ငန်းများကို ဒေါက်တာဆွာမီနာသန်က ဦးဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။



"ရာသီဥတု ဖောက်ပြန်မှုကြောင့် အပူချိန်မြင့်တက်နေသလို လေထုညစ်ညမ်းမှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးလုံခြုံမှုကို ဆိုးရွားစွာထိခိုက်စေနိုင်ပါတယ်။ ဒီပြဿနာကို ဦးစားပေးဖြေရှင်းသွားဖို့လိုအပ်နေတယ်။ ဒီပြဿနာကို ဖြေရှင်းသွားဖို့ကလဲ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်"ဟု ဒေါက်တာဆွာမီနာသန်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## ကင်ညာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးခေါင်ရေရှားမှု ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ငတ်မွတ်ခေါင်းပါးမှုအခြေအနေများ ပိုမိုဆိုးရွားလာ

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၀**

ကင်ညာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးခေါင်ရေရှားမှု ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ငတ်မွတ်ခေါင်းပါးမှု အခြေအနေများပိုမိုဆိုးရွားလာကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်ရေရှားမှုဆက်လက်ဖြစ်ပွားနေသည့်အပြင် နိုင်ငံတကာအကူအညီများ လျှော့ချခံရမှုတို့ကြောင့် ငတ်မွတ်ခေါင်းပါးမှု အခြေအနေများ ပိုမိုဆိုးရွားလာနေကြောင်း လူသားချင်းစာနာထောက်ထားရေးအဖွဲ့များက ပြောကြားထားသည်။

လေးနှစ်အတွင်း မိုးရွာသွန်းမှုမရှိဘဲ ဆက်တိုက်မိုးခေါင်နေခြင်းကြောင့် ကင်ညာနိုင်ငံ မြောက်ပိုင်းဒေသများရှိ ဒေသခံများ၏ လူနေမှုဘဝများကို ပြင်းထန်စွာထိခိုက်ပျက်ရှိပြီး စားနပ်ရိက္ခာမလုံလောက်မှုပြဿနာများ ထပ်မံမြင့်တက်လာခဲ့ကြောင်း၊ ကာလရှည် မိုးခေါင်ရေရှားမှု ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ငတ်မွတ်ခေါင်းပါးမှု ရန်ပုံငွေအကူအညီများကို ပံ့ပိုးသူများက လျှော့ချလာခြင်းကြောင့် အကူအညီပေးရေးအဖွဲ့များသည် လိုအပ်နေသူအားလုံးကို မထောက်ပံ့နိုင်တော့ဘဲ လူအနည်းငယ်သာ ကူညီနိုင်သည့်အခြေအနေသို့ ရောက်ရှိနေကြောင်း သိရသည်။

လက်ရှိ ကင်ညာနိုင်ငံ မြောက်ပိုင်းဒေသများရှိ မိသားစုသည် ကုလသမဂ္ဂ၏ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှလစဉ်ရရှိသည့် အစားအစာပံ့ပိုးမှု ၄၃ ဒသမ ၂ ကီလိုဂရမ်ခန့်နှင့် ဆီ ၃ ဒသမ ၂ လီတာခန့်ကို အခြေခံကာ ဆက်လက်အသက်ဆက်နေရကြောင်း သိရသည်။

ကင်ညာနိုင်ငံ အမျိုးသား မိုးခေါင်ရေရှားမှု စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့၏အဆိုအရ ခရိုင်ကိုးခုကျော်တွင် မိုးခေါင်ရေရှားမှု အခြေအနေများ ဖြစ်ပွားနေပြီး စားနပ်ရိက္ခာဖူလုံမှု၊ သောက်သုံးရေရရှိမှုများ သိသိသာသာထိခိုက်စေနိုင်ကြောင်း Save the Children အဖွဲ့၏အဆိုအရ သိရသည်။

Ref : Sputnik News
Trs : KZ

## ဖီဂျီနိုင်ငံတွင် မုန်တိုင်းပြန်လည်ထူထောင်ရေးအတွက်ထက် ကြိုတင်ကာကွယ်ရေးအတွက် ငွေကြေးသုံးစွဲသင့်ကြောင်း PIANGO က တိုက်တွန်း

**ဆူဗာ ဖေဖော်ဝါရီ ၂၀**

နှစ်စဉ်နှစ်တိုင်း ဆိုင်ကလုန်းမုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဖီဂျီနိုင်ငံတွင် နိုင်ငံတော်ဘဏ္ဍာငွေ အမြောက်အမြားသုံးစွဲရာ၌ ပြန်လည်ထူထောင်ရေးအတွက်ထက် ကြိုတင်ကာကွယ်ရေးအတွက် သုံးစွဲသင့်ကြောင်း အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သော Pacific Islands Association of Non-Governmental Organizations (PIANGO)က အစိုးရကို တိုက်တွန်းခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် ထိရောက်သည့် ရင်းနှီးမြုပ်နှံမှုမျိုးသာ ပြုလုပ်သွားသင့်ကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှု ဖြစ်ပွားတိုင်းလည်း ကုန်းနိမ့်ပိုင်းဒေသများတွင် ဆိုးရွားသည့်ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး ကြိုတင်ကာကွယ်ရေး အစီအစဉ်များကို ကုန်းနိမ့်ပိုင်းနေရာများ၌ ဦးစားပေးဆောင်ရွက်သင့်ကြောင်း PIANGO က ထုတ်ပြန်ခဲ့သည်။

"သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး ငွေကြေးသုံးစွဲတဲ့ စနစ်တွေကို ပြန်လည်သုံးသပ်ဖို့ လိုအပ်နေပါတယ်။ လက်ရှိ စနစ်က သဘာဝဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရပြီးမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ နိုင်ငံတော်ဘဏ္ဍာငွေတွေကို သုံးစွဲနေတဲ့ စနစ်ဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်နဲ့ရင်ဆိုင်ရတိုင်း နိုင်ငံတော်ဘဏ္ဍာငွေတွေ ဆုံးရှုံးရမဲ့ အခြေအနေဖြစ်နေတယ်။ သဘာဝဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရချိန်မှာ ပျက်စီးမှု အနည်းဆုံးဖြစ်အောင် ကြိုတင်ကာကွယ်ရေး အစီအစဉ်တွေပြုလုပ်တဲ့နေရာမှာ နိုင်ငံတော်ဘဏ္ဍာငွေတွေ သုံးစွဲသင့်ပါတယ်"ဟု PIANGO မှ ပြောရေးဆိုခွင့်ရှိသူ စီယာလီကာ ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ML

# တနင်္ဂနွေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ပွဲစဉ်တွေထဲက ချန်ပီယံဆုအတွက် အာဆင်နယ်၊ တန်းဆင်းဇုန်ထဲက စိန့်ပေါ်လီ၊ နိုင်ပွဲပြန်လည်ရှာဖွေလာမဲ့ ဘာစီလိုနာအသင်းတို့ကို အားပေးရမှာပါ



အခုတစ်ပတ်တနင်္ဂနွေနေ့ညမှာ အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်တွေအားလုံး ပုံမှန်အတိုင်း ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပရိသတ်အကြိုက်တွေ့စေမဲ့ ပွဲစဉ်တချို့ပါဝင်နေတာကို တွေ့ရပါတယ်။ ပရီးမီးယားလိဂ်မှာဆိုရင် တန်းဆင်းဇုန်ဖိအားရှိနေတဲ့နော်တင်ဟမ်အသင်းအနေနဲ့ ခြေစွမ်းပိုင်း ပြန်လည်ထက်မြက်လာတဲ့ လီဗာပူးအသင်းကို အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မန်ယူ၊ ချဲလ်ဆီးအသင်းတို့နဲ့ အပြိုင်ဖြစ်နေတဲ့ လီဗာပူးအသင်းအနေနဲ့ နိုင်ပွဲရရှိဖို့လိုအပ်နေတာဖြစ်တာကြောင့် စိတ်ဝင်စားစရာပွဲစဉ်တစ်ပွဲဖြစ်လာနိုင်ပါတယ်။ ဒ့ါပြင် ပြီးခဲ့တဲ့ပွဲစဉ်မှာ ဝုဗ်နဲ့ နှစ်ဂိုးစီသရေကျခဲ့တာကြောင့် အမှတ်ပေးချန်ပီယံဆုအတွက် တစ်ပွဲလျော့အနေအထားနဲ့ ရမှတ် ငါးမှတ်သာ ကွာဟနေတဲ့ အဆင့်(၂)နေရာက မန်စီးတီးအသင်းရဲ့ ဖိအားပေးမှုကြောင့် ရုန်းကန်လာရအုံးမဲ့ အာဆင်နယ်နဲ့ တန်းဆင်းဇုန်အထက် ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတဲ့ စပါးအသင်းတို့ရဲ့ပွဲစဉ်ဟာလဲ ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာ ပြိုင်ဆိုင်မှုပြင်းထန်လာအုံးမဲ့ပွဲစဉ်အဖြစ် ပရိသတ်တွေဆက်လက်မြင်တွေ့လာရမှာပါ။ ဒါကြောင့် လက်ရှိပရီးမီးယားလိဂ်အမှတ်ပေးပြိုင်ပွဲမှာဆိုရင် ချန်ပီယံဆု၊ ဥရောပဝင်ခွင့်တွေ၊ တန်းဆင်းဇုန်ဖိအားပေးတွေနဲ့ ပြိုင်ပွဲဝင်အသီးသီးရဲ့ ရုန်းကန်လာမှုတွေအပြင် အတ္တလန်တာနဲ့ နာပိုလီ၊ ရိုးမားနဲ့ ခရီမိုနန်ဆီ၊ ဘာစီလိုနာနဲ့ လီဗန်တေး အသင်းတို့ရဲ့စိတ်ဝင်စားစရာပွဲစဉ်တွေလဲ ပါဝင်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် အခုတစ်ပတ် တနင်္ဂနွေနေ့ညပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်တချို့ကို ဆက်လက်ရွေးချယ်တင်ပြပေးလိုက်ရပါတယ်။

### အာဆင်နယ်အသင်းကို အားပေးရမှာပါ

စပါးနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်ဟာဆိုရင် ဒီတစ်ပတ်တနင်္ဂနွေနေ့ညရဲ့ ပြိုင်ဆိုင်မှုနဲ့စိတ်ဝင်စားမှုမြင့်မားတဲ့ပွဲစဉ်အဖြစ် တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ ပထမအကျော့ပွဲစဉ်မှာဆိုရင် အာဆင်နယ်အသင်းက အိမ်ကွင်းမှာ လေးဂိုး တစ်ဂိုးနဲ့အနိုင်ရရှိထားပြီး လက်ရှိမှာလဲ အမှတ်ပေးဇယားအဆင့်(၁)နေရာမှာ ရပ်တည်နေတဲ့ အာဆင်နယ်အသင်းကပဲ ခြေစွမ်းပိုင်းအသာရနေတယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ စပါးအသင်းဟာ လက်ရှိအမှတ်ပေးဇယား အဆင့်(၁၆) နေရာမှာရပ်တည်နေပြီး တန်းဆင်းဇုန်ထဲက ဝက်စ်ဟမ်းအသင်းနဲ့ ငါးမှတ်သာကွာဟနေတာကို သတိပြုရမှာပါ။ သူတို့အသင်းအနေနဲ့ နောက်ဆုံးနှစ်ပွဲဆက်မှာ မန်ယူနဲ့ နယူးကာဆယ်အသင်းကို ရှုံးနိမ့်ခဲ့တယ်ဆိုပေမဲ့ အဲဒီပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းကတော့ အပြန်အလှန်ဖိအားပေးကစားနိုင်တာကိုတွေ့ရပါတယ်။ ဒါကြောင့် စပါးအသင်းအနေနဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ တန်းဆင်းဇုန်ဖိအားကြောင့် ရလဒ်ကောင်းဖို့ ရုန်းကန်ကစားလာအုံးမှာဖြစ်ပြီး လက်ရှိမှာ အဝေးကွင်းနှစ်ပွဲဆက် သရေကျထားတဲ့အာဆင်နယ်အသင်းအတွက် သတိထားရမဲ့အနေအထားဖြစ်နေပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းနှစ်ပွဲဆက်မှာ ဦးဆောင်ဂိုးနဲ့ အနိုင်ဂိုးတွေရရှိခဲ့ပြီးမှ ချေပဂိုးတွေပြန်လည်ပေးခဲ့ရပြီး နိုင်ပွဲပျောက်ဆုံးနေတာကို ကြည့်ရင် သူတို့အသင်းအတွက် ခံစစ်ပိုင်းက စိတ်ချလို့မရတဲ့အနေအထားပါ။ သူတို့အသင်းအနေနဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းတွေဆုံးရှုံးခဲ့ရင် ချန်ပီယံဆုအတွက် အဆင့်(၂)နေရာက မန်စီးတီး၊ အဆင့်(၃)နေရာက အေဗီလာအသင်းတို့ရဲ့ ဖိအားပေးခြင်းကို ခံလာရမှာဖြစ်တာကြောင့် အခုစပါးအသင်းရဲ့ အိမ်ကွင်းမှာ အကောင်းဆုံးယှဉ်ပြိုင်ကစားနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ စပါးအသင်းရဲ့ ဒီရာသီအိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ ပွဲစဉ် ၁၃ပွဲမှာ နိုင်ပွဲနှစ်ပွဲသာရှိနေတဲ့အတွက် ရလဒ်ကောင်းလိုအပ်နေတဲ့ အာဆင်နယ်အသင်းအတွက် အဘက်ဘက်က ဖိအားပေးကစားလာနိုင်အုံးမှာပါ။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုရှစ်ကြိမ်မှာ အာဆင်နယ်အသင်းက ခြောက်ကြိမ်အနိုင်ရထားပြီး တစ်ကြိမ်ရှုံးနိမ့်ထားကာ တစ်ကြိမ်သရေကျထားပါတယ်။ ဒ့ါပြင် လက်ရှိခြေစွမ်းပိုင်းမှာလဲ အသာရနေတဲ့ အာဆင်နယ်အသင်းကိုပဲ အားပေးရမှာပါ။

### စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘန်လေ | ၂ | - | ၂ | စပါး |
| ဖရန့်ဖတ် | ၀ | - | ၂ | စပါး |
| စပါး | ၂ | - | ၂ | မန်စီးတီး |
| မန်ယူ | ၂ | - | ၀ | စပါး |
| စပါး | ၁ | - | ၂ | နယူးကာဆယ် |

### အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၁ | - | ၀ | ချဲလ်ဆီး |
| အာဆင်နယ် | ၃ | - | ၀ | ဆန်းဒါးလန်း |
| ဘရန့်ဖို့ဒ် | ၁ | - | ၁ | အာဆင်နယ် |
| အာဆင်နယ် | ၄ | - | ၀ | ဝီဂန် |
| ဝုဗ် | ၂ | - | ၂ | အာဆင်နယ် |

### စိန့်ပေါ်လီအသင်း ရလဒ်ကောင်းသွားမှာပါ

နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်တွေထဲက စိန့်ပေါ်လီနဲ့ ဝါဒါဘရီမင်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းအနေနဲ့ ပွဲစဉ်(၂၃)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီးပထမအကျော့ပွဲစဉ်မှာတော့ ဂိုးမရှိသရေကျထားတာကို တွေ့ရပါတယ်။လက်ရှိမှာ နှစ်သင်းစလုံးဟာ တန်းဆင်းဇုန်အတွင်း ရပ်တည်နေကြပြီး စိန့်ပေါ်လီအသင်းက အဆင့်(၁၇)နေရာ၊ ဝါဒါဘရီမင်အသင်းက အဆင့်(၁၆) နေရာမှာ အသီးသီးရပ်တည်နေကြပါတယ်။ စိန့်ပေါ်လီအသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းအဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေကာ ပြိုင်ပွဲစုံနောက်ဆုံး ၁၀ ပွဲမှာ တစ်ပွဲသာအနိုင်ရထားပါတယ်။ သူတို့အသင်းအနေနဲ့ ပွဲစဉ်၂၂ ပွဲကစားပြီးချိန်မှာ လေးပွဲသာအနိုင်ရရှိခဲ့ပြီး ငါးပွဲသရေ၊ ၁၃ ပွဲရှုံးနဲ့ ရမှတ် ၁၇ မှတ်သာရရှိထားတာကြောင့် တန်းဆင်းဇုန်ဖိအားနဲ့ ရင်ဆိုင်နေရတာကို တွေ့ရတာပါ။ ဒါကြောင့် သူတို့အသင်းဟာ အခုလိုအိမ်ကွင်းပွဲစဉ်မှာ ရလဒ်ကောင်းဖို့ ဝါဒါဘရီမင်အသင်းကို အဘက်ဘက်က ဖိအားပေးကစားလာပါလိမ့်မယ်။

ဒါပေမဲ့ ဝါဒါဘရီမင်အသင်းကလဲ စိန့်ပေါ်လီအသင်းရဲ့အထက် တန်းဆင်းဇုန်အတွင်းမှာပဲ အဆင့်(၁၆)နေရာမှာ နှစ်မှတ်အသာနဲ့ရပ်တည်နေတာပါ။ သူတို့အသင်းကလဲ ဘွန်ဒက်လီဂါပွဲစဉ် ၂၂ ပွဲမှာ လေးပွဲသာအနိုင်ရရှိထားပြီး ခုနစ်ပွဲသရေ၊ ၁၁ ပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၉ မှတ်ရရှိထားကာ တန်းဆင်းဇုန်အတွင်းက လွတ်ကင်းဖို့ လက်ကျန်ပွဲစဉ်တွေမှာ ရလဒ်ကောင်းဖို့ လိုအပ်နေပါတယ်။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ နိုင်ပွဲပျောက်ဆုံးခဲ့တာဆိုရင် ပွဲစဉ် ၁၃ ပွဲထိရှိခဲ့ပြီး လက်ရှိအဝေးကွင်းနိုင်ပွဲကလဲ တစ်ပွဲသာရှိထားပါတယ်။ ဒါကြောင့် အခုလို ခြေစွမ်းပိုင်းကျဆင်းနေတဲ့အသင်းချင်း ဆုံတွေ့တဲ့ပွဲစဉ်မှာ အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမဲ့ စိန့်ပေါ်လီအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

### စိန့်ပေါ်လီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စိန့်ပေါ်လီ | ၁ | - | ၁ | ဝါဒါဘရီမင် |
| အော့စ်ဘတ် | ၂ | - | ၁ | စိန့်ပေါ်လီ |
| လေဗာကူဆင် | ၃ | - | ၀ | စိန့်ပေါ်လီ |
| စိန့်ပေါ်လီ | ၂ | - | ၁ | စတုဂတ် |
| လေဗာကူဆင် | ၄ | - | ၀ | စိန့်ပေါ်လီ |

### ဝါဒါဘရီမင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | ၁ | - | ၀ | ဝါဒါဘရီမင် |
| ဝါဒါဘရီမင် | ၀ | - | ၂ | ဟော်ဖန်ဟိမ်း |
| ဝါဒါဘရီမင် | ၁ | - | ၁ | ဂလာဘတ် |
| ဖရိုင်းဘတ် | ၁ | - | ၀ | ဝါဒါဘရီမင် |
| ဝါဒါဘရီမင် | ၀ | - | ၃ | ဘိုင်ယန်မြူးနစ် |

### ဘာစီလိုနာအသင်းပဲ အနိုင်ရသွားပါလိမ့်မယ်

စပိန်လာလီဂါပွဲစဉ်ထဲက နောက်ဆုံးရွေးချယ်ပေးချင်တဲ့ပွဲစဉ်ကတော့ ဘာစီလိုနာနဲ့ လီဗန်တေးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ စပိန်လာလီဂါပွဲစဉ်(၂၅)အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပြီးခဲ့တဲ့ပွဲစဉ်တွေမှာတော့ ဘာစီလိုနာအသင်းက အဝေးကွင်းမှာ ဂျီရိုနာအသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ထားပါတယ်။ ဘာစီလိုနာအသင်းအတွက် စပိန်ကိုပါဒယ်ရေးဖလားပွဲစဉ်မှာ အေတီကိုအသင်းကို လေးဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်အပြီး နောက်ဆုံးနှစ်ပွဲဆက် ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ အမှတ်ပေးဇယားအဆင့်(၁)နေရာကို ရီးရဲလ်မက်ဒရစ်အသင်းထံ ပြန်လည်ပေးအပ်ခဲ့ရပြီး အခုဆိုရမှတ်နှစ်မှတ်ကွာဟသွားခဲ့ပါပြီ။ ဘာစီလိုနာအသင်းအနေနဲ့ ချန်ပီယံဆုအတွက် လက်ကျန်ပွဲစဉ်တွေမှာ အမှားခံတော့မှာမဟုတ်ဘဲ အခုပွဲစဉ်မှာဆိုရင် အိမ်ကွင်းပွဲစဉ်ဖြစ်တဲ့အတွက် အဘက်ဘက်က အသာရနေတဲ့လီဗန်တေးအသင်းကို အကောင်းဆုံးဖိအားပေးကစားလာပါလိမ့်မယ်။

တန်းဆင်းဇုန်အတွင်း အမှတ်ပေးဇယားအဆင့်(၁၉)နေရာမှာ ရပ်တည်နေတဲ့လီဗန်တေးအသင်းအနေနဲ့ နောက်ဆုံးသုံးပွဲဆက်ရှုံးနိမ့်ထားတဲ့အသင်းပါ။ သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီမှာ ပွဲစဉ် ၂၄ ပွဲကစားထားပြီး လေးပွဲသာအနိုင်ရထားကာ ခြောက်ပွဲသရေ၊ ၁၄ ပွဲရှုံးနိမ့်ထားပါတယ်။ လီဗန်တေးအသင်းအနေနဲ့ အဆင့်(၁၈)နေရာက မာယော့ကာအသင်းနဲ့ လေးမှတ်၊ တန်းဆင်းဇုန်အထက် ဗယ်လ်ကာနိုအသင်းနဲ့ ငါးမှတ်ထိကွာဟနေတာကြောင့် လက်ကျန်ပွဲစဉ်တွေမှာ ရလဒ်ကောင်းဖို့ လိုအပ်နေပြီး တန်းကျန်ရစ်ဖို့ ကြိုးစားကစားလာမှာပါ။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ အခုဆုံတွေ့ရမဲ့ ဘာစီလိုနာအသင်းကလဲ ချန်ပီယံဆုအတွက် အမှားခံလို့မရတဲ့အသင်းဖြစ်ပြီး ခြေစွမ်းပိုင်းကလဲ အဘက်ဘက်က အသာရနေတဲ့အသင်းပါ။ ဒါကြောင့် အခုပွဲစဉ်မှာ ဘာစီလိုနာအသင်းပဲ အနိုင်ရသွားပါလိမ့်မယ်။

### ဘာစီလိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အဲချီ | ၁ | - | ၃ | ဘာစီလိုနာ |
| အဲဘာစီးတီး | ၁ | - | ၂ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၃ | - | ၀ | မာယော့ကာ |
| အေတီကို | ၄ | - | ၀ | ဘာစီလိုနာ |
| ဂျီရိုနာ | ၂ | - | ၁ | ဘာစီလိုနာ |

### လီဗန်တေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗန်တေး | ၃ | - | ၂ | အဲချီ |
| လီဗန်တေး | ၀ | - | ၀ | အေတီကို |
| ဘီလ်ဘာအို | ၄ | - | ၂ | လီဗန်တေး |
| လီဗန်တေး | ၀ | - | ၂ | ဗလင်စီယာ |
| လီဗန်တေး | ၀ | - | ၁ | ဗီလာရီးရဲလ် |

## ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို ၁၈-၂-၂၀၂၆ ရက်နေ့ (အစား) ၂၈-၂-၂၀၂၆ ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

### လျှောင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့်အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။



၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။



၃။ အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။



### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# မင်းကင်းမြို့နယ် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၉၅ ဧကကျော် စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်မင်းကင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၅၆၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၁၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မင်းကင်းမြို့နယ် ဒီနှစ် နွေသီးနှံစိုက်ရာသီ စပါးဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပညာပေးသင်တန်းများ ဆောင်ရွက်ခြင်းလုပ်ငန်း တို့ကို ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

စပါးကိုအထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပန်းခရုပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ပန်းခရု ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ပန်းခရု ပိဿာချိန် ၄၅၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီလအတွင်း ပန်းခရု ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်က ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ပန်းခရု ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းခရုတွေရဲ့ လတ်ဆတ်မှုနဲ့ သန့်ရှင်းမှုအပေါ် မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲ ရှိပါတယ်။ ပန်းခရုတွေကို လတ်တလောပင်လယ်စာ အရောင်းဆိုင်တွေက အဝယ်လိုက်နေတာကြောင့် အခုလိုတင်ပို့အားတက်လာပြီး ရေလုပ်ငန်းရှင်တွေနဲ့ အရောင်းအဝယ်သမားတွေက အဓိကအဆင်ပြေနေပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ပန်းခရု တစ်ပိဿာလျှင် ၁၉၅၀၀ မှ ၂၅၀၀၀ ထိ ပေါက်ဈေးရှိပြီး အဆိုပါဒေသမှ ပန်းခရုများအပြင် အခြားရေထွက်ကုန်များ၊ တင်ပို့အားကောင်းလာသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ အဆင်ပြေလျက်ရှိကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက သိရသည်။

**ကျော်ကျော်လင်း**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family




နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

## ကန့်ကွက်နိုင်ပါသည်

ပြင်ဦးလွင်မြို့နယ်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာမြို့သစ်၊ စစ်ကိုင်းလမ်း ၁-၃၅ တွင် နေထိုင်သော နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/ရမသ(နိုင်)၀၅၇၈၀၁) ကိုင်ဆောင်သူ ဦးဗိုလ်ဝင်းသည် မိမိလက်ရောက် ပိုင်ဆိုင်သော ပြင်ဦးလွင်မြို့နယ်၊ သပြေရေကျေးရွာအရှေ့၊ ကွင်းအမှတ်(၇၃၁) ဧရိယာမြေအကျယ် ပေ ၁၀၀ x ၆၀ မြေအား ရောင်းချမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဦးဗိုလ်ဝင်း(၉/ရမသ(နိုင်)၀၅၇၈၀၁)

## ဒေါ်အေးအေးသွင် အသက် (၆၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းကွက်သစ်နေ(ဦးအောင်သွင်) + ဒေါ်ကျင်အီ၏သမီးကြီး၊ (ဦးတင်ထွေး + ဒေါ်ခင်ညွန့်ညွန့်)တို့၏သမီး ချွေးမ၊ ဦးသက်တင်ဝင်း + ဒေါ်မူမူသွင်၊ ဒုတိယရဲမှူးကြီးထွန်းထွန်းဝင်း + ဒေါ်မိုးမိုးသွင်တို့၏အမကြီး၊ ဒေါ်ဆုမြတ်သူ (အထကခွဲ-၂၉)၊ ဗိုလ်ကြီးထက်နိုင်ဝင့်တို့၏ မွေးသမိခင်၊ **ဦးထွန်းထွန်းဦး၏ချစ်လှစွာသောဇနီး**

**အလယ်တန်းပြဆရာမ(ငြိမ်း)၊ အထက(၃၂)ပြည်ကြီးတံခွန်**

**ဒေါ်အေးအေးသွင် အသက် (၆၃)နှစ် သည်**

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်၊ ၂၀-၂-၂၀၂၆(သောကြာနေ့)၊ နံနက်(၁၁:၄၅)နာရီအချိန်တွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်အား ၂၂-၂-၂၀၂၆(တနင်္ဂနွေနေ့) မွန်းတည့် (၁၂:၀၀)နာရီအချိန်တွင် ပုသိမ်ကြီးမြို့နယ်၊ အောင်မြေမန္တလာဝန်ထမ်းအိမ်ရာ တိုက်အမှတ်(A/4) အခန်းအမှတ်(103) နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၂၆(အင်္ဂါနေ့) နံနက်(၉:၀၀)နာရီတွင် ရက်လည်ဆွမ်းသွပ်တရားနာမည်ဖြစ်ပါသဖြင့် တရားတော်အတူတကွနာကြားနိုင်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အိမ်ပြင်ပဦ်ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သုံးတောင်ကျေးရွာ၊ အထက(ခွဲ)သုံးထောင်ကျောင်း၊ Grade-11 တွင် တက်ရောက်ပညာသင်ကြားနေသော မောင်ရိုသွီး၏အမည်မှန်မှာ မောင်ရီသီးဖြစ်၍ မွေးသက္ကရာဇ်မှာ ၁၆-၂-၂၀၀၆ ဖြစ်ပြီး မိဘအမည်မှန်မှာ ဦးရားပေ့ါနှင့် ဒေါ်သရင်းသေး တို့ဖြစ်ပါကြောင်း။ **ဦးရားပေ့ါ၊ ဒေါ်သရင်းသေး၊ ၁၆-၂-၂၀၀၆**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်မြို့၊ မန်ခွန်ရပ်ကွက်နေ (ဘ) ဦးအယ်ပါန်၏သား စိုင်းအိုက်ဆမ်း (ခ) သိန်းဟန်(၁၃/ဟပတ(နိုင်)၀၁၂၄၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-448594471**

## ပျောက်ဆုံးကြောင်း

မတ္တရာမြို့နယ်၊ အမှတ်(၂) ဘူတာရပ်နေ ဦးခင်မောင်လွင်၏သမီး မသွယ်သွယ်(၉/မတရ(နိုင်)၂၆၃၄၂၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-834017)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-761305383**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဒိဗ္ဗာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက် ကိုစိုး

❖ ကျောင်းသား၊ကျောင်းသူများ၏ စိတ်ဓာတ်၊စည်းကမ်း၊ပညာကို မှန်ကန်အောင်တည့်မတ်ပေးရေးသည် ဆရာ၊ဆရာမများ၏ တာဝန်ပင်ဖြစ်...

❖ မောင်တို့မယ်တို့ကဲ့သို့ တိုင်းရင်းသားဆရာ၊ဆရာမများသည် အနာဂတ်နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသဖြင့် ကျောင်းဆင်းပြီးကျရာဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တ ဆိုသည့် ဗလငါးတန်နှင့်ပြည့်ဝသော ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန် အလေးထားမှာကြားလို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက FPV Suicide Drone များဖြင့် ယုတ်မာပက်စက်စွာ ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးစေရန်၊ အစိုးရ၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် အခြေခံအဆောက်အအုံများ၊လမ်း၊ တံတားများ၊ စာသင်ကျောင်းများ၊ ဆေးရုံများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ရှော့တိုက်ဒုံးများဖြင့် အဝေးမှ ပစ်ခတ်ခြင်း၊ Drone များ အသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဆောင်ရွက်လျက်ရှိသည့်အပြင် ဖေဖော်ဝါရီ ၁၂ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လေဆိပ်ကို FPV Suicide Drone များအသုံးပြု၍ တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ယနေ့ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင်လည်း KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည်

**စာမျက်နှာ ၂၃ ကော်လံ ၁ ❍**

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600အမျိုးအစား ခရီးသည်တင်လေယာဉ်ကို တွေ့ရစဉ်။





# BNRA အမည်ခံအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင်အပါအဝင် အဖွဲ့ဝင် ငါးဦး တပ်မတော်လုံခြုံရေးစခန်းမှတစ်ဆင့် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

PDF အပါအဝင် အကြမ်းဖက်အဖွဲ့များသည် နိုင်ငံတော်အစိုးရနှင့်တပ်မတော်ကို ဆန့်ကျင်တိုက်ခိုက်ခြင်း၊နယ်မြေခံပြည်သူလူထုများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် ၎င်းတို့အဖွဲ့များအချင်းချင်း အချိန်ကြာမြင့်လာသည်နှင့်အမျှ ကိုယ်ကျိုးစီးပွားကို အခြေခံ၍ နယ်မြေလုခြင်း၊ ဝေစုမတည့်ခြင်း၊ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း စသည်တို့ဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်းခေါ် နဂါးအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှုများကို မနှစ်မြို့တော့ခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံလာခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ပြီး အဆိုပါသတင်းကို ထုတ်ပြန်ပြီးဖြစ်သည်။

ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာမှုကြောင့် ယနေ့မွန်းလွဲပိုင်းတွင် BNRA အမည်ခံအဖွဲ့မှ

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

BNRA အမည်ခံအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင်တစ်ဦး၊ တတိယတာဝန်ခံအဆင့်ရှိသူတစ်ဦး အပါအဝင် အဖွဲ့ဝင် ငါးဦး လက်နက်၊ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ်။